www.burmeseclassic.com

# အဝါရောင်အလွမ်းစကား
# အပြာရောင်အခမ်းအနား

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊


## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

# ဝဝ ဒီနှင်းခ

အဝါရောင်အလွမ်းစကား

အပြာရောင်အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒီနိုင်းခ
အဝါရောင်အလွမ်းစကား အပြာရောင်အခမ်းအနား/
ဒီနိုင်းခ၊ ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၁။
၂၅၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁)အဝါရောင်အလွမ်းစကား အပြာရောင်အခမ်းအနား



ပွဲတော်သို့ ..
နွဲ့ပျော်ဖို့လာကွယ် ..
အပဲကြော် ကြက်ကြော်
အရက်တော် ..တော်ရုံစိုပါစိုး
ကဲပျော်သူတို့ပွဲ ..။

*(သုံးချိုး)*
*ရေးသူ။ ။ အလင်္ကာတစ်ချိုးကျန် ဆရာဖဲ*



www.burmeseclassic.com

www.burmeseclassic.com










ကျွန်တော်ပြောတာ နားထောင်ပေးကြပါဗျာ ..။

နေ့တစ်နေ့ ညတစ်ညကို ဖြတ်လျှောက်ဖို့ အမြဲသတိဝီရိယ ကောင်းတဲ့ နာရီလက်တံလို ..။

ဒါမှမဟုတ်ရင် အလုပ်ဆင်း အလုပ်တက် ရက်ပျက်မရှိတဲ့ စံပြဝန်ထမ်းကောင်းတစ်ဦးလို သူ့အမုန်းက အံ့ဩဖို့ ကောင်းလွန်း ပါတယ်။

ကျွန်တော်ချစ်တဲ့ ကောင်မလေးက ကျွန်တော့်ကို မုန်းတဲ့ အမုန်းကို တစ်ချိန်ချိန်မှာ ချိုမြိန်တဲ့သစ်သီးတွေ သီးလာမယ်လို့ ယုံကြည်ချက်နဲ့ ပြုစုပျိုးထောင်သလို ပျိုးထောင်လာခဲ့တာ ..။

ကျွန်တော့်လို အချိန်မှန်မှန် အမုန်းခံကွန်ရက်မှာ မိနေသူ တိုင်း နားလည်ကြမှာပါ။

အဝါရောင်နေ့ခွဲတွေကိုချစ်တဲ့ မိနိုး ..။



www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်ပွဲတော် တစ်ခုမှာ မထင်မှတ်ဘဲ မသိမသာ ထိရှတဲ့ ဆူးသွားလေးလို သူ့ရဲ့အမုန်းက ခပ်ဖွဖွလေး ရှမိရုံပါ။

ကျွန်တော်နဲ့ သူက ကားဒရိုင်ဘာနဲ့ မော်တော်ပီကယ်လို အဖြစ်မျိုး .. အချစ်မျိုး ..။





ဆရာမင်းလူက တူးပို့တူးပို့တေးသံ ဓော်ဝမ်းနဲ့ ဂျစ်ကား မပါရင် သင်္ကြန်မပီသဘူးလို့ပြောတာ သိပ်မှန်တယ်။

ထပ်ဆောင်းပြောရရင် ဒီဘက်ခေတ်ထဲမှာ သင်္ကြန်နီးရင် ဘာဟစ်ဟော့ပ်ခွေထွက်မလဲ နားစွင့်ရပါသေးတယ်။ ကိုကြီးကျော် လား၊ မနဲ့လေးလား၊ ဘယ်လို (Remix) လုပ်မလဲ။ အခုတော့ သင်္ကြန်နဲ့ ဟစ်ပ်ဟော့၊ နတ်ဒိုးတွေလည်း အသားကျနေပါပြီ။

ကိုကြီးကျော်လည်း မဏ္ဍပ်ပေါ်ရောက်နေပြီ။ ဘယ်နတ်မင်းတွေ ထပ်ရောက်လာဦးမလဲ မသိပါ။

"ဟော .. နောက်မှာ ကား .."

မိုးဆွေ လှမ်းသတိပေးသံကြောင့် တဏ္ဍစီပေါ်ကနေ အိတ်တစ်ဖက်နဲ့ နောက်ကိုမကြည့်ဘဲဆင်းဖို့ တာစူနေတဲ့ ဟသ်ာ ကားတံခါးကို အမြန်ပိတ်လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်သွားတဲ့ တက္ကစီသမားက မကျေမနပ် ကြည့်သွားပါတယ်။ သူစီးလာတဲ့ ကားဆရာက …

"တော်သေးတာပေါ့ဗျာ .. ကျုပ်ကားတံခါးလေး အသက်မသေဘဲ ကျန်ရစ်ခဲ့လို့ .."

သူ့ထက် သူ့ကားတံခါးကို ကားဆရာက စိုးရိမ်နေသေးတယ်။ ကိုယ်လည်း ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘာမှပြောစရာမရှိ။

ကားခပေးပြီး ကားပေါ်ကဆင်းလာရင်း သူ့ကိုကယ်တင်လိုက်တဲ့ သူ့လိုခရီးသည် ဖြစ်ဟန်တူသူ၊ သူနဲ့ရွယ်တူ လူငယ်လေးရဲ့ ဘေးကခုံမှာ ဝင်ထိုင်ရင်း …

"ကျေးဇူးပဲဗျာ"

မိုးဆွေ က အပြုံးနဲ့ ညွှန်ခံရင်း …

"ရပါတယ်ဗျာ .. ကိစ္စမရှိပါဘူး"

"ဒါနဲ့ ခင်ဗျားက ဘယ်လဲ"

"ချောင်းသာ .."

မိုးဆွေ စကားကြောင့် ဟသ်ာ ဝမ်းသာအားရနဲ့ …

"ဟာ .. ကျွန်တော်လည်း ချောင်းသာပဲသွားမှာ .."

ဟသ်ာ က လက်ကမ်းပေးတော့ မိုးဆွေ က အလိုက်တသိလက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။

"ဘယ်ကားလဲ၊ ဘယ်နှစ်နာရီလဲ"

မိုးဆွေ စီးရမယ့်ကားနဲ့ နာရီကိုပြောတော့ …





"ဟာ .. ကျွန်တော်လည်း အဲဒီကားပဲဗျ၊ အတော်ပဲ .. ချောင်းသာမှာ အတူတူကဲရတာပေါ့၊ ဒါနဲ့ ခင်ဗျားက တစ်ယောက်တည်းလား"

မိုးဆွေ ခေါင်းညိတ်ပြရင်း …

"အင်း … ကျွန်တော်က ခင်ဗျားတို့လို ပျော်လို့မရဘူးဗျ"

ဟသ်ာ မျက်မှောင်ကြုတ်ကြည့်ရင်း …

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က အလုပ်နဲ့လာတာ၊ ကျွန်တော့်အစ်ကိုက ကျွန်တော် လျှောက်ထားတဲ့အလုပ် မရခင်စပ်ကြား သူ့ဟိုတယ်လ်မှာ ဟိုတယ်ဝန်ထမ်း လာလုပ်ပေးပါတဲ့၊ ကျွန်တော့်အစ်ကိုဝမ်းကွဲပေါ့ဗျာ"

ဟသ်ာ သက်ပြင်းကျိတ်ချမိပါသည်။ သူ့ရှေ့က လူရွယ်က အကဲခတ်မိရသလောက်တော့ သူတို့လို ပြည့်စုံကြွယ်ဝတဲ့ ဧရိယာထဲကတော့ ဖြစ်ပုံမရပါ။

ဒါပေမယ့် သူ့ပုံစံက ရိုးသားအေးဆေးတဲ့ဟန် အပြည့်။ ဟသ်ာ မြင်မြင်ချင်း ရင်းနှီးခင်မင်မိတာကြောင့် …

"အေးဗျာ .. ခင်ဗျားကိုတော့ မြင်မြင်ချင်း ခင်သွားပြီ၊ ကျွန်တော့်နာမည်က ဟသ်ာ .."

"ဟုတ်ကဲ့ .. ကျွန်တော် မိုးဆွေပါ"

"ဒါနဲ့ ခင်ဗျားအစ်ကို …"

www.burmeseclassic.com



"အစ်ကိုဆိုပေမယ့် အစ်ကိုဝမ်းကွဲပေါ့၊ သူက ဟိုတယ်မန်နေဂျာလေ"

မိုးဆွေ က ကိုလတ် ရဲ့ ဟိုတယ်နာမည်ကို ပြောပြလိုက်သည်။

"ကျွန်တော့်ဖေဖေက မရှိတော့ဘူးလေ"

"ဘယ်သွားနေလို့လဲ"

"သေမင်းဆီ .."

မိုးဆွေ က ရိုးရိုးသားသားပြောပေမယ့် ဟသ်ာ အားနာသွားကာ ...

"ဟာ .. ဆောရီး"

"ဟုတ်တယ်ဗျ၊ ဖေဖေက ဆောရီးတောင်မပြောဘဲ ဆုံးရှာတာ"

အရေးထဲ မိုးဆွေ က ဘယ်လိုအတွေးပေါက်သည်မသိ..။

"မေမေကတော့ ဆရာမပေါ့"

"ဩော် .. ကလေးတွေကို စာသင်တာလား"

"ဟင့်အင်း .. လူကြီးတွေကို စာသင်တာ၊ အထက်တန်းပြလေ"

မိုးဆွေ ဆိုတာ အဲဒီလိုလူ။ ဟသ်ာ က မိုးဆွေ ကို ငယ်ပေါင်းကြီးဖော်တွေလို ပခုံးဖက်လိုက်ပြီး ...

"မင်းကိုတော့ ငါ ခင်သွားပြီ မိုးဆွေ၊ ဟော .."





ဟသ်ာ သူတို့ဆီ အိတ်တွေကိုယ်စီနဲ့ မနိုင်မနင်းလျှောက်လာတဲ့ ကိုထက် တို့သုံးယောက်ကို တွေ့တော့ ...

"ဒီမှာ .. ကိုထက်"

ကိုထက် တို့ သုံးယောက် မိုးဆွေ ကို စူးစမ်းဟန်နဲ့ ကြည့်ကြတော့ ဟသ်ာ က မိတ်ဆက်ပေးလိုက်သည်။

"ကိုထက် .. ဒါ ငါ့သူငယ်ချင်း"

အောင်ကျော် က မေးသည်။

"ဘယ်တုန်းက သိတာလဲ"

မိုးဆွေ က ပြုံးလိုက်ပြီး ...

"ခုမှ ရင်းနှီးတာ .."

"တော်တော်ကြာပြီပဲ"

အောင်ကျော် တို့က ပျော်ပျော်ပါးပါးသမားတွေ။ ရေခဲတုံးကို အပူပေးပြီး ဆီစိမ်စက္ကူနဲ့ကပ်သလောက်ကို အပျော်သမားစစ်စစ်တွေပါ။ အခုလည်း ကြည့်လေ .. ရန်ကုန်သင်္ကြန် ရိုးလွန်းသည်ဆိုပြီး အကြောင်းပြကာ ချောင်းသာသင်္ကြန်ကို ကဲဖို့ ထွက်လာကြတာပဲ ကြည့်။

"ဟိုမှာ ဟိုတယ်တွေ နေစရာရော ရပါ့မလားကွာ"

ကိုထက် က စိုးရိမ်တကြီးနဲ့ပြောတော့ မိုးဆွေ က ...

"ဟသ်ာ .. မင်းမှာ ဖုန်းပါလား"

"အင်း .. ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းစားမလို့ .."

"ဟာကွာ .."

မိုးဆွေ က ဟသ်ာ ဖြစ်ပုံကြောင့် ရယ်ကာ ...

"အလကား စတာပါကွာ"

"နောက်ဆို ပိုက်ဆံပေး စ,ကွာ"

ဟသ်ာ က သူ့ရဲ့ဖုန်းကို လှမ်းပေးတော့ မိုးဆွေ ကိုလတ်ဆီ ဖုန်းဆက်ကြည့်လိုက်သည်။

"ဟလို .. ကိုလတ် လား .. ဟုတ်တယ် .. ကျွန်တော် မိုးဆွေ ကိုလတ်၊ ဟုတ်ကဲ့ .. လာနေပြီ ကိုလတ်၊ ကားမထွက်သေးဘူး၊ ဟိုလေ .. အခန်းလွတ်ရှိသေးလား၊ အဆင်ပြေအောင် လုပ်ပေးပါ ကိုလတ် .. နော်၊ သူငယ်ချင်းဆိုပါတော့ .."

ဖုန်းပြောနေပုံကြောင့် ကိုထက် အားတက်သွားပါသည်။ ကိုထက် က မိုးဆွေ ကို ဟိုတယ်ပိုင်ရှင်သားလို့ ထင်နေပုံရသည်။

"လေးယောက် အစ်ကို၊ ဟုတ်လား ဟသ်ာ"

ဖုန်းကို လက်နဲ့ကာရင်းပြောတော့ ဟသ်ာ က ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ .. စိတ်ချပါ၊ ကဲ .. အဆင်ပြေတယ် ဟသ်ာ"

ဖုန်းကိုပိတ်ပြီး ဟသ်ာ ကို ပေးတော့ ကိုထက် က မိုးဆွေ ပခုံးကို ပုတ်ပြီး ...





"ကျေးဇူး အလွန့်အလွန်တင်ရှိကြောင်းပါ၊ ဘယ်သူ .."

"ကျွန်တော့်နာမည် မိုးဆွေ .."

ဟသ်ာ ကြားကနေ မိတ်ဆက်ပေးသည်။

"မိုးဆွေ .. ဒါ ငါ့သူငယ်ချင်းတွေပဲကွ၊ သူက ကိုထက် .. ထက်မင်း"

"ဗျာ .. ထက်လင်း၊ ရင်လူးဆေးပေါ့"

မိုးဆွေ က အတည်ရုပ်နဲ့ နောက်တတ်ပုံပေါ်သည်။

"ရင်မလူးချင်ရင် ကျောလူးလို့ရတဲ့ ထက်မင်း"

"ဒီကောင်က တင်သော်"

"ဖင်ပေါ် .. ရှက်စရာကြီးဗျာ"

"ပေါ်ပေါ်လို့ ခေါ်ချင်ခေါ်ပေါ့"

"သူက မင်းနိုင်"

"ဟာ .. တစ်ရပ်ကွက်တည်းသားတွေပဲ၊ ကျွန်တော်က မင်းမနိုင်မှာ နေတာ"

ကိုထက် က တွေးတွေးဆဆနဲ့ ပြောသည်။

"ဒါနဲ့ မိုးဆွေ က ဟိုတယ်ပိုင်ရှင်သားလား"

ကိုထက် စကားကြောင့် ဟသ်ာ နဲ့ မိုးဆွေ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ရယ်ကြတော့ ကိုထက် တို့က ကြောင်တောင်တောင် ဖြစ်ကုန်ကြသည်။ မိုးဆွေ က အပြုံးမပျက် ...

"ကျွန်တော်က ချောင်းသာဟိုတယ်မှာ ဟိုတယ်ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ သွားမှာ''

''အမ် ..''

ကိုထက် တို့ ပါးစပ်အဟောင်းသား ..။

''ဟော .. လာကြပြီ''

သူတို့အနားကို ကိုယ်ပိုင်ကားအနီရောင်လေး ထိုးဆိုက်ပြီး ခေတ်ရဲ့အလှအပတစ်သိုက် ပြုံဆင်းလာပါသည်။ တော်တော်လှတဲ့ နတ်မိမယ်လေးတွေပါ။ ကိုယ်ပိုင်ကားလေး ပြန်ထွက်သွားတော့ အလှဆုံးထဲက အလှအပတစ်ယောက်က ကိုထက် ကို မြင်တွေ့သွားပြီး ...

''ကိုထက် ..''

ကောင်မလေးတွေ သူတို့ဆီ ဦးတည်လျှောက်လာပါတယ်။ တဖြည်းဖြည်း နီးကပ်လာခြင်းနဲ့အတူ အနက်ရောင် ကိုယ်ကျပ်ဝတ်စုံလေးနဲ့ ကောင်မလေးရဲ့မျက်နှာနဲ့ မိုးဆွေ ရဲ့မျက်နှာတွေဟာ တဖြည်းဖြည်း ခံစားချက်တွေ ပြောင်းပြောင်းလာပါတယ်။

သူမရဲ့မျက်လုံးတွေကို ကာကွယ်ထားတဲ့မျက်မှန်ကို ဆွဲချွတ်လိုက်တဲ့အခါ ဟစ်တလာကိုတွေ့လိုက်တဲ့ ဂျူးလူမျိုးတစ်ယောက်ရဲ့ မျက်လုံးထဲက ဒေါသတွေကို ရုတ်တရက် မြင်လိုက်ရသလိုမျိုး ..၊ မိုးဆွေ ကတော့ အပြစ်ရှိသူတစ်ယောက်လို ခေါင်းကိုငုံ့လို့ပေါ့။

''တောက် ..''





အံကို ကြိတ် ..၊ လက်သီးကိုဆုပ်ကာ လှည့်ထွက်သွားပုံကြောင့် ...

''မိနိုး .. ဟဲ့ ...''

သူမ နောက်ကို ကောင်မလေးနှစ်ယောက်က အပြေးလိုက်သွားပါတယ်။ ကိုထက် ဘေးက ကောင်မလေးက မိုးဆွေ ကို အားနာရမလိုလို ဖြစ်နေပုံ ..။

''ဘာတွေဖြစ်ကြတာလဲ''

''မသိဘူးလေ ရှုးရှုး''

မိုးဆွေ က ခပ်လှမ်းလှမ်းမှာ ငူငူငိုင်ငိုင်နဲ့ သွားထိုင်တော့ဟသာ မိုးဆွေ ဆီ လျှောက်သွားရင်း ဘေးမှာဝင်ထိုင်လိုက်ကာ...

''စိတ်မကောင်းမဖြစ်ပါနဲ့ကွာ .. ဒါနဲ့ အဲဒီကောင်မလေးနဲ့ မင်းနဲ့ ရန်ငြိုးရှိလို့လား''

မိုးဆွေ သက်ပြင်းကျိတ်ချမိသည်။

''မတော်တဆပါကွာ''

''မတော်တဆ ..''

မိုးဆွေ နာနာကျင်ကျင် ပြုံးမိသည်။

အရာခပ်သိမ်းသော ထင်ရှားကျော်ကြားတဲ့ အမုန်းတွေကို ဖိတ်ခေါ်ပြီး သူမ ကျွန်တော့်ကို မုန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မယူလို့မရဘူး သမီး၊ ငါနဲ့ မြတ်ထွန်း သားရေးသမီးရေး ကိစ္စ အလုံးစုံ ပြောပြီးပြီ"

"အလုံးပဲစုံစုံ .. အပြားပဲစုံစုံ သမီး မယူနိုင်ဘူး ဒက်ဒီ၊ ဒီကိစ္စ သမီးကို အရင်တိုင်ပင်သင့်တယ် ဒက်ဒီ"

ခူးခူး ဒေါသလည်း ထွက်၊ စိတ်လည်း တိုမိပါသည်။ အခုကျမှ ရုတ်တရက် သကြန်ပြီးရင် ဆေ့စပ်မယ်၊ သိပ်မကြာခင် လက်ထပ်မယ်တဲ့ ..။

သတို့သားလောင်းက လူမြင်ဖူးဖို့ ဝေးစွ၊ နာမည်တောင် အခုထိ မသိသေး။ မသကာ သမီးရယ် .. ဒါက ဒီလိုရှိတယ်၊ ကောင်လေးက အောက်ပိုင်းကောင်းပါတယ်၊ ဘော်ဒီက အလတ်ကြီး ရှိသေးတယ်၊ လိုင်စင်ဝင်ထားတာ မကြာသေးဘူး.. အဲဒီလို ဘာညာကွိကွ ပြောပေါ့။

သမီး စမ်းမောင်းကြည့်မလား၊ ဝယ်လက် လိုက်နေတယ်.. ဘာညာပေါ့။





အခုတော့ တိုက်ထားတဲ့ကားအိုကို ဆေးဖို့ပြီး အတင်းကြီး ...င်းနေတဲ့ပုံစံ။ ကိုယ့်လက်ထဲကျမှ အင်ဂျင်ကျသွားရင် ဘယ် ...ုပ်မလဲ ..။

ဒက်ဒီဆိုတာကလည်း ဖေဖေပါပဲ .. အဲ .. မာမီပါပဲ။ ...မရှိတဲ့နောက် ကုမ္ပဏီတစ်ဖက်၊ ကာရာအိုကေတစ်ဖက် .. ...သ .. သမီးတစ်ဖက်နဲ့ အလုပ်ရှုပ်နေတဲ့ ဒက်ဒီ၊ နောက်မိန်းမ ...ဝေးစွ။

ဖေဖေ့ကို မေမေဆုံးပြီးကတည်းက လာစပ်ဟပ်ကြသူတွေ ...သည်။ ဖေဖေက မိန်းမဆို အထည်ချုပ်စက်ရုံရှေ့တောင် ဖြတ် ...လျှောက်။ (အဲဒီရှေ့ကနေ ကားနဲ့ပဲဖြတ်တာ ..)

"ခူးခူး .. ဒယ်ဒယ်ပြောတာ လိုက်နာစမ်းပါ၊ ဒါနဲ့ သမီး ...ကြန်ကို ဘယ်မှာလည်မှာလဲ"

"မိနိုး တို့ ခြံဘေးမှာ .."

ဦးထက်ဝေ စူပုပ်ပုပ်မျက်နှာနဲ့ သမီးကို ငုံ့ကြည့်သည်။

"ဒါဆို ဒယ်ဒယ် စိတ်ချမယ်နော်၊ မနက်ဖြန် ဒယ်ဒယ် ...လုပ်ကိစ္စနဲ့ စင်္ကာပူသွားစရာရှိတယ်၊ လေဆိပ်လိုက်မပို့နဲ့တော့"

ခူးခူး မကျေမနပ်နဲ့ ခေါင်းညိတ်ပြလိုက်သည်။ ဖြစ်ချင်တော့ ...ာက်တစ်နေ့ ဒယ်ဒယ် လေဆိပ်ကိုသွားပြီး နာရီပိုင်းအကြာမှာ ...းတာ ဝင်လာပါသည်။

"ဟဲ့ .. ခူးခူး၊ ငါ မိနိုး ပါဟဲ့၊ အေး .. ဒီနေ့ ချောင်းသာ



www.burmeseclassic.com

www.burmeseclassic.com



သွားမလို့၊ ရေမိုးချိုး ပြင်ဆင်ထား၊ နောက်တစ်နာရီကျော်ဆို လာခေါ်မယ်''

''ဟာ .. ဘယ်လိုဖြစ်တာလဲ''

''ဒီမှာက မဏ္ဍာပ်ဆောက်ဖို့ အဆင်မပြေဘူး၊ အဲဒါနဲ့ ဝေသူတို့က ချောင်းသာသွားမယ်ဆိုပြီး ချောင်းသာဟိုတယ်ကို ဘွတ်ကင် လုပ်လိုက်တယ်လေ၊ နင် လိုက်မယ်မှတ်လား''

''ဟာ .. ခုမှတော့ လိုက်ရတော့မှာပေါ့၊ ဒါဆို ငါ ရေမိုးချိုးပြီး ပစ္စည်းတွေ ထည့်ထားလိုက်မယ် .. ဝင်ခေါ်နော်''

''အေးပါဟဲ့''

အဲဒီလိုနဲ့ ခူးခူး လည်း အိမ်က အမျိုးမကောင်းတဲ့ လူယုံတော်ဒေါ်ထွေးကို ဖေဖေဖုန်းဆက်ရင် ချောင်းသာသွားတယ်ပြောခိုင်းပြီး ထွက်လာခဲ့ပါတယ်။

ခူးခူး မျက်လုံးလေးမှိတ်ပြီး အိမ်ကထွက်လာတဲ့အကြောင်းကို စဉ်းစားနေတုန်း ခူးခူး လိုပဲ စိုးရိမ်စိတ်နဲ့ မရိုးမရွဖြစ်နေတဲ့သူက ဦးထက်ဝေ ..။

''ဦးထက် ဘာဖြစ်နေတာလဲ''

ဦးထက်ဝေ သဲသဲ ရဲ့စကားကြောင့် လန့်ဖျပ်သွားပါသည်။

''သမီးများ ရိပ်မိမလားလို့''

သဲသဲ ဦးထက် စကားကြောင့် ရှေ့ကိုခိုးကြည့်ရင်း ကျိတ်ရယ်မိပါသည်။





''မသိပါဘူး ဦးထက် ရဲ့ .. ကံကောင်းလို့နော်၊ မာမီထန်နဲ့ ဆွေလို့''

သူတို့ရှေ့က မာမီထန် က ကြားသွားပုံရသည်။

''ဟင်းနော် ... ကိုကိုလူဆိုး၊ ထန်ထန် ကို ကျေးဇူးဆပ်ရမယ်နော်''

ဦးထက် အရေးထဲ နွဲ့နေတဲ့ မာမီထန် ကြောင့် မျက်စောင်းထိုးမိပါသည်။ ဖြစ်ချင်တော့ ဦးထက်ဝေ နဲ့ သဲသဲ က ချောင်းသာမှာ အသန်းဖြေဖို့ ကြိုတင်စဉ်းစားထားပြီးသား။ ကိုယ့်ကားနဲ့ကိုယ်ဆို ကားကို အသိမိတ်ဆွေတွေ မှတ်မိမှာစိုးတာကြောင့် အများဘာကာလို ချောင်းသာသွားတဲ့ကားကို လက်မှတ်ဖြတ်လာခဲ့တာပါ။

ဖြစ်ချင်တော့ သမီးတို့အုပ်စုက ဘယ်ကနေဘယ်လို ရောက်လာသည်မသိ။

ဦးထက်ဝေ တို့က အရင်ရောက်နှင့်နေတာမို့ သမီးတို့ ကားပေါ်ကဆင်းလာတာကို မြင်လိုက်တော့ သဲသဲ နဲ့ သူ ခေါင်းကြီးသွားပါသည်။

ဦးထက်ဝေ က ခရီးစဉ်ကို ဖျက်လိုက်ချင်ပေမယ့် သဲသဲ က ချောင်းသာကို အရမ်းသွားချင်နေတာရယ်၊ လူဆိုတာ စွန့်စားမှုတစ်ခုခုနဲ့ စိုးတထိတ်ထိတ်ရှိမှ နေလို့ကောင်းတာလို့ ဆိုကြတာရယ်၊ နောက် အကြောင်းပြချက်တစ်ခုက သူမ သမီး ခူးခူးကို ဟိုမှာ ခင်မင်ရင်းနှီးအောင် နေလို့ရသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သဲသဲ ဆိုတာက ဦးထက်ဝေ ထက် အသက် အရွယ်များစွာ ငယ်ပါသည်။ သမီးတို့ထက်ကြီးလှ ငါးနှစ် ခြောက်နှစ်ပေါ့။ သဲသဲ က သူ့ကို စည်းစိမ်မက်လို့ ချစ်ခဲ့တာလည်း မဟုတ်၊ သဲသဲ အစ်ကို ဝင်းလွင် က သူ့လိုပဲ ကုမ္ပဏီထောင်ထားပါသည်။ သဲသဲ ကိုယ်တိုင်က အလှကုန်ကုမ္ပဏီတစ်ခုမှာ မန်နေဂျာတစ်ယောက်။

နောက်ဆုံးတော့ သဲသဲ ရဲ့ဆုံးဖြတ်ချက်အတိုင်း တစ်ခရီးအတူ၊ တစ်စီးတည်းသွားဖို့ ဆုံးဖြတ်ခဲ့သည်။ ဒါပေမယ့် ပုံဖျက်သွားခဲ့ရပါတယ်။

သူတို့လိုပဲ ချောင်းသာမှာ ရုပ်ရှင်ရိုက်ဖို့ ခရီးစဉ်နောက်ကျလို့ အမောတကောနဲ့ထွက်လာတဲ့ နာမည်ကြီးမင်းသမီးရဲ့မိတ်ကပ်ဆရာမ မာမီထန် က သဲသဲ ရဲ့ကုမ္ပဏီက ဖောက်သည်မို့ သူ့အကူအညီနဲ့ ရှော့ခ်ကာလိုလို အဖြူရောင်ဆံပင်ရှည်နဲ့ မျက်မှန်အနက်ကြီးတပ်ပြီး ကားပေါ်မှာ တောက်လျှောက် လိုက်ပါလာခဲ့ရပါတယ်။ အဖြစ်ကတော့ မနှစ်ကနဲ့ လုံးဝမတူ ..။





"မိုးဆွေ ကြည့်ရတာ စန္ဒီသူငယ်ချင်းနဲ့ ပြဿနာတစ်ခုခု ရှိခဲ့ပုံပဲနော်"

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေရာမှ ရုတ်တရက်ကြီး ကိုထက် လှမ်းပြောတော့ ;..

"ဘာဖြစ်ရပြန်တာလဲ"

ဟုသာ စကားကြောင့် ကိုထက် ခပ်လှမ်းလှမ်းမှာ အဖော်မပါဘဲ အပြင်ကိုငေးရင်း လိုက်ပါလာတဲ့ မိုးဆွေ ကို ငေးကြည့်ရင်း...

"သူ့ဘဝက ငါတို့လို မဟုတ်ဘူးလေ၊ ဒီခရီးကို ငါတို့လို စိတ်လွတ်ကိုယ်လွတ်နဲ့ လိုက်လာရတာ မဟုတ်ဘူး၊ ပြီးတော့ ဒီကောင့်မှာ ပြဿနာရှိရင်လည်း ငါတို့ ကူညီလို့ရတာပေါ့"

ဟုသာ စိတ်ခတ်ကလည်း ကိုထက် လိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကွာ .. မင်းနိုင် ဘေးက အန်တီကြီးကို မိုးဆွေ နေရာ ပြောင်းထိုင်ဖို့ စည်းရုံးကြည့်ပါလား၊ မိုးဆွေ ဘေးမှာလည်း မိန်းမဆိုတော့ အန်တီကြီး လက်ခံမှာပါ"

ကိုထက် စကားကြောင့် ဟသ်ာ နောက်လှည့်ပြီး...

"အန်တီ.. သားတို့ကို တစ်ခုကူညီပါလား၊ ဟို.. ကန်တော့ နော် .."

ပုတီးစိပ်ပြီး နားကြပ်နဲ့ တရားနာနေပုံရတဲ့ အန်တီကြီးက မျက်လုံးဖွင့်ပြီး နားကြပ်ကိုဖြုတ်ကာ အပြုံးနဲ့ ...

"ဘာများလဲ ကလေးတို့"

ကိုထက် က အားတုံ့အားနာပာန်မျက်နှာနဲ့ မိုးဆွေ ထိုင်နေရာ ကို ညွှန်ပြပြီး ...

"သားသူငယ်ချင်းက တစ်ယောက်တည်း သီးသန့်ဖြစ်နေ လို့"

"ဒီတော့ နေရာချင်း လဲပေးရမယ်ပေါ့"

"ဟာ .. ဟုတ်ကဲ့"

"ရတယ် သား၊ အန်တီက အဆင့်ပြေသလို နေတတ်တယ်၊ အထုပ်တွေတော့ လမ်းမှာနားမှပဲ ရှိန်းပေးတော့မယ်"

အန်တီကြီးက ထရပ်ပြီး နားကြပ်ကိုပြန်တပ်ကာ ...

"ငါတော့ မေ့လို့မရနိုင်ဘူး၊ အချစ်ဆုံးရေ .. မင်းသိလား"

သီချင်းလေးရွတ်ပြီး ထထွက်သွားတော့ သူတို့ ပါးစပ်





အဟောင်းသားပါ။ တင်သော် က ပြုံးစိစိနဲ့ ...

"ဒါပေါ့ကွာ .. ဘုရားနဲ့၊ တရားနဲ့၊ သီလနဲ့ ဂီတနဲ့ ဘယ် လောက် ကျက်သရေရှိလဲ"

သူတို့လည်း တဟီဟီနဲ့ရယ်မိကြပါတယ်။ မိုးဆွေ က ဝင် ထိုင်ရင်း ...

"ရပါတယ်ကွ .. ငါက တစ်ယောက်တည်းလည်း နေ တတ်ပါတယ်"

"ဟာ ... မင်းတစ်ယောက်တည်းကျတော့ ပျင်းစရာကြီး ... တစ်ခုရှိသေးတယ်"

ဟသ်ာ စကားကြောင့် မိုးဆွေ က ကိုထက် တို့ကို ကြည့် ... မျက်မှောင်ကုပ်ကာ ...

"ဘာများလဲ"

"မင်းနဲ့ ငါ့ကောင်မလေးရဲ့သူငယ်ချင်း ဘယ်လိုအငြိုးတွေ ရှိသလဲ၊ စပ်စုချင်တာနဲ့ .."

...ဆွေ မျက်နှာညိုသွားတာကြောင့် ဟသ်ာ က ...

"ဟာ .. ဆောရီးကွာ၊ မင်း မပြောချင်ရင် မပြောနဲ့.."

...ဆွေ ပြုံးသော်လည်း အသက်မပါ။

...တယ်ကွာ .. ပြန်ပြောပြတော့လည်း ငါ့ရင် ပေါ့သွား...

...ဆွေ သက်ပြင်းမှုတ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပြောရင်တော့ ငါ့ဘက်က သံယောဇဉ်ပေါ့ကွာ.. သူ့ဘက်ကတော့ ရင်မောစရာအမုန်း ဖြစ်ချင်ဖြစ်မယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က သင်္ကြန်အကြိုနေ့ မနက်မှာပေါ့ကွာ .."

အဝါရောင်တွေ အဆုပ်လိုက် အဆုပ်လိုက် ရင်ထဲမှာ ပွင့်ဝေနေပါတယ်။

သင်္ကြန် ..၊

ကျွန်တော့်ရင်ထဲမှာ အဝါရောင် နေ့ထူးနေ့မြတ် ..။







သစ္စာတရားနဲ့ ဂုဏ်ပြုထားတဲ့ အကြိုန် ..
မှတ်သားစရာက အဝါရောင်ပန်းတွေ ပွင့်လာတဲ့နေ့။
ထံဆိပ်ကပ်မယ်ဆိုရင် ..
မေတ္တာတရားရဲ့အားက ခါးသွားတယ် ဆိုနိုင်ပါတယ်။
မထင်မှတ်သော လောင်းလိုက်တဲ့ ရေမျှင်တွေထဲမှာ
အေးသွားစရာဖြစ်ပေမယ့် အဲဒီ .. အဆိပ်မဟုတ်ဘူးလေ။
သက်သေတွေ ရှိပါတယ် ..
ငါရယ် .. ချစ်ခြင်းရယ် .. အဝါရောင် နေ့ထူးနေ့မြတ်ရယ်
ကျိန်ဆိုစရာ သစ္စာတရားကြောင့် ..
မင်း .. အစဉ်နဲ့ ငါ့ဆီက ရုန်းထွက်ရှုန်းပါ။
တစ်နေ့မှာ ..
တစ်နှစ်မှာ ..
နှစ်ဦးနှစ်ယူမှာ ...
ချစ်ခြင်းနဲ့ အဝါရောင်သစ္စာတရား၊ အားတောင်းမှုကြောင့်
မင်းရဲ့အမှန်တွေ ထွန်းပြောင်ပါစေ ..
လွင့်စင်ပါစေ ..
မင်းနဲ့ ငါ ..။





www.burmeseclassic.com

www.burmeseclassic.com



နေ့တစ်နေ့ ညတစ်ညကိုဖြတ်လျှောက်ဖို့ အမြဲ သတိဝီရိယ ကောင်းတဲ့ နာရီလို ..၊ ဒါမှမဟုတ် အလုပ်ဆင်း အလုပ်တက် ရက်ပျက်မရှိတဲ့ စံပြဝန်ထမ်းကောင်းတစ်ဦးလို သူ့အမုန်းက အံ့သြဖို့ ကောင်းလွန်းနေမှာပါ။

ကျွန်တော်ချစ်တဲ့ကောင်မလေးက 'ကျွန်တော့်မုန်းတဲ့ အမုန်း' ကို တစ်ချိန်မှာ ချိုမြိန်မယ်ထင်လို့ တယုတယနဲ့ ပြုစုပျိုးထောင်နေတဲ့ သစ်ပင်ပေါက်လေးလို အရိပ်တကြည့်ကြည့်နဲ့ ပြုစုပျိုးထောင်နေတတ်တာ..၊ ကျွန်တော့်လို အချိန်မှန်မှန် အမုန်းခံကွန်ရက်မှာ မိနေသူတိုင်း နားလည်ပေးကြမှာပါ။

အဝါရောင်နေ့စွဲတွေကို ချစ်တဲ့ မိနိုး၊ အဝါရောင်ပွဲတော်မှာ မထင်မှတ်ဘဲ မသိမသာ ထိရှတဲ့ဆူးသွားလေးလို သူ့ရဲ့အမုန်းက ခပ်ဖွဖွလေး ရှမိရုံပါ။

ကျွန်တော်နဲ့သူက ကားဒရိုင်ဘာနဲ့ မော်တော်ပီကယ်လိုအဖြစ်မျိုး ဖြစ်ခဲ့ရတဲ့နေ့က ကျွန်တော်နဲ့ သူနဲ့ သိပ်ချစ်ကြတဲ့ အဝါရောင် ပွဲတော်ရဲ့ ပထမဦးဆုံးနေ့ ..၊ သင်္ကြန်အကြိုနေ့မှာပေါ့။





ကျွန်တော်တို့ရပ်ကွက်ကို သူမ ပြောင်းလာတာ သုံးလေးလ အရှယ်လွန်ပြီဆိုတာလည်း ကျွန်တော် မသိခဲ့။

သူတို့က လမ်းမကြီးပေါ်က ဟိတ်ဟန်ကောင်းတဲ့ ခြံကြီး တစ်ခြံကို ပိုင်ဆိုင်ထားတယ်လေ။ ရွှေရည်ငွေရည်ဖိတ်စင်နေတဲ့ အသိုင်းအဝိုင်းကပေါ့။ ကျွန်တော်တို့က အတွင်းရပ်ကွက်ထဲမှာပေါ့။

ဒီနေ့ သူငယ်ချင်းတွေ လာခေါ်တာကြောင့် ဆင်းနေခဲ့ပါတယ်။

"ရှေ့ကဆိုင်ရှေ့မှာပဲ ရပ်တော့ ကိုထွန်း၊ ကဲ .. လစ်ပြီ"

"သွားပြီ မိုးဆွေ"

ကျွန်တော်လည်း နှုတ်ဆက်ပြီး အေးမင်းထွန်း နဲ့အတူ ကားပေါ်က ခုန်ဆင်းလိုက်ပါတယ်။

"ဘာလုပ်မလို့လဲ အေးမင်း"

အေးမင်း က ရေစိုစိုနဲ့ တမင်တုန်ချင်ဟန်ပြပြီး ...

"ဟဲ .. ဟဲ .. အချမ်းပြေပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ငါမှမသောက်တတ်တာ"

"ဘီယာလောက် သောက်ပေါ့ကွာ၊ ဟိုကောင် ညီညီ လည်း လာမယ်ပြောထားတယ်"

"ဒါဆိုလည်း ဝင်လေ"

ညီညီ က အရေးတကြီးကိစ္စရှိလို့ ကားနဲ့ လိုက်မလည်ဖြစ်။ အမှန်ဆို ကျွန်တော်တို့ ဆိုင်ပေါက်ဝက အနက်ရောင် မောင်းတိန်း ဘီးလေးကို မတွေ့ဖြစ်ခဲ့ရင် အဲဒီအမှန်းနဲ့ ဆုံဖြစ်မယ် မထင်ခဲ့ပါဘူး။ ဒါပေမယ့် ...

"ဟော့ကောင် .. ဒါ ညီညို့ စက်ဘီးမို့လား"

ကျွန်တော် သေချာကြည့်လိုက်တော့ ညီညို့ စက်ဘီးမှ ညီညို့ စက်ဘီးပဲ။ ဖြစ်ချင်တော့ ...

"ဟော့ကောင် .. ညီညီ ဆိုင်ထဲမှာကွ"

အမှန်ဆို အထဲကို ဝင်သွားသင့်ပါတယ်။ ဒါပေမယ့် ...

"ဘာလုပ်မလို့လဲ မိုးဆွေ"

"နေဦး .. ဒီကောင့်ကို ပညာပေးရမယ်"

ကျွန်တော့်ရဲ့ပြောပုံကြောင့် ခအေးမင်းထွန်း က ရယ်သည်။ ကျွန်တော် ဘာလုပ်တော့မယ်ဆိုတာ ဒီကောင် သိမှာပါ။

ညီညီ က ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ မျက်နှာ အပြောင်ဆုံးနဲ့ အစအနောက်အသန်ဆုံး။

သူ့နိုးကြီးညကလည်း လမ်းထဲက ခြံဝင်းတံခါးသော့တွေထဲ





အမွေးတိုင်တုတ်ချောင်းတွေ ချိုးပြီး ထိုးထည့်ထားခဲ့လို့ မနက်ကျတော့ တစ်ရပ်ကွက်လုံး တည့်ညံနဲ့ မေတ္တာအပို့ခံရသူ။

တစ်ယောက်ယောက်က စက်ဘီးရပ်ထားရင် လေလျှော့ထား တတ်သည်။ ဒီထက်ဆိုးတာတွေ အများကြီး ရှိသေးသည်။ အဲဒီ ထဲမှာ ကျွန်တော်လည်း ခံရဖူးပါတယ်။ ခဏာခဏာပေါ့။

ကျွန်တော် ဆိုင်တံစက်မြိတ်အောက်နားက ကြိုးတစ်ချောင်း ကို တွေ့တော့ လှမ်းယူပြီး ဆိုင်ဘေးမှာ ကပ်ပြီး ထောင်ထားတဲ့ စက်ဘီးရဲ့ဘေးတစ်ခြမ်း နောက်ဘီးဝင်ရိုးကို ကြိုးနဲ့ချည်ပြီး ကျန် တစ်စကို တိုင်မှာချည်လိုက်ပါတယ်။

ပြီးတော့ ကြိုးကို စက်ဘီးရဲ့အတွင်းဘက်မှာ ပုံချထားလိုက တော့ ရုတ်တရက်ကြည့်ရင် မမြင်ရတော့ပါဘူး။

"ကဲ .. ရပ်တည်တည်နဲ့နေ"

ကျွန်တော် အခုလို အစအနောက်သန်လှ မရှိပါ။ သကြိန် ... ဖြစ်တာကြောင့် ကျွန်တော်ကပဲ ပျော်နေတာလား၊ ကားပေါ် ... ကိုထွန်း တိုက်တဲ့ ဘီယာအရှိန်ကြောင့်လားတော့ မသိပါ။

"ကြာလိုက်တာကွယ်၊ ဆိုင်ထဲဝင်မယ့်အရေးကို .."

ကျွန်တော် ဝင်ထိုင်ရင်း ခပ်လှမ်းလှမ်းကဝိုင်းမှာ မိနိုး ကို ...တာကြောင့် အမှတ်မထင် ငေးကြည့်မိပါတယ်။ (တကယ် ... သူမက ဆိုင်မှာ အစားအသောက်တွေ ပါဆယ် လာဝယ် ...) ကျွန်တော့်အကြည့်ကို သတိပြုမိတဲ့ အေးမင်း က...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သိပ်မငေးနဲ့၊ အဲဒါ ရှယ် .."

"ဗွန်းလည်း မတွေ့ပါလား"

ညီညီ က လှည့်ကြည့်ရင်း နောက်သည်။ ပြီးတော့ ...

"အဲဒါ ဟိုမှာမြင်နေရတဲ့ မဏ္ဍပ်ကလေကွာ၊ သူ့အဖေက ငါ့အဖေနဲ့ ငယ်သူငယ်ချင်းတွေကွ၊ တကယ့်ဂရိတ်တွေ .."

"ဪ .. ဂရိတ်ဝေါ်ရောင်းတာကိုး၊ ရထားပေါ်မှာလား"

သူမ က အစားအသောက်အထုပ်တွေရောက်လာတော့ ပိုက်ဆံပေးပြီး ထွက်ဖို့ပြင်သည်။

"မင်း ထောနေတယ်နဲ့တူတယ်၊ လေဘာယ်တွေ ဘာတွေနဲ့"

ညီညီ က ရယ်သည်။ ဟုတ်ပါရဲ့ .. ဝိုင်းမှာ စုံစုံလင်လင် ပါပဲ။

"မိုးဆွေ .. မှာလေ၊ မင်းသောက်ချင်တဲ့ ဘီယာ ကြိုက်တာ မှာကွာ"

ကျွန်တော် မျက်မှောင်ကြုတ်ရင်း ...

"အထူးအဆန်းပါလား .. မင်း ငွေလျှံနေပုံရတယ်"

"ငွေလျှံဆို .."

အပြင်ကအသံတွေကို ကြားလိုက်ရပါတယ်။

ညီညီ ပြောပြစရာ မလိုတော့ ..၊

ဘာဖြစ်လို့လဲဆိုတော့ ...။





ပြန်ပြောချင်စရာမကောင်းတဲ့ ဇာတ်လမ်းကို အစကနေ ပြောပြနေရတဲ့ ကျွန်တော်၊ အခုထိ သူ့အမုန်းကို လတ်လတ်ဆတ် ဆတ် ရှူရှိုက်နေရသလိုပါပဲ။

"အမုန်တော့ မြတ်နိုးသူ ဆိုတဲ့ အဲဒီကောင်မလေး ပူဆာလို့ ညီညီ့အဖေဆီကပဲ အဲဒီမနက်ပိုင်းက အတင်းဝယ်သွားတာ ငါရော ငါ့သူငယ်ချင်းရော မသိလိုက်ဘူးလေ၊ စက်ဘီးကို ကမန်းကတန်း ကောက်ကိုင်၊ ခြေနင်းကိုတော့ပြီး အရှိန်နဲ့ထွက်တော့ ကြိုးစလည်း ဆုံးရော ဆောင့်ဆွဲလိုက်သလို ဖြစ်တာပေါ့၊ စက်ဘီးပေါ်ခွအတက် မှာ လွင့်ထွက်ပြီး ရပ်ထားတဲ့ကားနဲ့ သူ့ခန္ဓာကိုယ် ပြေးဆောင့် သလိုဖြစ် သွားရော ..၊ အဲဒီဒဏ်ရာကြောင့် ညာဘက်ခြေထောက် ကို ကျောက်ပတ်တီး စည်းလိုက်ရတယ်၊ ကျောင်းဆရာမတစ်ယောက်ဖြစ်တဲ့ မေမေ့ရဲ့ဂုဏ်သိက္ခာရယ်၊ ဖေဖေ့ရဲ့ အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်မှုရယ် .. ပြီးတော့ မြတ်နိုးသူ အဖေအမေတွေက ခပ်အေးအေးသမားတွေဆိုတော့ နားလည် လက်ခံပါတယ်၊ ဒါပေမယ့် အဲဒီကတည်းက သူ့ သကြိန်ကိုမနွဲလိုက်ရတာ ငါ့ကြောင့် ဆိုတဲ့အစွဲနဲ့ အမုန်းကို အခုထိ လက်ခံထားတုန်း၊ အစပိုင်းရက်တွေကဆို ကြုံကြိုက်လို့ လမ်းမှာတွေ့ရင် အခုထက် ပိုဆိုးတယ် သူငယ်ချင်း''

''ဟာ .. ဒါက မင်းမသိလို့ ဖြစ်တာပဲ၊ ပြီးတော့ ရန်ငြိုးထားပြီးလုပ်တဲ့ အဖြစ်အပျက်မှ မဟုတ်တာ''

''အေးလေ .. ဓာတ်ပုံဆရာ ကျနေတာပဲ၊ သူ့အမုန်းက ပုံကြီးချဲ့လွန်းပါတယ်ကွာ''

မကျေမနပ်နဲ့ဆိုကြတော့ မိုးဆွေ ပြုံးသည်။

''သူ့ဘက်က မုန်းခွင့်ရှိပါတယ်''

ဟသ်ာ ဒီကောင့်အပြုံးကြောင့် ပြုံးစိစိနဲ့ ...

''မင်းပုံစံက သူ တစိမ့်စိမ့်မုန်းနေတာကို ကျေနပ်နေပုံပဲ''

''ဟာကွာ ..''

မိုးဆွေ ရှက်ရှက်နဲ့ရယ်တော့ ကိုထက် က ...

''မင်း သူ့ကို စိတ်ဝင်စားနေတယ် မဟုတ်လား မိုးဆွေ၊ အမှန်အတိုင်း ပြောကွာ ..''

''အေးလေ .. ယောကျ်ားပဲကွာ၊ ယောကျ်ားဆန်စမ်းပါ''

ဝိုင်းပြီး ပေါက်ပေါက်ဖောက်ကြတော့ ဒီကောင်က စစ်ယွက်





ယ့်စစ်သူကြီးလို ရင်ကော့ပြီး ...

''အေး ..''

အားလုံး သဘောကျစွာ ရယ်ကြပါသည်။

''ဒီသကြိန်မှာ မင်းရဲ့ မြတ်နိုးသူ ရင်ထဲက အမုန်းတွေ ၀င်လယ်ထဲ မျောပါစေရမယ်၊ စိတ်ချ မိုးဆွေ''

မိုးဆွေ စိုးရိမ်ပုံနဲ့ ...

''ကြည့်ကျက်လုပ်နော်..တော်ကြာ အမုန်းအင်အားက ပိုကောင်းသွားရင် ချကလီးယားထက် ဆိုးသွားဦးမယ်''

''ဟေ့ကောင် .. ငါ့နာမည် ဟသ်ာ ပါကွာ''

ဟသ်ာ စကားကြောင့် မင်းနိုင် က ...

''ပြောတော့ ဟသ်ာ၊ ဟေ့ကောင် ဟသ်ာ .. ပဲခူးမြို့အဝင်က ဟသ်ာရုပ်ကိုကြည့် .. ဟသ်ာဖိုက အောက်ကချည်းပဲ''

မင်းနိုင် စကားကြောင့် ဝိုင်းရယ်တော့ ဒီကောင်က လေမလျှော့ ..။

''ဟေ့ကောင် .. ခံပက်တယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ တမင် အပေါ်စီးက မနေချင်လို့''

''လေကြွား ..''

''ကဲ .. ဒီတစ်ခေါက် .. ကိုဟသ်ာ အလှည့် ..''

ကိုထက် ရဲ့ ပြုံးစိစိစကားကြောင့် ဟသ်ာ မျက်လုံးပြူးပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခော .. ငါက ဘယ်လိုကဘယ်လို ပါလာတာလဲ"

မိုးဆွေ က ဟသ်ာ ကို ပြုံးကြည့်နေပါသည်။ မင်းနိုင် က ...

"ဟော့ကောင် ပြော .. ငါလည်း သတင်းကြားတယ်၊ မင်းအိမ်က ယောက်ျားပေးစားမလို့ဆို .."

"မင်းကြီးတော် ယောက်ျားပေးစားရမှာလား ..၊ အဲဒီ ယောက်ျား မင်းပဲ ယူ .."

မင်းနိုင် စပ်ဖြီးဖြီးနဲ့ ...

"များဘဝနဲ့ များ ရှိပါစေတော့"

"မျက်နှာက စကိတ်စီးလို့ရတယ်"

"ဟော့ကောင် ဟသ်ာ၊ ပြောမယ့်အရေး ပြောစမ်းပါကွာ"

ကိုထက် က လောဆော်တော့ ...

"အေးပါ၊ လွန်ခဲ့တဲ့တစ်ပတ်လောက်ကမှ အိမ်ကအဘိုးကြီး က ဘာစိတ်ကူးပေါက်လဲ မသိဘူး၊ သကြ်န်ပြီးရင် သူ့ကုမ္ပဏီမှာ အလုပ်ဝင်၊ ပြီးရင် စေ့စပ်ပွဲလုပ် .. သိပ်မကြာခင် မင်္ဂလာဆောင် တဲ့"

"ဟာ .. ပွတာပဲကွာ"

မင်းနိုင် ဝမ်းသာအားရ ပြောတော့ ကိုထက် က ...

"မင်းနိုင် ရာ .. သူယူမယ့်မိန်းမက ပွရအောင် မာလကာ သီးမှ မဟုတ်တာ .."





မိုးဆွေ က ရယ်ချင်ချင်နဲ့ ...

"ဒါဆို ဘာသီးလဲ"

"စားကြည့်မှ သိမှာပေါ့"

"ဟော့ကောင် .."

ဟသ်ာ မျက်လုံး မျက်ဆံပြူးနဲ့ ပြောတော့ ...

"မင်းကလဲ မယူရသေးဘူး တွန့်တိုနေတယ်၊ ငါက အသီး ကို ပြောတာပါကွာ"

"တွန့်တိုတာ မဟုတ်ဘူး .. ယူကိုမယူချင်တာ"

"ဘာဖြစ်လို့လဲ .. ရုပ်ဆိုးလို့လား"

"ငါမှမမြင်ဖူးတာ၊ အဲလိုကြီးကျတော့ မယူချင်ပါဘူးကွာ၊ ငါနဲ့လည်း မသိတဲ့ မိန်းမတစ်ယောက်ကို နည်းနည်း အမြည်း သဘောလေး ..."

"ဟော့ကောင် .."

"ဟိုဟာကွာ.. စကားလေးဘာလေးပြောရင်း.. အဲဒီသဘော ပြောတာပါကွာ"

ကိုထက် က ခုမှ အလုံးကြီးကျသွားဟန်နဲ့ ...

"တော်သေးတာပေါ့ကွာ၊ မင်းက မိန်းမယူမှာကို မုန့်ဟင်း ခါးဟင်းရည် အဆစ်တောင်းနေတဲ့ပုံစံနဲ့၊ အဲဒီတော့ .."

"အဘိုးကြီးနဲ့ ငါနဲ့ ကွိုင်တက်တော့တာပေါ့၊ ငါကတော့ မယူနိုင်ဘူး .. အပြတ်ငြင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင် က ကြောင်တောင်တောင်နဲ့ …

"မင်း မယူနိုင်ဘူးဆိုရင် မင်းအဖေ ယူမယ့်သဘောပေါ့"

"ခွေးကောင် .. ယူလို့ရမလားကွ"

"မသိဘူးလေ၊ ယူလို့ရမယ် ထင်တာပေါ့ကွာ"

"ဒီကောင့်အမေ သဘောထားကြီးရင် ရပါတယ်ကွာ"

ပေါက်ကရတွေ ပြောနေကြတုန်းမှာပဲ ကားစပယ်ယာက ထမင်းစားဖို့နားမယ်လို့ လှမ်းအော်ပြောပါတယ်။





အခုပေါ့အပါး သွား ..၊ မျက်နှာသန့်စင်ပြီးတော့ လူက လန်းသွားသည်။ သူတို့ဝိုင်းနဲ့ ခူးခူး တို့ ဝိုင်းက ဘေးချင်းကပ်၊ သူတို့နဲ့ မလှမ်းမကမ်းဝိုင်းမှာက ဦးထက်ဝေ တို့ ဝိုင်း၊ ပြီးတော့ အန်တီစု နဲ့ သူ၏မြေးများက တစ်ဝိုင်း။

ဦးထက်ဝေ ဟင်းသီး ကို ကြည့်ပြီး ဘယ်မှာမြင်ဖူးမှန်း မသိ။

"ဦးထက် .. ဘာဖေးနေတာလဲ"

သဲသဲ အမေးကြောင့် ညဘက်ကြီး မျက်မှန်အနက်နဲ့ ထမင်းစားနေရတဲ့ ဦးထက် က …

"ဟိုအုပ်စုထဲက တီရှပ်အနက်နဲ့ချာတိတ်ကို မြင်ဖူးသလိုလို ရှိနေလို့"

ဦးထက် မေးငေါ့ပြရာကို သဲသဲ လိုက်ကြည့်ရင်း မျက်မှောင်ကြုတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်နဲ့ ပတ်သက်သူ တော်တော်များများကို သဲသဲ သိပ
သည်။

"ဟယ် .. အဲဒါ ..."

"ဘယ်သူလဲ၊ သဲ သိလို့လား"

သဲသဲ က ပြုံးစိစိနဲ့ ...

"ဦးထက် ကလဲ .. ကိုယ့်သမက်တောင် ကိုယ် မသိတော့
ဘူး၊ ဦးမြတ် ရဲ့သားလေ"

"ဟေ!..."

ဦးထက် ပါးစပ်အဟောင်းသား။ သဲသဲ က ဦးထက် ဖြစ်ပုံ
ကြောင့် ရယ်သည်။

"သူတို့အချင်းချင်း သိပုံတော့ မပေါ်ဘူးနော်"

သဲသဲ က ခေါင်းညိတ်ရင်း ...

"အတော်ပဲ .. ချောင်းသာရောက်ရင် ခွင်ဆင်ရမယ်"

"သဲ ရယ် .. ဘောစီးတာပဲ ကြားဖူးတယ်၊ ခွင်စီးတာတော့
မကြားဖူးဘူး"

"ဟာ!... ဦးထက် ကလဲ .. သူတို့အချင်းချင်း မရိုးမသား
စိတ်လေးတွေ ရင်ထဲမှာဖြစ်လာအောင် ကလဖန်ထိုးမယ်လို့ ပြော
တာ"

သဲသဲ စကားကြောင့် ဦးထက်ဝေ ဝမ်းသာအားရနဲ့ ...

"တော်လိုက်တဲ့ အသဲလေး .. ချောင်းသာရောက်မှ အဘွား





ပေးရမယ်"

ဦးထက် စကားကြောင့် ဘေးဝိုင်းက အန်တီစု ရဲ့မြေး
ကဲကဲ က ...

"ဘွားစု .. ဟိုဘကြီးက ညဘက်ကြီးကို မျက်မှန်တပ်ထား
တယ်နော်"

အန်တီစု ကလည်း အမြင်ကပ်ကပ်နဲ့ ...

"မျက်မမြင်ဆိုတာ သူတို့ မျက်မမြင်မဟုတ်ကြောင်းကို
ဖုံးကွယ်ထားချင်တော့ ဟန်လုပ်ရတာပေါ့ မြေးရယ် .."

အန်တီစု စကားကြောင့် ဦးထက်ဝေ တွန့်ခနဲ ဖြစ်သွားသည်။
ထပြီး ရန်တွေ့ရအောင်ကလည်း သမီးကရှိနေတော့ သိသွားနိုင်
တာကြောင့် အောင့်အည်းပြီး နေလိုက်ရပါတယ်။

အန်တီစု က ပျော်ပျော်နေတတ်သူ။ ဘာသာရေးလိုက်စား
သလို ခေတ်လည်းမီသည်။ အခုလည်း မြေးသုံးယောက်ဖြစ်တဲ့
ကဲကဲ၊ ဂျဲဂျဲ နဲ့ ဂဲဂဲ က ချောင်းသာသွားချင်တယ်လို့ ပူဆာကြတာ
ကြောင့် မြေးသုံးယောက်နဲ့အတူ ထွက်လာခဲ့ခြင်းဖြစ်သည်။

အန်တီစု က နားကြပ်လေးနဲ့ ခေါင်းတလှုပ်လှုပ်။ အန်တီစု
တို့ ဝိုင်းက ဘာမှမမှာရသေးတာကြောင့် ဆိုင်ကကောင်လေးက
ရှိရှိသေသေနဲ့ ...

"အန်တီ .. ဘာနဲ့စားမလဲ ခင်ဗျ"

အန်တီစု သီချင်း လိုက်ညည်းနေရာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဖ"

"ဗျာ .."

ကြက်ဖသီချင်း နားထောင်နေရာမှ လွှတ်ခနဲ ထွက်သွားတာကြောင့် ကောင်လေးက ခေါင်းကုတ်သည်။ သူ့မြေးတွေက တဟိဟိ ..။

"ဟို .. ကြက်သားနဲ့၊ မြေးတို့လည်း မှာလေ"

ကဲကဲ တို့ အလုအယက် မှာကြပါတယ်။ ကိုထက် က ဝိုင်းချင်းကပ်လျက် သူ့ကောင်မလေး စန္ဒာဝေလင်း နဲ့ တတွတ်တွတ်နဲ့ ပြောနေကြပါသည်။

တင်သော် က ဟသ်ာ ကို လှမ်းမေးပါသည်။

"ဟသ်ာ .. မင်း ဘာစားမှာလဲ"

"ခူခူ .."

ဟသ်ာ က ငါးခူ လို့ အလွယ်တကူ အဖျားဆွတ်ခေါ်လိုက်ပေမယ့် မိန်းကလေးအုပ်စုဝိုင်းက တဟိဟိနဲ့ရယ်ကြတော့ သူတို့အုပ်စု ကြောင်တောင်တောင်နဲ့ လှမ်းကြည့်မိကြသည်။

ခူးခူး က ဟသ်ာ ကို မျက်စောင်းလှမ်းထိုးသည်။

"ငါ ဘာမှားသွားလို့လဲဟ"

ဟသ်ာ စကားကြောင့် ကိုထက် က ဟသ်ာ ကို ...

"ဟော့ကောင် .. အဲဒီကောင်မလေးနာမည်က နွေတန်ခူးတဲ့၊ သူ့သူငယ်ချင်းတွေက ခူးခူး ပဲ ခေါ်ကြတာ .."





မင်းနိုင် က စပ်ဖြီးဖြီး မျက်နှာနဲ့ ...

"ငါက တပေါင်းလမှာ မွေးတာဆိုတော့ ပေါင်းပေါင်းပေါ့"

"ဒါဆို တော်သလင်းလမှာ မွေးရင်ရော .."

တင်သော် စကားကြောင့် မင်းနိုင် က ...

"လွယ်ပါတယ်ကွာ .. ကိန် လို့ မှည့်ချင်မှည့်၊ မမှည့်ချင်ရင် ဝုတ်ဝုတ် လို့ မှည့်လိုက်"

"ဩော် .. မင်းလည်း ခွေးမျိုးပဲကိုး"

"ခွားမသေး .."

မိုးဆွေ က မြတ်နိုး ရှိရာ မသိမသာ ခိုးကြည့်လိုက်တာကို ဟသ်ာ မြင်ဖြစ်အောင် မြင်လိုက်သည်။

"မင်းနှလုံးသားက တန်ခူးလမှာ မွေးတာထင်တယ်"

"ဟာကွာ .."

မိုးဆွေ ရှက်ကိုးရှက်ကန်းနဲ့ပြောတော့ အားလုံးက ဝိုင်းရယ်ပါသည်။

မြတ်နိုး အရင်က ပျော်ပျော်နေတတ်ပေမယ့် ဒီလူနဲ့ တစ်ခရီးတည်းသွားနေရတာမို့ မျက်နှာက အလိုလို မာကြော ခက်ထန်နေပါသည်။

နန္ဒာ က ခပ်တိုးတိုးပြောသည်။

"ပျော်ပျော်နေစမ်းပါ မိန်း ရယ် .. နင့်မျက်နှာကြည့်ရတာ ငါတောင် ပါးသြောင်းတယ်"



www.burmeseclassic.com

မိနီး က စိတ်ရှုပ်ဟန်နဲ့ ...

"ဒီလူ ဒီခရီးမှာ ပါမယ်မှန်းသိရင် ငါ တကယ်မလိုက်ပါဘူးဟာ၊ တောက် ... ကျက်သရေကို မရှိဘူး"

"ကြားသွားပါဦးမယ်ဟယ် .."

"ကြားကြားဟာ ..."

ဝေသူ က ကြားသွားမှာ စိုးရိမ်နေသည်။

မိနီး စာတ်ကြောင်းကိုသိနေသူမို့ မိနီး ကို တရားချ ဖျောင်းဖျလို့လည်း ရမည်မထင်ပါ။

ဟိုလူပုံကြည့်ရတာ ရိုးသားအေးဆေးမှန်းလည်း သူတို့ ရိပ်မိပါသည်။







* ကံတရားတွေကို ပြောင်းဆန် ပြောင်းပြန်လှန်ပစ်ဖို့ ..
  ပင်လယ်ရေ .. ရင်ဖွင့်ထားပါ ..၊
* ငါ့အမောတွေ .. ငါ့စကားတွေ ကြားခံ နာယူဖို့
  ပင်လယ်ရေ ... အဆင်သင့်ဖြစ်ပြီလား ..၊
* အဝါရောင်တွေ ပန်ဆင်းရင်း ..
  အချစ်သီချင်းနဲ့ သူမရဲ့ခက်ထန်နေတဲ့ရင်ခွင်ကို
  နူးညံ့ချိုသာအောင် ရေလောင်း ပေါင်းသင်ကြပါစို့။



www.burmeseclassic.com



**မှား**တာရှိရင် ဝန္တာမိပါ မိနိုး ...

ငါချစ်တဲ့ အဝါရောင်နေ့ထူးနေ့မြတ် မနက်ဖြန်ဆို ရောက်တော့မယ်နော်။ မိနိုး .. ကံတရားရဲ့ အကျီစားသန်မှုအောက်မှာ ငါ့ရဲ့ချစ်ခြင်းမေတ္တာက မေ့ဆေးပေးထားတဲ့ ဖားတစ်ကောင်လိုပဲ။ အမှန်းတရားရဲ့ဓားချက်အောက်မှာ ဘယ်အချိန် ခွဲစိတ်ခံရမလဲ မသိအောင် နာကျင်ရမှန်းမသိ မေ့လျော့နေခဲ့ပါပြီ။

ရယ်တော့ ရယ်စရာအကောင်းသားနော်။ အချစ်ကို လိုချင်မက်မောတဲ့ကောင် အမုန်းဝန်ပိုတွေနဲ့ ခရီးဆက်နေရတယ်။

ယုံကြည်ပါတယ်၊ တစ်နေ့ မင်းရဲ့အမုန်းတရားတွေ အဆုံးမဲ့ပျောက်ကွယ်မယ်ဆိုတာလေ ..။

ငါ့ဘက်က တိုင်တည်စရာ သက်သေတွေအနေနဲ့ကတော့ ပင်လယ်ရယ်၊ ပိတောက်ရယ်၊ သင်္ကြန်ရယ်၊ ချစ်ခြင်းတရားရယ်လေ ..၊ ပြီးတော့ ငါရင်ဖွင့်သမျှကို နားထောင်ပေးမယ့် ပင်လယ်ကြီး ရှိတယ်လေ။





ပင်လယ်ကြီးကတော့ တကယ့်ဖြစ်ရပ်မှန်ပုံပြင်တွေကို တော်တော်များများ စုဆောင်းထားမှာပဲနော်။ ငါနဲ့ နင်ရဲ့အမုန်းတရားနဲ့ ပတ်သက်တဲ့ ပုံပြင်တစ်ပုဒ်ကိုတော့ သတ်သတ်မှတ်မှတ် သတိရနေမှာပါ။

ငါ ယုံနေတယ်လေ ..၊

ပင်လယ်ကြီးက နင့်ရင်ထဲက အမုန်းတရားတွေကို သဘောထားကြီးကြီးနဲ့ နားချ ဖျောင်းဖျပေးမယ်ဆိုတာ ..။



www.burmeseclassic.com

www.burmeseclassic.com



" "
ပင်လယ်ကွ .."

မင်းနိုင် က ကားပြတင်းပေါက်မှ ခေါင်းထွက်ပြီး လှမ်းမြင်နေရတဲ့ ပင်လယ်ကိုတွေ့တော့ အားရဝမ်းသာ ထအော်ပါတယ်။ ကိုထက် က ...

"ပင်လယ်ကိုမြင်တာ မင်းအဖေကို မြင်တာကျနေတာပဲ"

ကိုထက် စကားကြောင့် ကားပေါ်မှာ ရယ်သံတွေ ဆူညံသွားပါတယ်။ ကိုယ်မျှော်မှန်းထားတဲ့အရာတစ်ခုကို ကိုယ့်ရှေ့မှာ ရုတ်တရက်မြင်ရတော့လည်း ဘယ်သူမဆို ဝမ်းသာမှာပဲနော် မိနိုး။ အဆမတန် မှန်းတီးမှုတွေကို ရပ်တန့်ပေးပါတော့ဟာ ..။

"ဟော့ကောင် .. မပျော်ဘူးလား"

ကိုထက် စကားကြောင့် မိုးဆွေ က ပြုံးသည်။ ဟသ်ာ သက်ပြင်းချရင်း ...

"မိုးဆွေ က ပျော်ဖို့လာတာမှ မဟုတ်တာ ကိုထက် ရာ.."





ဟသ်ာ စကားကြောင့် ဒီကောင် ငြိမ်သက်သွားတာအမှန်။

"အေးကွာ .. ငါ့ကြောင့် မင်းတို့ရဲ့ပျော်ရွှင်မှုတွေ အနှောင့်အယှက် ဖြစ်ကုန်ပြီ"

မိုးဆွေ အားတုံ့အားနာနဲ့ ပြောမိသည်။ ဥတိုတံတားကို ဖြတ်တော့ ဟသ်ာ က တံတားအောက်ကရေကို ကြည့်ပြီး ...

"ကြည်စိမ်းနေတာပဲနော်"

"အေးကွ.. ဒါနဲ့ ဘာလို့ ဥတိုတံတားလို့ နာမည်ပေးတာလဲ"

"တံတားဆောက်တဲ့လူက ဥတိုလို့ နေမှာပေါ့"

"ဟော့ကောင် .."

"ငါပြောတာ တံတားဆောက်တဲ့လူရဲ့နာမည်က ဦးတို ဖြစ်လိမ့်မယ်လို့၊ ကာလကြာရှည်တော့လည်း အလွယ်တကူ ဥတိုလို့ ဖြစ်မယ်လို့ ပြောတာ .. ဆုံးအောင် နားမထောင်ဘူး၊ တိုတိုလေးပဲ တွေးတဲ့ကောင်တွေ .."

"ဟော့ကောင် .. စကားထည့်ပြော"

"ဒါဆိုရင် စကားဆိုတာလည်း စကောက လာမှာပေါ့"

"ဘာဆိုင်လဲ"

ဘာတွေပြောနေကြမှန်း မသိ၊ အလုအယက်။

"ဆိုင်တာပေါ့ .. မြန်မာစကားမှာ စကောစက ဆိုတာ ရှိတယ်လေ"

"မင်းနိုင် .. မင်းပြောတာ လွန်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ခုံကနေ ထင်သော် လှမ်းပြောတော့ ...

"ငါက ဘာလွှန့်လို့တုန်း .."

"ဟ .. စကောက,ကတာ မကြာဖူးဘူး၊ ဆီမီးခွက်က၊ တာပဲ ကြားဖူး. .. မြင်ဖူးတာ"

မင်းနိုင် က စပ်ဖြဲဖြဲနဲ့ ...

"ချောင်းသာရောက်မှ မင်းကို အကသင်ပေးမယ်"

တင်သော် က ဝမ်းသာအားရနဲ့ ...

"ဘာလဲ .. ဆီမီးခွက်အကလား"

"ဟင့်အင်း .. ခွက်နဲ့ တောင်းစားတဲ့အက"

တင်သော် ပါးစပ်က ပွစိပွစိနဲ့ ဆဲပါတော့သည်။ ပျော်ရွှင်ချင်သူများကို သယ်ဆောင်လာတဲ့ကားကြီး၊ သူလည်း ပျော်ရွှင်မှုတွေကို တွေ့ရှိဖို့ အမောတကောနဲ့ ချောင်းသာကမ်းခြေမြို့လေးထဲကို ဝင်လာပါတယ်။

ဟိုတယ်တွေ တစ်ခုပြီးတစ်ခု ဖြတ်လာခဲ့ပါတယ်။

နောက်ဆုံးတော့ ပင်လယ်ကို မြင်ခွင့်ရတဲ့ ဟိုကယ်တစ်ခုရဲ့ ဝင်းထဲကို သူတို့ ရောက်ရှိလာပါတယ်။





ကိုလတ်ရဲ့ ကြိုတင်စီစဉ်ပေးမှုကြောင့် ဟာသ်ာ တို့ အခန်းရခဲ့ပါတယ်။ ကံကောင်းတယ်ဆိုရမလား၊ သကြိန်ရက်နီးနေတာကြောင့် ဟိုတယ်တိုင်း အခန်းတွေ ပြည့်နေခဲ့ပါတယ်။ ရောက်ပြီဆိုတာနဲ့ ဧည့်သည်တွေ အဝင်များတာကြောင့် မိုးချွေ လည်း ကိုလတ် ညွှန်ကြားတဲ့အတိုင်း အလုပ်တန်းဝင်ရပါတယ်။

"ဟော့ကောင် .. ကမ်းခြေဆင်းရအောင်ကွာ"

"လုပ်လိုက်လေ .. ကြာသလားလို့"

အားလုံးက တက်ညီလက်ညီပါပဲ။ မင်းနိုင် က တစ်ခုခုကို စိုးရိမ်ဟန်နဲ့ ...

"သောင့ားကွာ .."

မင်းနိုင် စကားကြောင့် တင်သော် က ...

"မငွားပါဘူး၊ ကိုယ့်သောကိုယ်စီးပေါ့"

မင်းနိုင် မျက်လုံးပြူးပြီး ...

"မင်း .. ခင်း .. ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တင်သော် က …

"ကိုယ်စီးမယ့်ဘောကို ကိုယ်ငှားလို့ ပြောတာလေ"

ကိုထက် နဲ့ ဟသ်ာ က တဟိဟိ ‥။

"ကိုထက် … မင်းကောင်မလေးတွေက ဘယ်ဟိုတယ်မှာ တည်းတာလဲ"

"သူတို့လည်း ဒီဟိုတယ်ပဲကွ၊ ကဲ ‥ လစ်မယ်"

သူတို့ အဝတ်အစားလဲပြီး ဘောင်းဘီတိုလေးတွေနဲ့ ရေထဲ ဆင်းဖို့ ပြင်ဆင်ကြပါတယ်။ တင်သော် နဲ့ မင်းနိုင် က ဘောကွင်း နှစ်ကွင်း ငှားပြီး ရေထဲမှာ လှိုင်းစီးနေကြပါတယ်။ ရေထဲမှာ အားရအောင် ဆော့ပြီးတော့ သဲသောင်ပြင်ပေါ်မှာ အမောဖြေ ဘီယာသောက်ကြပါတယ်။

"တင်သော်‥ မင်း သဲကျင်းတူးပြီး ခေါင်းပေါ်ရုံနေကြည့်"

မင်းနိုင် စကားကြောင့် တင်သော် က အဟုတ်မှတ်ပြီး…

"ဘာထူးလို့လဲ"

"ကျန်းမာရေးကောင်းတယ်၊ သုံးရက်လောက် အဲဒီလို တစ် ကိုယ်လုံးမြှုပ်ပြီး သဲထဲမှာစိမ်ထားရင် မင်းဖြစ်နေတဲ့ရောဂါ လုံးဝ ပျောက်သွားမှာ ‥"

မင်းနိုင် ချောက်ထဲတွန်းချနေမှန်း တင်သော် က တကယ် မသိ။ ဟသ်ာ နဲ့ ကိုထက် က ရိပ်မိနေတာကြောင့် မရယ်မိအောင် ထိန်းထားရသည်။





"လုပ်မယ်ကွာ ‥"

ပြောလည်း ပြော ‥၊ သဲတွေကို နှစ်ယောက်သား တူးကြပါ တော့တယ်။ ဘီယာဘူးတွေလည်း ကုန်ပြီမို့ ဟသ်ာ နဲ့ ကိုထက် က ရေထဲ ပြန်ဆင်းကြပါတယ်။

တင်သော့် ကို မေးစေ့အမြုပ် သဲတွေနဲ့ ဖုံးထားပါတယ်။ မင်းနိုင် က လက်ကသဲတွေကို ဘောင်းဘီနဲ့ခါရင်း …

"ဟဲ ‥ဟဲ ‥ အဆင်ပြေပြီ၊ ပိုပြီးအဆင်ပြေအောင် ဟော ဒီလို"

တင်သော် နောက်ကျသွားပါသည်။

သူ့ခေါင်းကို ဘောကွင်း နှစ်ကွင်းထပ်ပြီး အစွပ်ခံလိုက်ရ သည်။ တင်သော် အော်သော်လည်း မပီပိုးတဝါး။ မင်းနိုင် တဟားဟားအော်ရယ်ရင်း ရေထဲ ပြန်ဆင်းသွားပါသည်။

ဟိုကောင်တွေကို ပြန်ပြောပြတော့ တဟားဟားနဲ့ ဒီအတိုင်း ထားလိုက်လို့ အားပေးပါတယ်။

ကံများဆိုးချင်တော့ အဲဒီနေရာကို အုန်းစိမ်းရေကို ပိုက်နဲ့စုပ် သောက်ရင်း မြေးတွေနဲ့ရောက်လာတာက အန်တီစုစု။

အန်တီစုစု က ထုံးစံအတိုင်း တရားနဲ့ ဂီတနဲ့။ လက်တစ်ဖက် က ပုတီးကို စိပ်၊ တစ်ဖက်က အုန်းသီးကိုပိုက်လို့ နားမှာတော့ နားကြပ်နဲ့ ခေါင်းလေးတလှုပ်လှုပ် ‥။

"ဘွားဘွားစပ်စု"



www.burmeseclassic.com

www.burmeseclassic.com



ဂျဲဂျဲ တို့က ဘွားဘွားစုစု ကို ငယ်ငယ်တုန်းက နှုတ်ကျိုး
ကျအတိုင်း ဘွားဘွားစပ်စု ပဲ ခေါ်ကြသည်။

"ဘာတုန်း မြေးရဲ့ .."

"ဂျဲဂျဲ တို့ ရေသွားဆော့မလို့"

"အဝေးကြီး မသွားရဘူးနော်၊ ဘွားစု ဒီကထိုင်ကြည့်နေမယ်"

"ဟုတ်ကဲ့"

ဘွားဘွား အန်တီစုစု ကို ကတိပေးကြပြီး ကလေးတွေ
ရေထဲဆင်းသွားကြတော့ အန်တီစုစု က ထိုင်စရာရှာသည်။ ထ
ထားတဲ့ ဘောကွင်းကြီး တွေ့တာနဲ့ ...

"အတော်ပဲ"

ပြောလည်းပြော သူမ တင်ပါးအကြီးကြီးနဲ့ ဘောကွင်းပေ
တက်ထိုင်လိုက်ပါပြီ။ အောက်က ဗူးတူးဗူးတူးအသံကိုလည်း
အန်တီစုစု မကြားနိုင်။

သူမ နားထဲမှာ ဂျောက်ဂျက်နဲ့ ဟစ်ပ်ဟော့ဂီတနဲ့ ..။

ခဏအကြာမှာ ဟသ်ာ တို့အုပ်စု ကမ်းခြေပေါ် ပြန်တက်လာ
ကြသည်။ ကိုထက် က ...

"ဟိုကောင် ဘယ်ရောက်သွားပြီလဲ"

ဟသ်ာ က ...

"တစ်ယောက်ယောက်ဖော်ပေးလို့ ငါတို့ကို စိတ်ဆိုးပြီး
ဘန်ဂလိုကို ပြန်သွားပြီလား မသိဘူး"





မင်းနိုင် ဘာမှမပြောနိုင်..၊ အန်တီစုစု ကို ကြည့်ကာ
ပါးစပ်အဟောင်းသား။ ပြီးတော့ အသံပြဲကြီးနဲ့ ...

"မိုးနတ်မင်း .. ကယ်တော်မူပါ"

မင်းနိုင် အသံပြဲကြီးနဲ့ ပြေးသွားရာနောက်ကို ဟသ်ာ တို့
သည်း ပြေးလိုက်သွားကြသည်။

"အန်တီစုစု .. ဟာ!... အန်တီစပ်စု"

နားကြပ်တပ်ပြီး ခေါင်းလေးတလှုပ်လှုပ်နဲ့ ဂီတထဲ နစ်မျော
နေတဲ့ အန်တီစုစု ကို အတင်းလှုပ်တော့ ...

"ဟဲ့ .. ဟဲ့ .. ဘာဖြစ်ကြတာလဲ"

မင်းနိုင် ကမန်းကတန်း ...

"အန်တီစုစု အောက်မှာ .."

"ငါ့အောက်မှာ .. ဟင် .. ငါးမန်းလား .. ဗုဒ္ဓေါ.."

အလန့်တကြားနဲ့ ထခုန်တော့ မင်းနိုင် ကမန်းကတန်း ဘော
ကွင်းကို မ,ကြည့်သည်။ တင်သော် ခမျာ မြော့မြော့ပဲ ကျန်တော့
သည်။ ကမန်းကတန်း သဲတွေကို ပြန်ဖယ်ပြီး တွဲထူတော့ ...

"ဖွီ .. အသက်ရှူရကျပ်တဲ့အထဲ အီးပေါက်လိုက်တာ
လူကို နံဟောင်နေတာပဲ၊ ထွီ .."

မင်းနိုင် မျက်နှာငယ်လေးနဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



“ကောင်လေး ‥ ရန်ကုန်မှာ သင်္ကြန်နီးပြီဆိုတော့ ပစ္စည်းတွေ ဈေးလျှော့မှာပေါ့”

နေ့လယ်ဘက် အလုပ်နည်းနည်းပါးတော့ ရီဆက်ရှင်မှာ သူရယ် ‥ ကိုကြီးစိုး ရယ် ‥ ဥမ္မာသန်း နဲ့ မဖြူ တို့ စကားပြောဖြစ်ကြပါသည်။

ဥမ္မာသန်း က ကွန်ပျူတာရိုက်နေရာမှ …

“သိပ်လည်း ဈေးလျှော့လောက်မှာ မဟုတ်ပါဘူး”

မိုးဆွေ က စဉ်းစားရင်း …

“အင်း ‥ တစ်ထောင် နှစ်ထောင်ပေါ့”

ကျွန်တော့်စကားကြောင့် ကိုကြီးစိုး က …

“ငါ မနှစ်က သင်္ကြန်နီးလို့ ရန်ကုန်ပြန်တော့ စတိုးဆိုင်မှာ ဒစ်စကောင့်လျှော့ထားတာ တွေ့တယ်၊ အရင်က ၁၅၀၀၀ ဆိုရင် လျှော့ဈေးက ၁၃၅၀၀၊ အဲလောက် လျှော့ထားတာ တွေ့တယ်”





အဲဒီအချိန်မှာ အပြင်ဘက်ဂလိုတွေရဲ့ ကြိုးကြပ်ရေးမှူး ခေါ်မလား၊ စူပါဗိုက်ဆာ ခေါ်မလား၊ ကိုကြီးသန်း ရောက်လာပြီး…

“မောင်သန်း‥ ငါ့အစ်မတောင် မင်္ဂလာဆောင်တော့မယ်ကွ”

ကိုကြီးစိုး ကလည်း ရုတ်တရက်မို့ …

“လေဘယ် ဘယ်လောက်တပ်ထားလဲ”

ကိုကြီးသန်း က ယောင်ပြီး …

“တစ်သောင်း ‥ဟာ!… ဟော့ကောင် ‥”

မဖြူ တို့ သဘောကျစွာရယ်တော့ ကိုကြီးစိုး က မျက်နှာ ငယ်လေးနဲ့ …

“ဟို ‥ ဒီမှာ လျှော့ဈေးအကြောင်း ပြောနေတုန်း မင်းက ရုတ်တရက်ဝင်ပြောတော့ ငါလည်း ယောင်သွားတာပါ သန်းကြီးရာ ‥”

“ဟင်း ‥ ဟင်း ‥ မင်းနော်၊ ခြော် ‥ မိုးဆွေ၊ မင်းသူငယ်ချင်းတွေက အားရင် လာခဲ့ဦးတဲ့”

ကိုကြီးသန်း စကားကြောင့် ကိုကြီးစိုး က နားလည်ဟန်နဲ့…

“အလုပ်လည်းရှိတာ မဟုတ်ဘူး၊ သွား ‥ သွား ‥ မိုးဆွေ”

“ကျေးဇူးပဲနော် ကိုကြီးစိုး”

“သွားပါကွာ ‥”

မိုးဆွေ ပင်မဟိုတယ်ထဲက ထွက်လာပြီး လူလျှောက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးအတိုင်း ဟိုကောင်တွေရဲ့ ဘန်ဂလိုရှိရာကို ထွက်လာခဲ့ပါတယ်။ ဟသ်ာ က ဘန်ဂလိုဝရန်တာပေါင်ပေါ် ထိုင်ပြီး ဂစ်တာတီးနေရာမှ မိုးဆွေ ကို မြင်တော့ ချက်ချင်း ...

"မြတ်နိုးသူ ရယ် .. ချစ်မိုးရွေခဲ့တယ်"

ဟသ်ာ ရဲ့သီချင်းသံကြောင့် ကိုထက် တို့က ရယ်သည်။ သူ ကမန်းကတန်း ဝင်ထိုင်ရင်း ...

"ဟသ်ာ .. ကြားသွားလို့ ပြဿနာတက်နေဦးမယ်"

ဟသ်ာ က ရယ်ရင်း ...

"ကြားတော့ ဘာဖြစ်လဲ၊ သီချင်းရှိနေတာပဲဟာ"

တကယ်လည်း ကြားပါသည်။ သူတို့နှစ်ဦးရဲ့ဘန်ဂလိုက သိပ်ဝေးလှသည် မဟုတ်။

မြတ်နိုးသူ လို့ အမည်တွင်တဲ့ မိနိုး ဒေါသတွေ ဖြစ်နေတာကြောင့် ခူးခူး နဲ့ စန္ဒီက ချော့နေရသည်။

"နင့်ကို စောင်းဆိုတာမှ မဟုတ်တာဟယ် .."

"ဟုတ်သားပဲ မိနိုး ရယ် .. သူတို့ တကယ်သီချင်းဆိုတာဖြစ်မှာပါ"

မိနိုး .. စန္ဒီ ကို မျက်စောင်းထိုးရင်း ...

"စန္ဒီ .. နင်နဲ့ နင့်လူမျက်နှာရှိနေလို့ ငါမပြောဘဲ ကြည့်နေတာနော်၊ တောက် .. ကျက်သရေမရှိတဲ့လူနဲ့ တစ်ခရီးတည်း၊ တစ်ဟိုတယ်တည်း လာဆုံရတယ်လို့၊ အေး .. တွေ့ကြသေးတာ





ပေါ့ဟာ"

"ဟဲ့ .. ဘယ်လဲ .."

မိနိုး .. ဒေါနဲ့ မောနဲ့ ဘန်ဂလိုတံခါးကိုဖွင့်ပြီး ဝရန်တာကိုထွက်လာတော့ သူတို့အားလုံး လိုက်ထွက်လာရပါသည်။

"ဟော့ .. ဝိတ်တာ"

ခေါ်ပုံက တင်တင်စီးစီး။ ဟသ်ာ က မြင်ပါတယ်။ အမြင်ကပ်ကပ်နဲ့ ...

"မသွားနဲ့ကွာ .. သူခေါ်ချင်ရင် ရီဆက်ပ်ရှင်ကို ဖုန်းဆက်ခေါ်လိမ့်မယ်"

"အေးလေ .."

တင်သော် ကလည်း မကျေမနပ်။ မိုးဆွေ ပြုံးလိုက်မိရင်း ဟသ်ာ ပခုံးကို ပုတ်လိုက်ကာ ...

"ငါက ဒီဟိုတယ်ရဲ့ဝန်ထမ်းလေ၊ duty is duty ..၊ ကဲခဏကွာ .."

ဟိုကောင်တွေ မကျေမနပ်နဲ့ ကျန်နေခဲ့မှန်း သိပါသည်။ မိုးဆွေ သူမဆီ လျှောက်လာတော့ ဟသ်ာ တို့ ကြည့်နေတာ မိနိုး မြင်တာကြောင့် သူတို့ကြားအောင် ...

"ဒီမှာ ဝိတ်တာ၊ ကျွန်မတို့တွိုင်းလက်က ရေဆွဲတင်လို့မရဘူး၊ ရေတွေ ပြည့်သိပ်နေတယ်၊ အခုချက်ချင်း လုပ်ပေးပါ"

ဟသ်ာ တို့ အုပ်စု အဲဒီစကားကြောင့် ဒေါသဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ က စိတ်ဆတ်သူမို့ …

“လုပ်မပေးနဲ့ကွာ မိုးဆွေ”

“ဟုတ်တယ် မိုးဆွေ”

မိုးဆွေ က ခပ်အေးအေးပဲ သူမကိုကြည့်ပြီး ပြောလိုက်သည်။

“ဟုတ်ကဲ့ .. အဲဒီအလုပ်က ကျွန်တော့်အလုပ် မဟုတ်ပါဘူး၊ သန့်စင်ခန်းရှင်းလင်းပေးမယ့် ဝန်ထမ်းသပ်သပ်ရှိပါတယ်”

“ဘာပြောတယ် .. ရှင်လဲ ဒီဟိုတယ်က အလုပ်သမား မဟုတ်ဘူးလား၊ ရှင်နဲ့လည်း သက်ဆိုင်တာပဲ”

“ဘာဖြစ်တာလဲ မိုးဆွေ”

ကိုကြီးသန်း က ဒီဘက်ကိုလျှောက်လာရင်း ရှန်းစုရှန်းစု ဖြစ်နေတာကြောင့် ဝင်မေးတော့ မိုးဆွေ ကိုကြီးသန်း ကို ရှင်းပြလိုက်သည်။

“တိုင်းလက်မှာ ရေဆွဲချလို့မရ ဖြစ်နေလို့ .. အဲဒါ ..”

ကိုကြီးသန်း ဒီလောက်ဆို သိလိုက်ပါပြီ။

“ဩော် .. ကျွန်တော် အခုချက်ချင်း တစ်ယောက်ယောက်ကို လွှတ်လိုက်ပါ့မယ်”

“အခုချက်ချင်းဆိုတာ တစ်နာရီလား .. နာရီဝက်လား၊ ကျွန်မတို့ အဲဒီလောက်ထိ မစောင့်နိုင်ဘူး”

ကိုကြီးသန်း က အထိတ်တလန့်နဲ့ …





“ဟင် .. ညီမက အိမ်သာအရမ်းတက်ချင်နေလို့လား”

ဟသ်ာ တို့က အတိုင်းသား ကြားနေရတာမို့ တခွီးခွီး။ မိနိုး မျက်နှာ ရဲတက်သွားရင်း …

“ဘာ .. ပြောတယ်”

ကိုကြီးသန်း လည်း မျက်နှာငယ်လေးနဲ့ …

“ဟို .. စိုးရိမ်လို့ ပြောမိတာပါ”

မိုးဆွေ သက်ပြင်းချရင်း …

“နေ .. နေ .. မလွှတ်နဲ့တော့ ကိုကြီးသန်း၊ ကျွန်တော်ပဲ လုပ်ပေးလိုက်မယ်”

“ဟော့ကောင် ..”

ကိုကြီးသန်း တားသော်လည်း …

“ကျွန်တော် အခန်းထဲဝင်မယ်နော်”

တကယ်တော့ သူမ ပြောသလောက်လည်း သန့်စင်ခန်းမှာ ပြဿနာမရှိပါ။ အဲဒီအတွက် မိုးဆွေ ပြန်သွားတော့ မိနိုး ကို သူငယ်ချင်းတွေက ဆူပူကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. မြန်မြန်လာခဲ့နော်၊ ဒီနားမှာပဲ ရှိမယ်"

ခူးခူး အဝတ်အစား လဲနေရာမှ …

"နင်တို့က ဘယ်သွားမှာလဲ"

"စက်ဘီးစီးကြမယ်လေ၊ မိခူး .. မြန်မြန်လိုက်ခဲ့နော်"

"အေးပါဟဲ့"

ဝေသူ က ပြောပြီး စန္ဒီ တို့ နောက်ကို ကမန်းကတန်း ပြေးလိုက်သွားပါသည်။ ခူးခူး အမြန်ပြင်ဆင်ပြီး ထွက်လာတော့ ဘယ်သူမှ မရှိကြတော့။

"အဲဒါပြောတာပေါ့၊ ဒီမှာ စောင့်မယ်ပြောပြီး .."

ဟိုဟိုဒီဒီလိုက်ကြည့်တော့ အနီးအနားမှာ အားကစားလုပ်နေတဲ့ လူကြီးကို သတိပြုမိလိုက်သည်။ ချောင်းသာကိုအလာတုန်းက သူတို့နဲ့ ကားတစ်စီးတည်းစီးတဲ့ အန်ကယ်ကြီး။

အန်ကယ်ကြီးရဲ့အဖော်က သူမတို့ထက်ကွာလှ လေးငါးနှစ်ပေါ့။ ချောခ်ကာလိုလို ဘာလိုလိုနဲ့ ပခုံးထိရှိတဲ့ ဆံပင်ရှည် အဖြူ





ရောင်နဲ့၊ ရေဘင်မျက်မှန်အနက်နဲ့ အန်ကယ်ကြီးသည် ဒက်ဒီတို့ အသက်အရွယ်လောက် ရှိမည်ဟု ခန့်မှန်းရသည်။

"အန်ကယ်က သမီးတို့နဲ့ ကားတစ်စီးတည်း စီးလာတဲ့ အန်ကယ်မို့လား"

အန်ကယ်ကြီးက စကားမပြောဘဲ ခေါင်းညိတ်ပြကာ မျက်နှာကို တစ်ဖက်လှည့်သည်။

ခူးခူး အန်ကယ်ကြီးမျက်နှာ လှည့်ရာကို လျှောက်ရင်း လိုက်ကြည့်ကာ …

"ဟိုလေ .. သမီးသူငယ်ချင်းတွေ တွေ့မိလားဟင်၊ ဘယ်ဘက်သွားလဲ"

ဦးတက်ဝေ ဒုက္ခရောက်နေပါသည်။

စကားပြောလိုက်ရင် သူ့အသံကို မှတ်မိသွားမှာ သေချာပါသည်။ ဒါကြောင့် မေးဆတ် ပြလိုက်သည်။

"ဟိုဘက်လား၊ ဪ .. ဒါနဲ့ အန်ကယ်က .. ကန်းတော့ စကားမပြောတတ်ဘူးလားဟင်"

မထူးတော့ပြီမို့ ဦးထက်ဝေ ခေါင်းကို စက်ရုပ်လို ခဏခဏ ညိတ်ပြလိုက်ရသည်။

"ဪ .. ဦးထက် .. အဲ .. ဦးတိုက် က ဒီကိုရောက်နေတာကိုး"

သဲသဲ ကမန်းကတန်းပြေးလာရင်း အခြေအနေကို ဝင်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါသည်။ ခူးခူး က ညှော့်ဝတ်အပြုံးလေးနဲ့ …

"မမက အနိကယ့်ရဲ့ .."

သဲသဲ သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ပြုံးပြရင်း …

"ဟို ..မမနဲ့ဦးက သိပ်မကြာခင် လက်ထပ်တော့မှာ၊ ဒါ ပေမယ့် …"

ဦးထက်က ရုပ်တည်ကြီးနဲ့ ပင်လယ်ကြီးကိုကြည့်နေပါသည်။

"မမနဲ့ဦးကို သူ့သမီးက သဘောမတူမှာ စိုးတယ်လေ"

"ရှင် .. ဟို .. ဒါဆို မမက …"

သဲသဲ ကမန်းကတန်း ဝင်ပြောရပါသည်။

"ဟို .. ဆက်မတွေးနဲ့တော့ ညီမလေး၊ ဦးက မုဆိုးမ.. အဲလေ .. မုဆိုးဖို ညီမလေးရဲ့"

"ဩော် .. မမက …"

"အော်ရီဂျင်နယ်အပျိုပါ ညီမလေးရယ်"

သဲသဲ စကားကြောင့် ခူးခူး က နှာခေါင်းရှုံ့ရင်း …

"ဟွန်း .. ဒါများ .. ဘာနာစရာရှိလဲ၊ သူ့အဖေ လူအို ရွတ်တကြီးကို .. အဲ .. ကန်တော့နော် အနိကယ်"

ဦးထက်ဝေ ရယ်လည်းရယ်ချင် .. အောင့်သက်သက်လည်း ဖြစ်မိသည်။

"အပျိုဖြစ်တဲ့မမက ယူရမှာ၊ ကိုယ်ကတောင် နာသေးတယ် မမရယ် .."





"နာတာတော့ အတော်နာတယ် ညီမရယ်"

"ရှင် .."

"ဟို .. ဘဝနာတာကို ပြောတာပါ"

ခူးခူး က ရယ်ရင်း …

"ကဲ .. မမ .. ခူးခူး လည်း သူငယ်ချင်းတွေနောက် လိုက်သွားလိုက်ဦးမယ်၊ နောက်မှ တွေ့ကြတာပေါ့ .. ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင် ညီမလေး"

ခူးခူး ထွက်သွားရာကိုကြည့်ပြီး အတော်ဝေးသွားမှ ဦးထက် ဝေ ခေါင်းကဆံပင်တုကို ချွတ်ကာ …

"ဟူး .. တော်သေးတာပေါ့"

"ဟင် .. ဟိုမှာ …"

ဦးထက် အထိတ်တလန့်နဲ့ ဆံပင်ကို ကမန်းကတန်း ပြန်စွပ် တော့ သဲသဲ က ရယ်ရင်း …

"ရေတွေ လို့ .."

ဦးထက်ဝေ သဲသဲ ကို ကမန်းကတန်းဖက်ကာ သောင်ပြင် ပေါ် အားရပါးရ လှဲအိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြူ .. ဉမ္မာသန်း မတွေ့ပါလား"

ရိုဆက်ပ်ရှင်ကို လျှောက်လာရင်း မဖြူ ဘေးက ခုံမှာ ဝင်ထိုင်ပြီး ကိုကြီးစိုး ပြောတော့ ...

"ဂျာကြီး နိုင်းလိုက်လို့ ဈေးထဲသွားတယ်"

"ဈေးဝယ်ကား ဘယ်နေ့လာမှာလဲ"

"မနက်ဖြန်လေ ကိုကြီးစိုး"

"ဒါနဲ့ ရန်ကုန်က နင့်အမေအခြေအနေရော .. ဘယ်လိုလဲ၊ သက်သာလား"

မဖြူ က သူ့ထက် လေးငါးနှစ်ငယ်သည်။ အနေရိုးရိုးနဲ့ အေးအေးဆေးဆေးနေတတ်သူ။

"ဒီလိုပါပဲ ကိုကြီးစိုး ရယ် .. နာတာရှည်ဆိုတော့ .."

"ဒါဆို နင့်ညီမ ဝေဝေ ပဲ ပြုစုရမှာပေါ့"





"ဒါပဲရှိတာပေါ့၊ ဖေဖေက သူ့အလုပ်နဲ့သူ၊ ညီမလေးက ...ုပ်က မထွက်မဖြစ် ထွက်ပြီး မေမေ့ကို အနီးကပ် ကြီးကြပ် ...ရတာ ကိုကြီးစိုး"

ကိုကြီးစိုး က သက်ပြင်းချပြီး စိတ်မကောင်းဟန်နဲ့ ...

"ဒါပေါ့ဟာ၊ လူတစ်ရ ပူမိရင်တော့ ဆယ်ကုတင် ဆိုတာ"

မဖြူ စိတ်ညစ်ညစ်နဲ့ ...

"လူတစ်ခု ပူမိရယ်တဲ့ ဆယ်ကုဋေ ပါ ကိုကြီးစိုး ရယ်"

ကိုကြီးစိုး လည်း ခပ်ရှက်ရှက်နဲ့ ...

"အဲ .. အဲဒီလိုပေါ့ဟာ .. နင်လည်း ပေါက်တတ်ကရတွေ ...ပ်မိစေနဲ့၊ ကိုယ့်နောက်မှာ ကျောပဲရှိတာ"

မဖြူ က စူပုပ်ပုပ်နဲ့ ...

"ကျွန်မက ဘာလုပ်မိလို့လဲ"

"သြော် .. ဘာမှမလုပ်သေးလို့ နင့်ကို အစ်ကိုတစ်ယောက် ...ုံးမနေတာပေါ့၊ ကိုယ်က နောက်မှာ တာဝန်တွေ၊ ဝတ္တရားတွေ၊ ...းစုတွေနဲ့ အားတင်းပြီးရုန်းရမှာ၊ တကယ်တော့ လူပဲလေ၊ ...တ်လေးရှိလို့ ရည်းစားသနာထားချင်တယ် ဆိုရင်လည်း.."

"ဟာ .. ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

မဖြူ က ရှက်ရှက်နဲ့ပြောတော့ ...

"ငါ ခေါင်းကိုထုလို့ ဘုထွက်သွားဦးမယ်၊ လူကြီးပြောနေ ...နားထောင်စမ်း၊ ရည်းစားသနာ ထားချင်ရင် ထား၊ မတားပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကိုယ်နဲ့ အတွင်းသိအစင်းသိ ကိုယ့်အပေါ်နားလည်တဲ့သူကို ရှာ၊ နင် မရှာပါနဲ့ .. ငါရှာပေးမယ်''

မဖြူ က ပြုံးစိစိနဲ့ ...

''ကိုကြီးစိုး ရှာပေးမယ်၊ ဘယ်သူလဲ''

ကိုကြီးစိုး စဉ်းစားရင်း ...

''အကြော်အလှော်ဆရာ ချက်ကြီးမောင်လွင် ဆိုရင်ရော..''

မဖြူ က နှာခေါင်းရှုံ့ရင်း ...

''တော်ပါ .. အဲဒီလူက ဆွဲကြိုးအကြီးကြီးဆွဲပြီး အမြဲ စွပ်ကျယ်ဝတ်ပြီး ကြွားလုံးထုတ်တတ်တာ၊ ကြာရင် လေဖြတ်မယ် လူ''

''စာရင်းအင်းဌာနက အောင်အောင် ဆိုရင်ရော ..''

''သူက ခွက်ပုန်းသမားတဲ့''

ကိုကြီးစိုး အသေအချာစဉ်းစားနေပြီး ဝမ်းသာအားရနဲ့ ...

''ဟာ .. ငါသိပြီ၊ အဲဒီလူဆိုရင် အပြစ်အနာအဆာ နည်း တယ်၊ သူက စီးပွားရေးလည်း တောင့်တယ်၊ ရေလုပ်ငန်းနဲ့နွယ်နေ တဲ့ ငါတို့ ဟိုတယ်အတွက်လည်း အကျိုးရှိမယ်၊ ဟိုကလာပါ .. ဒီကလာပါ .. လက်မလည်ဘူးနော်''

မဖြူ မျက်လုံးလေး ဝိုင်းရင်း ...

''ဘယ်သူလဲ''

''ဦးရှင်ကြီး .. ဟဲ .. ဟဲ .. သဘောကျလား''





''ဟာ .. ကိုကြီးစိုး ကလဲ ...''

မဖြူ က ဒေါက်ရှက်နဲ့ရယ်တော့ ကိုကြီးစိုး က မဖြူ ကို ကြည့်ရင်း ...

''နင့်အတွက် ငါ ရွေးထားပြီးပါပြီ၊ သူက နင့်ကိုကြိုက်နေ တာဟ''

''ဘယ် .. ဘယ်သူလဲဟင် ..''

''ငါ ...''

''ရှင်!...''

မဖြူ ခေါင်းငုံ့သွားပါသည်။

''နင့်ကို မေတ္တာစစ်နဲ့ ချစ်နေတာပါဟာ၊ ငါ .. ငါ ဖွင့် မပြောရဲလို့ပါ မဖြူ''

မဖြူ က ခေါင်းကုတ်ရင်း ...

''ဟာ .. ဘာတွေလာပြောနေမှန်း မသိဘူး''

''ငါလေ .. နင့် ..''

''ဟာ .. ကိုကြီးစိုး .. ရှာလိုက်ရတာဗျာ''

ပြောလည်း ပြော၊ အနားရောက်ချလာတဲ့ ကိုကြီးသန်း မဖြူ ရဲ့အမူအရာပျက်ပုံကို ကြည့်ပြီး ...

''မဖြူ .. နင် ဘာဖြစ်နေတာလဲ''

''ဘာ .. ဘာမှမဖြစ်ပါဘူး''

ကိုကြီးစိုး က တဟဲဟဲနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ .. ဟဲ ... ပဟေဠိဖွက်တမ်း ကစားနေတာ
ဟို .. လာမယ့် ပဟေဠိတဲပုတ်အစီအစဉ်မှာ ဝင်ပြိုင်မလို့ ..

"ပြိုင်ချင်ရင် ဂျာကြီးနဲ့သွားပြိုင်၊ ခင်ဗျားကို လွှတ်လိုက်
တဲ့၊ ရှာနေတာ ကြာပြီ"

"ဟင် .. ခုနလေးတင် တွေ့လိုက်သေးတယ်၊ ဘာမှမ
လိုက်ပါဘူး"

"ငစိုး ရာ .. ဂျာကြီးဆိုတာ တည့်တည့်တွေ့ရင် မသိ
ယောင်ဆောင်ဘတ်လို့ ဂျာကြီးလို့ နာမည်တွင်နေတာ မင်း အ
ပဲဟာ"

"အေး .. ဒါလည်း ဟုတ်တာပဲ၊ ငါ သွားတွေ့လိုက်
မယ်၊ တော်ကြာ အဆူခံနေရဦးမယ်"

ကိုကြီးစိုး ထွက်သွားတော့ ကိုကြီးသန်း က ...

"ဟဲ့ .. ဘာဟင်းချက်လဲ"

"ချောက်သီးသုပ်နဲ့ ပဲဟင်းချို ကိုကြီးသန်း၊ စားပြီးပြီလား"

"ဘယ်စားရဦးမလဲဟ၊ ထမင်းစားချိန်ကျမှ ဈေးဘက်ထွ
ပြီး ဒေါ်မြ ဆိုင်မှာ သွားအုပ်လိုက်ဦးမယ်"

"ဘာမှ မချက်ဘူးလား"

"ဟာ .. ဒီနေ့ ချက်မလို့ပဲ၊ ဘာချက်လို့ချက်ရမှန်း မသိ
နဲ့ မချက်ဖြစ်တော့ပါဘူးဟာ၊ ဒါနဲ့ နင် ငါးခူစဉ်းကော ချ
တတ်လား"





"အင်း .. ချက်တတ်တာပေါ့"

"ဟာ .. ကွက်တိပဲ"

ဝမ်းသာအားရပြောတော့ မဖြူ ကြောင်တောင်တောင်နဲ့ ...

"ဘာ..ဘာဖြစ်လို့လဲ၊ လန့်လိုက်တာ ကိုကြီးသန်း ရယ်"

"ငါ နင့်ကို ကြိုက်နေတာဟ"

"အမ် .."

ဒီနေ့ကတော့ မဖြူ ရဲ့ ရုပါဆန်းဒေးပါပဲ။

"ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာပေါ့ ဖြူလေး ရယ် .. ငါလေ.. နင့်ကို ကြိုက်နေတာ ကြာပြီဟ၊ ငါကြိုက်တဲ့ ကောင်မလေး၊ ငါကြိုက်တဲ့ ငါးခူစဉ်းကောကို ချက်တတ်တဲ့သူဖြစ်ပါစေလို့ ငါ ဆုတောင်းတာ အကြိမ်ကြိမ်ပါဟာ၊ ပြီးတော့ ဟိုကောင်ငစိုး ကလည်း နင့်ကို ကြိုက်နေတော့ သူ ဖွင့်မပြောခင် .."

မဖြူ က ရယ်ချင်ဟန်နဲ့ ...

"ခုနလေးတင် ဖွင့်ပြောပြီးသွားပြီ"

"ဟင် .. တောက် .. စည်းမရှိတဲ့ကောင်၊ အလေနတော ကောင်၊ ငါပြောပြီးမှ ဖွင့်ပြောပါလား၊ ရုပ်က ငါးလင်ပန်းကို ရေမြွေ နဲ့ စပ်ဖောက်ထားတဲ့ရုပ်နဲ့ .."

မဖြူ ကျိတ်ရယ်မိပါသည်။ ထိုစဉ် ...

"ဟော့ကောင် .. ဘယ်သူ့ကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမ် .. ဟို .. ဟိုလေ .. ငါးလင်ပန်းဆိုပြီး ရေမြွေကို လိမ်ရောင်းတာ၊ အဲဒါကို ပြောတာ .. ဟုတ်တယ်နော် ဖြူလေး"

ကိုကြီးသန်း က တဟဲဟဲနဲ့ ကိုကြီးစိုး ကို မျက်နှာချိုသွေးပါသည်။

"ဟဲ .. ဟဲ ..."

"အဲဒါ ဘာလုပ်တာလဲ"

"မျက်နှာကို သကြားနဲ့ ရောတာလေ"

"ရှပ်ကိုက ချဉ်ဖတ်စော်နံတဲ့ရှပ်၊ မင်း ငါ့ကို ဂျာကြီးမခေါ် နိုင်းဘဲနဲ့ ခေါ်နိုင်းတယ်ဆိုပြီး ဘာလို့လိမ်တာလဲ"

"ရည်းစားစကား ပြောမလို့ .."

"ဘယ်သူ့ကိုလဲ"

"မင်းကို .. ဟာ! ... မဟုတ်ပါဘူး၊ ဖြူလေး ကို ..."

"ဘာကွ .. ငါ အရင်ပြောပြီးသွားပြီ၊ ပြောပြီးစလစ် နံပါတ်တစ်ပဲ"

"တစ်ချင်ရင် အိမ်သာထဲ သွား"

"ဘာလို့ သွားရမှာလဲ"

ငြင်းခုံနေကြတာကြောင့် မဖြူ စိတ်ညစ်လာပါသည်။ အဲဒီ အချိန်မှာ ဂျာကြီး ရောက်ချလာပါတယ်။

"ဘာတွေ ဖြစ်နေကြတာလဲ"

"ဘာဖြစ်ဖြစ်ကွာ .. ဟာ .. ဂျာကြီး၊ ဆော .. ဆောရီး"





ဂျာကြီးကိုမြင်တော့ ကိုကြီးစိုး တို့ တွန့်သွားပါတယ်။ မီးကို [illegible]နဲ့ ငြိမ်းလိုက်သလိုပါပဲ။

"ခင်ဗျားတို့ ဘာလုပ်နေကြလဲဆိုတာ ကျုပ် သိတယ်နော်"

ကိုကြီးသန်း က မေးသည်။

"ဘာလုပ်နေကြလို့လဲဟင်"

ကိုကြီးစိုး က ဖြေသည်။

"ဘာလုပ်နေကြလို့ပေါ့"

"ဟော့ လူတွေ .."

တွန့်ခနဲ ဖြစ်သွားကြသည်။

"လူမှုရေးကိစ္စတွေ အလုပ်ထဲ ခေါ်ခေါ်မလာနဲ့လို့ ပြောထား[illegible]တာ၊ ခင်ဗျားတို့ မသိကြဘူးလား၊ ဖြေစမ်း ကိုကြီးစိုး .."

"လူမှုရေးလေးက အလုပ်ထဲမှာ ရှိနေတော့ .."

"တိတ်စမ်း .."

"ဟို .. ဂျာကြီးပဲ ဖြေဆို .."

"တော်တော့ .. ခင်ဗျားတို့ ထွက်သွားကြစမ်း၊ အသက်ကြီး [illegible] ယ်မှပြန်ချင်သေးတယ်၊ သွားတော့ .."

"ဟုတ် .. ဟုတ်ကဲ့"

ကိုကြီးစိုး နဲ့ ကိုကြီးသန်း လစ်ပြေးပါတော့သည်။

"မဖြူ ညည်းလဲ ကြပ်ကြပ်သတိထား .. အလုပ်အကိုင် အလားအလာနဲ့ အလဟဿကို ခွဲခြားတတ်ရမယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မဖြူ ဇက်ကလေးပုသွားပါသည်။ ခြေလှမ်းနှစ်လှမ်းလောက် လျှောက်ပြီးမှ နောက်ပြန်လှည့်ကြည့်ကာ …

"အလားအလာအကောင်းဆုံးက ငါပဲ၊ ငါ့ကို အလဟဿ စာရင်းထဲ မသွင်းလိုက်ပါနဲ့နော် ဖြူဖြူ .. ဒါပဲ"

"ဟောတော့ .."

မဖြူ ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့ပါသည်။





"သမီးနာမည်က ဘယ်သူလဲ"

အန်တီစပ်စု ရဲ့ မြေးမလေးက သွားကျဲလေးတွေပေါ်အောင် ရယ်ပြရင်း …

"ဂဲဂဲ .."

ဟာသိာ ရေထဲလည်း မဆင်းချင်တာကြောင့် သဲသောင်ပြင် ပေါ်မှာထိုင်ရင်း လမ်းလျှောက်နေသူတွေ၊ ရေကစားနေသူတွေ၊ သောင်ပြင်ပေါ်မှာ ဘောလုံးကန်နေသူတွေကို ငေးကြည့်နေတုန်း ချာတိတ်မလေးက သူ့အနားကို ရောက်လာပါတယ်။

ဟိုကောင်တွေကတော့ ခပ်လှမ်းလှမ်းမှာ ဘောလုံးကန်နေကြပါတယ်။

"သမီးက ကြက်တူရွေးပေါ့"

"ဟင် .. မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးက မကျေမနပ်ဟန်နဲ့ ပြောသည်။

"ဟုတ်တယ်လေ .. ကြက်တူရွေးကို ရွှေဂဲ၊ ဂဲဂဲလို့ ခေါ်တာပဲလေ"

"မီးမီးကိုမွေးတော့ အုဝဲလို့ မအော်ဘူးတဲ့၊ အူဂဲလို့အော်လို့ ဂဲဂဲ လို့ ပေးတာ"

ဟဿံ ကလေးမလေးအဖြေကြောင့် ရယ်မိသည်။

"ဆော့မယ်လေ"

"ဆော့မယ်"

ချာတိတ်မလေးက ခေါင်းညိတ်ပြတော့ သူ ထရပ်ရင်း သဲတွေကို ခါလိုက်ကာ ...

"ကဲ .. ဘယ်လိုဆော့မလဲ .. ပြော"

ကလေးမလေးက နောက်ကျောမှာ ဖွက်ထားတဲ့သူ့လက်ကို ရှေ့ထုတ်ကာ ...

"ဒီမှာ .."

ကလေးမလေးလက်ထဲမှာ ထောင့်ချိုးပုံစံ ကော်ပြားတစ်ခု၊ လေမှာ လွှဲပစ်တဲ့အခါ ပန်ကာလို လည်သွားတတ်တဲ့ ကစားစရာ..။

"ဪ .. ဒါကို လိုက်ဖမ်းရမယ်ပေါ့"

ကလေးမလေးက သွားကျဲလေးတွေပေါ်အောင် ရယ်ပြီး ခေါင်းညိတ်ပြသည်။





"ကဲ .. ပစ် .."

ကလေးမလေးက ပစ်သည်။ ဟဿံ က လိုက်ဖမ်းသည်။ ဟဿံ က ပစ်သည်။ ကလေးမလေးက လိုက်ဖမ်းသည်။

ဒီတစ်ခါ ကလေးမလေး ပစ်အလှည့်။ ကော်ပြားလေးမှာ မွှတ်နေအောင် လည်နေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အဲဒီ ထောင့်ချိုးကော်ပြားက သောင်ပြင်ပေါ်မှာ လမ်းလျှောက်လာတဲ့ ကောင်မလေးတစ်ယောက်ရဲ့ နောက်စိကို ခွပ်ခနဲ ..။

"သွားပြီ .."

နောက်စိကိုထိသွားတဲ့ ကောင်မလေးက စိတ်တိုတိုနဲ့ လှည့်ကြည့်သည်။

"ဒါ ဘယ်သူပစ်တာလဲ"

"သိကြားမင်း"

"ဘာ!..."

"ဖြည်းဖြည်း အော်ပါဗျာ"

ခူးခူး ချာတိတ်မလေးကို ငုံ့ကြည့်ကာ ...

"မီးမီး .. ဒါ ဘယ်သူပစ်တာလဲ"

"ဦးဦး .."

"ဗုဒ္ဓေါ .."

ဂဲဂဲ ကတော့ သည်းသည်းမည်းမည်းကို မ,ပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတော့ သူကော်ပြားကို ဆွဲယူကာ ထွက်ပြေးသွားပါတယ်။

ခူးခူး ခါးထောက်ကာ …

"ဩော် .. ရှင့်လက်ချက်ကိုး၊ ရှင် အားနေလား"

"ဘာလုပ်နိုင်းမလို့လဲ"

"ရှင်နော် .. မရိုင်းနဲ့"

ဟသ်ာ ခေါင်းကုတ်ရင်း …

"သိဘူးလေ၊ ခင်ဗျားပဲ အားလား မေးတော့ .."

"ရှင် အားအားယားယား အနေအထိုင်မတတ်ဘဲ ကမြင်းကြောထနေတာကို ပြောတာ"

စွပ်စွဲချက်တွေက ထောင့်စေ့နေပါသည်။

"ဆောရီးဗျာ .."

"အဲဒီလိုတောင်းပန်ရုံနဲ့ ပြီးမလား"

ဟသ်ာ တောင်းပန်နေတာတောင် မရနိုင်တဲ့ ခူးခူး ကို စိတ်ပျက်လက်ပျက်နဲ့ …

"ဘယ်လိုတောင်းပန်ရမလဲ .. လက်လေးကိုင်ပြီး တောင်းပန်ရမှာလား၊ အာဘွားပေးပြီး တောင်းပန်ရမလား .. ပြော"

"ရှင်နော် .. လ ြန်ပြီ"

"ဟေ့ .. ဟေ့ .. အမှုကြီးအောင် မလုပ်နဲ့၊ ငါ လက်ဖျားနဲ့ တောင် မင်းကို ထိတာ မဟုတ်ဘူး"





"ထိရဲ ထိကြည့်ပါလား"

သူ ရယ်ချင်လာပါသည်။

"ထိတယ်ကွာ .."

"ဟယ် .."

ဟသ်ာ ခူးခူး ရဲ့နှာခေါင်းကို ခပ်ဖွဖွ ဆွဲညှစ်ပြီး ရေထဲကို ပြေးသွားတော့ ခူးခူး ကြောင်ငေးကြည့်နေရာမှ သတိဝင်လာ ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက် ကျန်ရစ်ခဲ့သည်။

ဟသ်ာ ဟိုကောင်တွေ လှိုင်းစီးနေကြတဲ့နေရာကို ရောက် ကိုထက် က ဘောစီးနေရာမှ …

"ဟေ့ကောင်.. ဘာတွေဖြစ်နေတာလဲ၊ ငါ မြင်တယ်နော်"

"လာရစ်နေတာနဲ့ ဖြည်ပေးလိုက်တာ၊ ဒီလိုကွ .."

ဟသ်ာ ပြန်ပြောပြတော့ ဟိုကောင်တွေ သဘောကျကာ ကြသည်။

အဲဒီအချိန်မှာ ခပ်လှမ်းလှမ်းက မြတ်နိုး တို့ တစ်သိုက်လည်း စီးနေကြပါတယ်။

ဝေသူ နဲ့ နန္ဒာ က ဘောနဲ့ လှိုင်းစီးနေရင်း နန္ဒာ ခြေထောက် ရေထဲမှာ တစ်ခုခုနဲ့ လာဆွဲသလို ဖြစ်နေတာကြောင့် …

"ဝေသူ .. ငါ့ခြေထောက်ကို တစ်ခုခု လာဆွဲနေသလိုပဲ၊ လား မသိဘူး"

နန္ဒာ ရဲ့ အလန့်တကြားပြောသံကြောင့် ဝေသူ က …



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ ဘယ်ကမေန်း ရှိရမှာလဲ၊ ဘယ်သူလဲ ‥ လူလား ငါးလား"

စကားမဆုံးခင်မှာ ဝုန်းခနဲ ပေါ်လာတာက …

"ကျွန်တော် မေန်းပါ"

စပ်ဖြီးဖြီးနဲ့ပေါ်လာတဲ့ တင်သော် ရဲ့ မျက်နှာကြီးကြောင့် ဝေသူ နဲ့ နန္ဒာ တို့ တင်သော် ကို လိုက်ရိုက်ပါတော့တယ်။

ဟိုကောင်က ရေကူးကျွမ်းကျင်သူမို့ စွပ်ခနဲ ပြန်ပျောက်ကွယ်သွားပါတယ်။





"ဘွားဘွားစပ်စု၊ ကဲကဲတို့ ဟိုဘက်မှာသွားဆော့ဦးမယ်"

"အေး ‥ အဝေးကြီး မသွားကြနဲ့နော်"

"ဟုတ်ကဲ့ ‥ ဘွားဘွား"

အန့်တီစုစု က မြေးတွေထွက်သွားတော့ ဖတ်လက်စစာအုပ်ကို ဆက်ဖတ်ဖို့ပြင်စဉ်မှာ …

"သတိဝီရိယနဲ့ လှုပ်ရှား"

"စိတ်ချပါ ဆရာကြီး"

"ဒါဆို ပစ္စည်းတွေ ငါမစစ်တော့ဘူး"

"စိတ်ချပါ ဆရာကြီး"

အန့်တီစုစု ကြားလိုက်ရတဲ့အသံကြောင့် သူမ ထိုင်နေရာ ထိုင်ခုံရဲ့နောက်က ဟိုတယ်လ်ခြံဝန်းကို ကာရံထားတဲ့ အုတ်တံတိုင်းကိုကျော်ပြီး ခေါင်းပြူကြည့်မိပါသည်။

"ဟင်!…"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဖြူဆံရှည်နဲ့လူ၊ မျက်မှန်အနက်ကြီးတပ်ထားပြီး ဘောင်းဘီအနက်နဲ့ စတိုင်ကျကျ။ မသိရင် ရုပ်ရှင်ကားထဲက မာဖီးယားဂိုဏ်းစတားလိုလို။ သူ့ရှေ့က လူနှစ်ယောက်ကလည်း နက်ခ်တိုင်၊ ကုတ်အင်္ကျီအနက်၊ ဘောင်းဘီအနက်၊ မျက်မှန်အနက်ကြီးတွေနဲ့၊ တော်တော် နက်နက်နဲနဲ ကြိုက်တတ်သူတွေပါ။ ထိုလူတွေရဲ့ မျက်နှာက လူကြမ်းရုပ်တွေနဲ့ပါ။ နှစ်ယောက်ထဲက တစ်ယောက်က အိတ်အနက်တစ်လုံးကို ကမ်းပေးပါတယ်။ ခေါင်းဖြူဆံရှည်က လှမ်းယူပါတယ်။ ပြီးတော့ ...

"အခြေအနေက ကောင်းတာမဟုတ်ဘူး၊ စစ်ဆေးရေးတွေ ထိပ်တိုက်မတိုးခင် လှုပ်ရှား၊ ကြားလား .. ကျော်ကြီး"

"ပိပိရိရိ ဖြစ်စေရပါမယ် ဆရာကြီး၊ အနံ့အသက် မထွက်စေရပါဘူး"

အန်တီစုစု ဘုရားတ,မိပါသည်။ ဒီလူတွေ ဥပဒေနဲ့မလွတ်ကင်းတဲ့ကိစ္စတစ်ခုခုကိုလုပ်ဖို့ ကြိတ်ကြံစည်နေတာ ဖြစ်မည်ထင်သည်။

"အခုကိစ္စကို ညင်ညင်သာသာ ကိုင်တွယ်လို့မရရင် ငါ့ကိုပြော .."

"စိတ်ချပါ ဆရာကြီး"

"ဒါဆိုရင် သွားတော့"

အနက်ရောင်လူနှစ်ယောက်က ခေါင်းညွှတ် အရိုအသေပေး





ထွက်သွားပါတယ်။ ဦးထက်ဝေ အိတ်ကိုဆွဲပြီး ဟိုတယ်လ်ထဲ ဝင်လာခဲ့ကာ သူ့အခန်းဆီ ပြန်လာပါတယ်။ အခန်းတံခါးဖွင့် ကိုက်တော့ ..

"ဟာ .. ဦးထက် က ဘယ်လျှောက်သွားနေတာလဲ၊ င် .. လက်ထဲကအိတ်က .."

ဦးထက်ဝေ အိတ်ကို ကုတင်ပေါ် လှမ်းပစ်တင်ပြီး ဆံပင် တုကို ချွတ်၊ မျက်မှန်ကိုချွတ်ကာ ဖြစ်သလိုထားလိုက်ရင်း ာ်ရာပေါ် လှဲချလိုက်သည်။

"မနေ့က ကုမ္ပဏီက ကျားကြီးနဲ့ဆင်ကြီးကို လှမ်းခေါ်လိုက် လေ"

သဲသဲ က ဦးထက် စကားကြောင့် ...

"ဂိုဒေါင်က လုံခြုံရေးနှစ်ယောက်လား၊ မသိရင် လူမိုက် း‌တွေ ကျနေတာပဲ"

သဲသဲ စကားကြောင့် ဦးထက် က ရယ်သည်။ ဟုတ်လည်း တ် ပါတယ်။ မသိရင် လူမိုက်လိုလိုနဲ့ တကယ့်ပေါတောတော င်တွေပါ။

"ဟုတ်တယ်၊ ဒီကောင်နှစ်ကောင်က အားကိုးရတယ်၊ အဲဒါ မ်းခေါ်ပြီး ဘေးကဟိုတယ်မှာ ထားထားတာ၊ သမီးကို စောင့် ည့်နိုင်းဖို့လေ၊ ကောင်လေးနဲ့ အဆင်ပြေဖို့က ပိုအရေးကြီးတယ် သဲ"



www.burmeseclassic.com

www.burmeseclassic.com



သဲသဲ က ခေါင်းညိတ်သည်။

"နောက်တစ်ခု ရှိသေးတယ်၊ ဒီကောင်တွေက အချ
အပြုတ် ကောင်းတယ်၊ ဦးထက် နယ်သွားရင် ဒီကောင်တွေ
က တစ်ယောက်ယောက်ကို ခေါ်ခေါ်သွားရတယ်၊ အခုလည်း.."

ဦးထက် အပြင်ကကြားမှာကို စိုးရိမ်ပုံနဲ့ တိုးတိုးလေး ဆ
ပြောသည်။

"ဒီမှာက ဂဏန်းတွေပေါတယ် သဲသဲ ရဲ့ .. အဲဒါ ဟိုတ
မှာ ဝယ်စားရင် ဈေးကြီးလွန်းလို့ အပြင်မှာ ဝယ်ချက်ခိုင်း
ဟိုတယ်လ်က လူတွေမသိအောင် လာပို့ခိုင်းမလို့"

သဲသဲ က နှုတ်ခမ်းစူရင်း ...

"ဦးထက် က ကပ်စေးနည်းနေပြန်ပြီ"

"ကပ်စေးနည်းတာ မဟုတ်ဘူး၊ အပြင်ကချက်တာ
အရသာတစ်မျိုး သဲသဲ ရဲ့ .. မယုံရင် စားကြည့်"

သဲသဲ က စဉ်းစားဟန်နဲ့ ...

"ဟိုတယ်လုံခြုံရေးတွေ တွေ့သွားမှဖြင့် ဦးထက်ရယ်"

ဦးထက်က ယုံကြည်စိတ်ချတဲ့လေသံနဲ့ ...

"မပူစမ်းပါနဲ့ သဲသဲ ရယ် .. စီစီစစ်စစ်ကို သေ
ချက်ခိုင်းထားတာ၊ လက်မတွေ ကျိုးမှာစိုးလို့ လက်မလွှန်
ညင်ညင်သာသာ ကိုင်တွယ်လို့ မရရင် လှမ်းပြော၊ အခြေအနေ
ကောင်းတာမဟုတ်ဘူး၊ စစ်ဆေးရေးတွေ ထိပ်တိုက်မတိုး





ပ်ရှား ..၊ ဒီကောင်ကြေကလည်း ပြောပါတယ်၊ အနံ့အသက်
ဘောင် မထွက်စေရဘူး၊ ဝိပိရိရိ ဖြစ်စေရပါမယ်တဲ့၊ ကဲ .."

သဲသဲက ဦးထက်စကားကြောင့် ရယ်ကာ ...

"ဦးထက် ကလေ .. လူဆိုးဗိုလ်ကြီးကျနေတာပဲ"

"ဦးထက် က လူဆိုးဗိုလ် မဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"မုဆိုးဖို .."

သဲသဲ က သဘောကျစွာ ရယ်သည်။

"ဟိုအိတ်က .."

"ဦးထက် မှာလိုက်တဲ့ အဝတ်အစားတွေပါ"

ဒီအကြောင်းတွေကိုတော့ အန်တီစုစု မသိလိုက်ပါ။ သူမ
သိလိုက်တာကတစ်မျိုး ..။



www.burmeseclassic.com

www.burmeseclassic.com



" ဒီညတော့ ပွဲပဲ"

ခရီးရောက်မဆိုက် မိုးဆွေ က ပြောတော့ ...

"ဘာပွဲလဲ .. နတ်ကနားပွဲလား"

မင်းနိုင် က ရွှတ်နောက်နောက်ပြောတော့ မိုးဆွေ က ရယ်သည်။

"မနက်ဖြန် သင်္ကြန်အကြိုလေ"

"အဲဒီတော့ .."

"ဟိုတယ်ပိုင်ရှင်က ရန်ကုန်ကနေ လှမ်းအကြောင်းကြားတယ်တဲ့"

"ဘာတဲ့လဲ ..၊ ဒေဝါလီခံသွားပြီတဲ့လား"

"ဒေဝါလီက အထီးလား၊ အမလား"

တင်သော့ စကားကြောင့် ကိုထက် က တင်သော့ ကို လှမ်းကန်ပါတယ်။





ဟသ်ာ က ပြုံးရင်း ...

"ကဲ .. တော်ပါတော့၊ မိုးဆွေ .. မင်း ပြောစရာရှိတာဆက်ပြော၊ ကျွေ့ဝိုက်မနေနဲ့"

မိုးဆွေ ခေါင်းကုတ်ရင်း ...

"အေးပါ၊ ဩော် .. ပိုင်ရှင်က ဒီည နှစ်သစ်ကိုကြိုဆိုတဲ့အနေနဲ့ ညဆယ့်နှစ်နာရီအထိ ဟိုတယ်ဝင်းထဲမှာ ပျော်ပွဲရွှင်ပွဲ၊ အပွဲသောက်ပွဲ လုပ်ပေးမယ်တဲ့"

အားလုံး ဝမ်းသာအားရ ထအော်ကြပါသည်။

"ပြီးတော့ ဂိမ်းကစားတာတို့၊ မဲနှိုက်ပြီး ရေလောင်းခိုင်းတာတို့ အစုံပဲ"

ဟသ်ာက လက်ထဲကဂစ်တာကို နံရံမှာ လှမ်းမှီထောင်ရင်း ..

"မင်း မြတ်နိုး ကို ရေမလောင်းချင်ဘူးလား"

"ဟာကွာ .."

"မလောင်းချင်ဘူးလား၊ ဒါဆိုလည်း ထားလိုက်တော့"

ဟသ်ာ က ရုပ်တည်နဲ့ပြောတော့ ...

"ဟာကွာ .. လောင်းချင်တာပေါ့ကွ"

"ငါတို့ ခွင်ဆင်ပေးမယ်"

"ဖြစ်ပါ့မလားကွ၊ ငါ့ကိုတွေ့တာနဲ့ မျက်နှာက ပျက်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟသ်ာ ပါကွာ"

ကိုထက် က ဟသ်ာ စကားကြောင့် ...

"အဖိုက အောက်ကနော်"

ဟသ်ာ ပြန်ချေပဖို့ ပါးစပ်မဟာခင် တင်သော် က ..

"အကျောပေးထားတာလေ"

မင်းနိုင် ရယ်ကျဲကျဲနဲ့ ...

"ကျောရရုံ ကြံတာပါကွာ"

ဟသ်ာ အနီးဆုံးမှာရှိနေတဲ့ မင်းနိုင် ကို လှမ်းထိုးတော့ မင်းနိုင် ထပြေးပါတယ်။

ကိုထက် က မိုးဆွေ ကို လှမ်းမေးသည်။

"မင်း အားပြီလား"

မိုးဆွေ ခေါင်းညိတ်ကာ ...

"ဂျူတီပြီးပြီလေ"

"ဒါဆို ရေထဲဆင်းရအောင်"

တင်သော်က စပ်ဖြဲဖြဲနဲ့ ...

"ကျွန်တော် ငမန်းပါ"

ဟိုနေ့က အဖြစ်အပျက်ရဲ့စကားမို့ အားလုံး ဝိုင်းရယ်ကြသည်။

"ကဲ .. ရယ်မနေနဲ့ .. ထ၊ အဝတ်အစားလဲ၊ မိုးဆွေ .. ပြန်လဲမနေနဲ့၊ ငါ့ဘောင်းဘီ ယူဝတ်"





"ဟာကွာ .."

"အားနာလို့လား"

"အစေကြီးကတည်းက မပြောလို့ .."

"ခွေးကောင် .."

သူတို့ အဝတ်အစားလဲပြီး ရေထဲ ပြေးဆင်းကြသည်။

"တင်သော် .. ဟိုမှာ မင်းရဲ့ငမန်းမလေးတွေ"

ကိုထက် လှမ်းပြောတော့ ရှူးရှူး တို့ အုပ်စုထဲက ဝေဆူ [illegible] လှိုင်းစီးနေကြတာကို တင်သော် လှမ်းမြင်လိုက်သည်။

"ငါ သွားစလိုက်ဦးမယ်"

"စပဲစနော်၊ ကိုယ်ထိလက်ရောက် မကျူးလွန်မိစေနဲ့"

တင်သော် က ရယ်ကျဲကျဲနဲ့ ...

"ငါက မိကျောင်းဖခင်သားပါ"

တင်သော့် စကားကြောင့် ကိုထက် က ရယ်သည်။ တင်သော် ရေနက်ဘက်ကနေ အလိုက်သင့်ကူးလာရင်း အရှိန်နဲ့ပြေးဆင်းလာတဲ့ လှိုင်းကြောင့် ကိုယ်ကိုအလှည့် ...

"ဟာ!... သွားပြီ"

တင်သော် ပြဿနာစတက်ပါပြီ။ ဟိုကောင်တွေရှိရာကို မျှော်ကြည့်တော့ ဟိုကောင်တွေက ရေထဲမဆင်းသေးဘဲ အုန်းသီးခိုင်မှာ အုန်းရည်သောက်နေကြသည်။

တင်သော် ထသွားလို့လည်း မဖြစ်။ လှိုင်းလုံးရဲ့ရိုက်ခတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရေလှိုင်းရဲ့ဆွဲအားနဲ့ သူ့ရဲ့ဘောင်းဘီက မရှိတော့

ဝတ်ထားတဲ့အကျႌကို အတင်းဆွဲဆန့်မိသည်။ သူ ရေထဲမှာ လ

လျှောက်ရင်း ခါးလောက်အရောက်မှာ ရပ်လိုက်ရသည်။ ဆ

သွားရင် ပြဿနာက ရှိသည်။

တင်သော် ဟိုကောင်တွေကို လက်ပြရင်း လှမ်းခေါ်တော့

ဟိုကောင်တွေက ဘာအတွေးပေါက်သည်မသိ၊ လက်ပြန်ပြ

သည်။

ဘယ်လိုလှမ်းခေါ်ရမှန်း မသိတဲ့ သူ့အဖြစ်က သောင်ပြင်မှာ

လွှတ်တဲ့ ခွေးတစ်ကောင်လို။ ခွေးဆိုရင်တောင်မှ ခပ်တည်တည်

အမြီးလေး တနန့်နန့်နဲ့ ဖြတ်လျှောက်သွားလို့ ရသည်။

မထူးတော့တဲ့အခြေအနေမို့ မျက်နှာပြောင်တိုက်ကာ မျက်

မှန်းတန်းမိနေတဲ့ ဝေသူ တို့ လှိုင်းစီးနေတဲ့နေရာကို ကူးသွား

လိုက်ပါတယ်။

သူမတို့နှစ်ယောက်က တစ်ယောက်တစ်လှည့် လေထိုးထား

တဲ့ သဘော်ကို စီးနေကြပါတယ်။ တင်သော် ရေထဲကနေ သူမတို့

လေသဘော်ပေါင်ကို လှမ်းဖက်တော့ ..

"ရှင် .. ရှင် .. ငမန်း"

ဝေသူ က ရုတ်တရက်မို့ အဲဒီလို အော်လိုက်မိသည်။

တင်သော် က စပ်ဖြဲဖြဲနဲ့ ...

"ဟိုလေ .. နားနဲ့မနာ၊ ဖဝါးနဲ့နာပြီး ကျွန်တော့်ကို ကူညီ





ပါလား .."

နန္ဒာ က သိပ်ယုံကြည်ပုံ မပေါ်။

"ရှင် ဘာလာရောတာလဲ"

"မနောက်ပါဘူးဗျာ"

"ကဲ .. ကျွန်မတို့က ဘာကူညီရမှာလဲ"

ဝေသူ စကားကြောင့် တင်သော် ခေါင်းကုတ်ရင်း ပြောရ

ခက်နေတာကြောင့် နန္ဒာ က ...

"ပြောမယ့်အရေး .. ဘာဖြစ်နေတာလဲ"

"ဟိုလေ .. ခင်ဗျားတို့ တစ်မျိုးမထင်နဲ့နော်"

နန္ဒာ က စိတ်မရှည်ပုံနဲ့ ...

"ကဲ .. ကိုငမန်း .. ရှင်ပြောဦးမှာလား၊ မပြောရင်လည်း

နေခဲ့တော့၊ ကျွန်မတို့ အပေါ်တက်တော့မှာ"

"ပြောပါ့မယ်ဗျာ၊ ဟိုမှာထိုင်နေတဲ့ ကျွန်တော့်သူငယ်ချင်း

တစ်ယောက်ယောက်ကို ဒီကိုလွှတ်ပေးပါလား"

ဝေသူ က တင်သော့် ကို မျက်စောင်းထိုးရင်း ...

"လူကိုများ အကျောကြီးနဲ့၊ ရှင့်ဘာသာ သွားခေါ်ပါလား"

"အေးလေ"

"ခေါ်လို့ မရလို့ပါဗျာ"

"ဘယ်လို .."

ဝေသူ တို့က တင်သော့် စကားကို နားမရှင်းတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးမိတော့ ...

"မထူးပါဘူးဗျာ .. ထွက်တော့မပြေးနဲ့နော်"

"ဘာလို့ ပြေးရမှာလဲ"

"ကျွန်တော် လိုင်းစီးရင်း ဘောင်းဘီကျွတ်သွားလို့"

"အမလေး .."

"ရှင် .. ရှင် ..."

ဝေသူ တို့ မျက်နှာတွေ ရဲခနဲ။ သူမတို့မျက်လုံးကလည်း ယောင်ပြီး တင်သော် ခန္ဓာကိုယ်အောက်ပိုင်းကို မရဲတရဲကြည့်မိတော့ ...

"ခင် .. ခင်ဗျားတို့ ဘာကြည့်တာလဲ"

"မကြည့်ပါဘူး"

"လုပ်ပါဗျာ .. ကျွန်တော် ချမ်းလာပြီ"

"အင်း .. အင်း .. ပြောပေးမယ်နော်"

ဝေသူ တို့ တစ်ချိုးတည်း ထပြေးပါတော့သည်။

တင်သော် ရေထဲကနေ သူမတို့ ပြောမပြောကို လှမ်းကြည့်နေမိသည်။

ဝေသူ နဲ့ နန္ဒာ ဟဿာ တို့ ရှေ့ကကျော်သွားတော့ တင်သော် ကိုယ့်နဖူးကိုယ်ရိုက်ရင်း ...

"သွားပါပြီ"

ဝေသူ နဲ့ နန္ဒာ လည်း ကျော်သွားပြီးမှ နှစ်ယောက်စလုံး





မြင်တူ မရည်ရွယ်ဘဲ ရပ်လိုက်မိကာ ...

"နင်သွားပြောလေ"

"ဟာ .. ငါမပြောရဲဘူး၊ နင်ပြော .."

"လာဟာ .. မပြောတော့ဘူး၊ သူ့ကိစ္စ သူရှင်းလိမ့်မယ်"

နန္ဒာ စကားကြောင့် ဝေသူ က ...

"ဟယ် .. မကောင်းပါဘူးဟယ်၊ ဟိုက ဒုက္ခရောက်နေတာ၊ လာဟာ .. နှစ်ယောက်စလုံး ရှေ့မျက်နှာ နောက်ထားပြီး သွားပြောရအောင်"

"ဒါဆိုလည်း နင် ရှေ့ကသွား .."

ဝေသူ က ရှေ့ကသွားတော့ နန္ဒာ က နောက်ကလိုက်သည်။ ဟဿာ သူတို့ဆီ တည့်တည့်လျှောက်လာတဲ့ ဝေသူ နဲ့ နန္ဒာ ကိုမြင်တော့ ဟိုကောင် တင်သော် မဟုတ်ကဟုတ်ကလုပ်လို့ လာတိုင်တယ်ထင်ပြီး ...

"ဘာပြဿနာတက်ကြလို့လဲဟင်၊ ဒီကောင်ကွာ .."

ဝေသူ ပြောရခက်နေရင်း ...

"ဘာမှပြဿနာမတက်ဘူး၊ ပြဿနာတက်နေတာက ရှင်တို့လူ .."

"ဗျာ! ..."

ဝေသူ စကားကြောင့် အလည်လည်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ..."

ကိုထက် နားမလည်နိုင်စွာမေးတော့ နန္ဒာ က ပြောချင်စော နဲ့ ...

"ရှင့်လူ အောက်ပိုင်းမရှိတော့ဘူး"

မင်းနိုင် က နန္ဒာ့ စကားကြောင့် ...

"ဟာ .. ငါးပုတင်းတွတ်သွားလို့လား"

"မင်းနိုင် .. ငါးပုတင်း မဖြစ်နိုင်ဘူး၊ ငါးမန်းပဲ ဖြစ်မယ်"

မိုးဆွေ ကလည်း ကြောင်တောင်တောင်နဲ့ ...

"အောက်ပိုင်းဆိုတော့ ဘယ်ထိပါသွားလဲ"

ဝေသူ တို့မျက်နှာ ဘယ်မှာချထားရမှန်း မသိအောင် အခက်တွေ့နေရင်း ...

"အဲဒါ ရှင့်လူရှင် ပြန်မေးကြည့်၊ ကဲ .. သွားပြီ"

နန္ဒာ့ လက်ကို ဆွဲပြီးထွက်သွားတော့ တစ်အုပ်စုလုံး ဝုန်းခနဲ ထကာ တင်သော် ရှိရာကို ပြေးကြသည်။

တင်သော် အခုမှ စိတ်အေးသွားရပါသည်။ အရင်ဆုံးရောက်လာတဲ့ မိုးဆွေ က ...

"ဟော့ကောင် .. အောက်ပိုင်း မရှိတော့ဘူးဆို"

"မင်းကို ငါးပုတင်းတွတ်သွားတာလား"

"ဟာ .. ဘယ်က အောက်ပိုင်းမရှိရမှာလဲ"

တင်သော့် စကားကြောင့် ကိုထက် က ...





"ငါတို့ကို ဟိုဟာမလေးတွေ ပြောသွားတာ"

တင်သော် စပ်ဖြီးဖြီးနဲ့ ...

"အောက်ပိုင်းမရှိတာတော့ မရှိတာပဲ၊ ဟို .. လှိုင်းစီးရင်း ဘောင်းဘီကချောင်နေတော့ လှိုင်းနဲ့ပါသွားတာ"

တင်သော့် စကားကြောင့် အားလုံး ဝိုင်းရယ်မိကြသည်။

နောက်တော့ မင်းနိုင် ဘန်ဂလိုဆီ ပြန်ပြေးကာ ဘောင်းဘီ တစ်ထည် သွားယူလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



※ အစဉ်အလာအရ ဒါဟာ မင်္ဂလာညပါပဲ။

ရေစက်တွေ မင်းအပေါ် ခုန်ချ ..

အဲဒီလိုကြုံခွင့်ရဖို့ ငါ ရင်ခုန်မိဖူးတယ် ..။

※ တစ်နေ့တော့ လွမ်းရမယ်ဆိုတာ သိလည်း

ဒီနေ့အထိတော့ သည်းသည်းမည်းမည်း ချစ်နေဆဲပါပဲ

※ ဒီကမ်းခြေမှာ ပိတောက်တွေ မပွင့်လည်း

ငါ့ရင်ထဲမှာ ပိတောက်တွေ ပွင့်နေတယ် ..။

ထားပါလေ .. မင်းလိုပါပဲ ..

သကြၤန်မှာ ရင်မခုန်ချင်တဲ့ပန်းက

ဖာတ်လမ်းဖြတ်ပြီး ပြောပေမယ့်

မင်းမရှိလည်း ..

အဝါရောင်အလွမ်းများနဲ့ ..

အဝါရောင် အခမ်းအနားကို စကြ ..။







**စား**ကြသောက်ကြ ပျော်ကြပါးကြရင်း ဟိုတယ်က ကျွေး သမျှ အစားအစာနဲ့ တိုက်သမျှ အချိုရည်တွေသောက်ပြီး ဆီးက ...လာတာကြောင့် အန်တီစုစု တို့ရှင်းလက်သွားပြီးအပြန်မှာ မှောင် ...ကျနေရာကိုအရောက် မလှမ်းမကမ်းက စကားပြောသံသဲ့သဲ့ ကြောင့် နားစွင့်မိပါသည်။

"ကျားကြီး .. ငါ စီစဉ်ထားတဲ့အတိုင်း မလွဲစေနဲ့နော်၊ ကောင်မလေးက သရဲဆိုပြီး လန့်သွားအောင် မင်းလုပ်၊ ငါက ...ဘက်တစ်ခြမ်းကို အဆင်ပြေအောင် စီစဉ်ထားမယ်"

"မင်းက ဘယ်နှစ်နာရီဆို ကောင်မလေးကို လွှတ်လိုက်မှာ ...ဲ"

"ကိုးနာရီတိတိ .. မင်း ရေစပ်မှာစောင့်နေ၊ ကောင်မလေး ... အနက်ရောင်ဝမ်းဆက်နဲ့ လာလိမ့်မယ်"

"စိတ်ချပါကွာ .."



www.burmeseclassic.com

www.burmeseclassic.com



အန်တီစုစု ဒါ ဟိုခေါင်းဖြူရဲ့လူတွေမှန်း သိလိုက်တာကြောင့် သေချာနားထောင်ကြည့်မိတော့ သူတို့ ခူးခူး ကို သရဲခြောက်ဖို့ အစီအစဉ်ဆွဲနေတာမှန်း ရိပ်မိလိုက်သည်။

ကျားကြီး နဲ့ ဆင်ကြီး လည်း တိုးတိုးပြောပြီး လူစုခွဲလိုက်ပါ သည်။ အန်တီစုစု မှောင်ရိပ်ထဲမှာ ပြုံးလိုက်သည်။ တွေ့ကြသေး တာပေါ့လို့ ..။

အမှန်က ဆင်ကြီး က ဟသာ ကို ကမ်းခြေက ပ,ထုတ် မယ်၊ ကျားကြီး က ကောင်မလေးကို သရဲခြောက်၊ ကောင်မလေး က လန့်ပြီး ဟသာ ကို ပြေးဖက်၊ ဒီလို အစီအစဉ်ဆွဲထားကြ တာပါ။

ဇာတ်ညွှန်းဆရာကြီးက သဲသဲ လေ။ သူတို့ဆရာရဲ့ ကြင်ရာ တော်။

အန်တီစပ်စု ပွဲခင်းထဲရောက်တော့ အများနည်းတူ ဟေးဟေး ဟားဟားနဲ့ အတူလိုက်ပျော်ရင်း ခူးခူး ကို မျက်ခြေမပြတ် လိုက်ကြည့်သည်။

သူ့မြေးအကြီးကောင် ကဲကဲ ကို မှာစရာရှိတာ မှာထားလိုက် သည်။ သူ့မြေးတွေကလည်း စိတ်ချရပါသည်။ တအောင့်ကြာ တော့ ခူးခူး ဆီ ဖုန်းဝင်လာခြင်းနဲ့အတူ အန်တီစုစု ပျောက်သွား တာ ဘယ်သူမှ မသိလိုက်ကြ ..။

ခူးခူး ဖုန်းမြည်သံကြောင့် နားထောင်လိုက်တော့ ...





"ဟလို.. နွေတန်ခူး လား၊ ဟို .. ကမ်းခြေဘက် ထွက် ...လို့ရမလား၊ ကျွန်တော် ပြောစရာလေး ရှိလို့ပါ"

"ရှင်က ဘယ်သူလဲ"

ခူးခူး အသံကြောင့် မိနိုး က လှည့်ကြည့်ရင်း ...

"ဘယ်သူလဲ .."

ခူးခူး က လက်ကာပြီး ဖုန်းကိုဆက်နားထောင်တော့ တစ် ...က ...

"ကျွန်တော် ခင်ဗျားနဲ့ လက်ထပ်မယ့်သူပါ"

"ရှင် ..."

"ခင်ဗျား ထွက်လာမယ် မဟုတ်လား"

ခူးခူး သက်ပြင်းချရင်း ကိုယ်နဲ့လက်ထပ်မယ့်လူဆိုတော့ ...းတယ်ရှိအောင် ကြည့်ချင်တာကြောင့် ...

"အင်းလေ .. ကျွန်မ ထွက်လာခဲ့မယ်"

ခူးခူး ဟိုတယ်ထဲကထွက်လာပြီး သောင်ပြင်အစပ်ရောက် ...့ ကလေးငိုသံကြားရတာကြောင့် လှမ်းကြည့်လိုက်သည်။

"ဟင် .. သမီး"

ခပ်လှမ်းလှမ်း သဲသောင်ပြင်ရဲ့ မှောင်ရိပ်ကျကျနေရာမှာ ...းမလေးတစ်ယောက် ငိုနေတာကြောင့် သူမ ခပ်မြန်မြန် ...က်ပြီး ကလေးမလေးဘေးမှာ ထိုင်လိုက်ရင်း ...

"ဘာဖြစ်လို့ ငိုနေတာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး .. ချော်လဲသွားလို့ .. နာတယ်"

ကလေးမလေးရဲ့စကားကြောင့် ခူးခူး စိုးရိမ်တကြီးနဲ့ ထူ
ပေးတော့ ....

"အား!... နာတယ်"

"သမီးရဲ့ အဖေနဲ့အမေရော .."

ကလေးမလေးက ဆက်ငိုနေရင်းနဲ့ ...

"ဖွားစပ်စု နဲ့ လာတာ၊ အီး .. နာတယ်"

ကလေးမလေးစကားကြောင့် သူတို့နဲ့အတူ ကားပေါ်မှာ
ပါလာတဲ့ အန့်တီစုစု ရဲ့ မြေးသုံးယောက်ထဲက တစ်ယောက်မှန်း
သိလိုက်ပါတယ်။

"ကဲ .. မမ သမီးကိုချီပြီး အန့်တီစုစု ကို လိုက်ရှာပေးမယ်
နော်"

"ဟုတ်ကဲ့ .."

ခူးခူး သူနဲ့ ချိန်းထားတဲ့လူကိုလည်း သတိမရတော့ဘဲ
ဟိုတယ်ထဲပြန်ဝင်ကာ အန့်တီစုစု ကို လိုက်ရှာနေသည်။

ကျားကြီး သူ့မျက်နှာကို ဆေးမည်းတွေ သုတ်၊ မျက်လုံးမှာ
ထုံးကွင်းနှစ်ကွင်းဝိုင်းပြီး ကုပ်ချောင်းချောင်းနဲ့ လရောင်မလင်း
တလင်းရှိနေတဲ့ သဲသောင်ပြင်မှာ ခူးခူး ကို လိုက်ရှာနေပါတယ်။

သောင်ပြင်မှာ ဘယ်သူမှမရှိ။ ဟိုးခပ်ဝေးဝေးက မီးပုံပွဲ
ကာရာအိုကေဆိုနေကြတဲ့အသံတွေကို တစ်ချက်တစ်ချက် ကြား





ပါတယ်။

"ဟော .. ဟိုမှာ"

ရေစပ်မှာ ကျောပေးပြီး ပင်လယ်ကို ကြည့်နေသူတစ်
ယောက်။ ဆင်ကြီး ပြောတဲ့ အနက်ရောင်ဝတ်စုံ ဝတ်ထားတယ်ဆို
တော့ ခူးခူး ဆိုတဲ့ ကောင်မလေးပဲ ဖြစ်မည်။

ဟုတ်ပါတယ် .. ဆံပင်တွေက လွင့်လို့။

ကျားကြီး သူမနားကို မသိမသာကပ်သွားရင်း အနားနား
ရောက်မှာ ကောင်မလေးပခုံးကို လှမ်းပုတ်လိုက်သည်။ ကောင်
လေးက ရုတ်တရက်လှည့်အကြည့် ...

"အောင်မလေးဗျ .. သရဲ .."

ရုတ်တရက်မြင်လိုက်ရတဲ့ သရဲမျက်နှာကြီးကြောင့် ကျားကြီး
တစ်ချိုးတည်း ထွက်ပြေးပါတော့တယ်။ သူ ဦးတည်ရာမဲ့ပြေးနေ
ရင်း သဲသောင်ပြင်ရဲ့အဆုံးမှာ သဲကမူမို့မို့လေးကို ခလုတ်တိုက်ပြီး
ပစ်လဲအကျမှာ နောက်ကိုပြန်လှည့်ကြည့်တော့ ဘာမှမတွေ့။

"တော်ပါသေးရဲ့ .."

ကြောက်စိတ်က နည်းနည်းပြေသွားပြီး အမောဖြေနေစဉ်မှာ
ရှေ့က သဲကမူကုန်းလေးက လှုပ်ရှားလာသလိုလို ..။ သူ
မျက်လုံးအပြူးသားနဲ့ကြည့်နေတုန်း သဲထဲက မီးတွေလင်းလာကာ
သဲကမူကုန်းလေးနှစ်ခုက လူးလွန့်လာပြီး သရဲလေးနှစ်ကောင်
ဟာတန်းလန်းနဲ့ မျက်နှာမှာ မီးရောင်တွေအဖွေးသားနဲ့ သူ့ကိုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာကို မြင်လိုက်ရတော့ …

"အောင်မလေးဗျ .. သ .. ရဲ ..''

အော်လည်းအော် တစ်ချိုးတည်း လစ်ပြေးပါတော့သည

သရဲလေးနှစ်ကောင်က သဲထဲက ခတ်မီးတွေကို ပြန်ထုတ်

သရဲမျက်နှာဖုံးတွေချွတ်ကာ တဟားဟား ရယ်နေကြပါတယ

"ပြေးပြီလား ..''

အန်တီစုမှု က ဝတ်ရုံမည်းကြီး တကားကား၊ လက်

ဆံပင်အတုနဲ့ သရဲမျက်နှာဖုံးကို ကိုင်ပြီး မေးတော့ သူ

နှစ်ယောက်ဖြစ်တဲ့ ကဲကဲ နဲ့ ဂျဲဂျဲ က …

"ပြေးတာ တန်းနေတာပဲ ဘွား''

ဘွားစပ်စု က ရယ်သည်။

"ဘာရမလဲ၊ စပ်စပ်စုစု စပ်စုတဲ့ .. မှတ်ထား၊ ကဲ

ပွဲခင်းပြန်ရအောင်၊ ကဲကဲ ဟိုကောင်မလေးကိုထိန်းထားတာ

ရင် အလိမ်ပေါ်သွားလိမ့်မယ်''

ဘွားစပ်စု နဲ့ သူ့မြေးနှစ်ယောက် မှောင်ထဲမှာ ပျောက်သွ

ကြပါတယ်။

ဟာသိ လည်း ခုနက ဟိုတယ်ဝန်ထမ်းတစ်ယောက်

အစ်ကို့ကို လူတစ်ယောက် ကမ်းခြေမှာစောင့်နေတယ်လို့ လာ

တာကြောင့် ဘယ်သူမှန်းမသိတာနဲ့ ကမ်းခြေဘက်ကိုအလာ၊ သ

လို့ အော်ပြီးပြေးလာတဲ့လူနဲ့ ထိပ်တိုက်တွေ့တော့ …





"ဟေ့လူ .. ဘယ်မလဲ သရဲ .. ဟင်''

မျက်နှာပုံဆိုးယန်းဆိုးနဲ့လူက သရဲလို့အော်ပြီး ပြေးလာပေမယ့်

သူ့မျက်နှာ လုပ်ထားပုံက သရဲထက်တောင် ကြောက်စရာကောင်း

နေပါသေးတယ်။

"ဟုတ်တယ်၊ ကမ်းခြေမှာ ..''

"ခင်ဗျားက သရဲကိုကြောက်တယ်''

ဟိုလူက အမောဆို့နေရင်း …

"ဟာ .. ကြောက်တာပေါ့ဗျ''

ဟာသိ က နှာခေါင်းရှုံ့လိုက်ပြီး …

"ခင်ဗျားကို သရဲမြင်ရင် သရဲကတောင် ထွက်ပြေးသွားဦး

မယ်''

"ဗျာ!…''

"ဘယ်လိုလူမှန်း မသိဘူး''

စိတ်ပေါက်ပေါက်နဲ့ပြောပြီး ထွက်သွားတော့ ကျားကြီးက

အခုမှ သတိရကာ သူ့မျက်နှာသူ ပြန်စမ်းကြည့်လိုက်သည်။

"သွားပြီ ..''



www.burmeseclassic.com

www.burmeseclassic.com



ကိုထက် က ကိုကြီးသန်း ကို သေချာမှာနေပါသည်။

"ကွက်တိနော် ကိုကြီးသန်း"

"စိတ်ချပါ မောင်ထက် ရာ .. ကိုကြီးသန်း ပါကွ၊ မင်းပြောတဲ့ ဆယ့်နှစ်နာရီ ဒေါင်ဆိုတာနဲ့ မီးပိတ်လိုက်မယ်၊ ငါ့ကောင်ဝင်းစိုး ကို သေချာမှာပြီးသား၊ ဟိုကောင် မိုးဆွေ ကိုသာ မြန်မြန်ရေလောင်းခိုင်း၊ မီးက ခဏပဲပိတ်ထားလို့ရမှာ"

ကိုကြီးသန်း စကားကြောင့် ကိုကြီးစိုး ကလည်း ...

"ပိပိရိရိလုပ်နော် .. တော်ကြာ တလွဲတချော်တွေ ဖြစ်နေဦးမယ်၊ မိုးဆွေ .. ရေလောင်းပြီးတာနဲ့ ခွက်ကို အပင်တွေကြားထဲလွှင့်ပစ်လိုက် .."

မိုးဆွေ က ပြုံးစိစိနဲ့ ခေါင်းညိတ်ပြပါသည်။ ကိုကြီးသန်း က လည်း သူ့အကြံနဲ့သူပါ။ မီးပိတ်တာနဲ့ သူလည်း ဖြူလေး ကို သွားလောင်းမယ်ပေါ့။ သူ့အတွေးနဲ့သူ ကျိတ်ပျော်နေပါသည်။





"ဟော .. ဂျာကြီး ဘာပြောနေလဲ မသိဘူး၊ နားထောင်မင်း"

ကိုကြီးစိုး စကားကြောင့် ဂျာကြီးဆီ သူတို့ အာရုံရောက်သွားပါသည်။ မဖြူ ကတော့ ဘွားစပ်စု နဲ့ စကားပြောနေပါတယ်။ ယောက်သား ဘာတွေသဘောကျနေမှန်း မသိ၊ ရယ်လို့ မောပါ။

ဂျာကြီးက မိုက်ကရိုဖုန်းကိုင်ပြီး အခုလိုပြောနေပါတယ်။

"များမကြာမီ စက္ကန့်ပိုင်းအလိုမှာ သင်္ကြန်ကာလကို ရောက်ပါတော့မယ်၊ ဆယ့်နှစ်နာရီ ဒေါင်ခနဲထိုးပြီဆိုတာနဲ့ ကိုယ်မင်ရာ ခင်မင်တဲ့သူအချင်းချင်း ရေလောင်းလို့ရပါပြီ"

ဂျာကြီး ပြောပြီးပြီးချင်း သင်္ကြန်သီချင်းတစ်ပုဒ်ကို မြူးမြူးကြွကြွ ကြားလိုက်ရပါတယ်။ နောက်တ မိနစ်ဆို သင်္ကြန်ရောက်ပြီမို့ အမှတ်စဉ် သံပြိုင်ရွတ်သံတွေ ကြားနေရပါတယ်။ သာ က မိုးဆွေ ကို အသာလက်ကုတ်ပြီး ခေါ်သွားပါတယ်။

အမှတ်စဉ် သုညအဆုံးမှာ ...

"ဟာ!..."

"မီးပြတ်ပြီ .."

မြတ်နိုး မီးပျက်ပျက်ခြင်း သိပ်မကြာခင်မှာ သူ့ကိုယ်ပေါ်ကို တစိမ့်စိမ့်စီးကျလာတဲ့ ရေရဲ့အထိအတွေ့ကြောင့် အံ့ဩသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါမှန်းလည်း မသိလိုက်။ ရေစက်တွေအဆုံး သက်ပြင်းချသံ ကြားရပါတယ်၊ ပြီးတော့ တစ်ခုခု လွှင့်ပစ်လိုက် တဲ့ အသံ၊ လဲပြိုသံတွေကြားရပြီး မီးက ရုတ်တရက် ပြန်လင်း ပါတယ်။

"ဟယ် .. နင့်ကို ဘယ်သူ ရေလောင်းသွားတာလဲ"

သူမ ဘေးမှာရှိနေတဲ့ ခူးခူး ဆောင် မသိလိုက်ပါ။ မီး ခေါင်းခါပြရင်း ...

"မသိဘူးဟဲ့"

ခူးခူး နဲ့ မိနီး ဟိုအုပ်စုကို လှမ်းကြည့်တော့ ခပ်လှမ်းလှမ်း သူတို့အချင်းချင်း အုပ်စုဖွဲ့ စကားပြောနေကြတာတွေ့ရပြီး ဆီက ...

"ဟယ်တော့ .."

တအံ့တသြအသံနဲ့ အကြည့်ကြောင့် သူတို့ စန္ဒီ ရှိရာ လှမ်းကြည့်တော့ ...

ဘွားစုံ က ပက်လက်ကလေး လဲကျနေသည်။ သူမ တ ကိုယ်လုံးမှာလည်း ရေတွေရွှဲစိုလို့။ သူမကို သုံးပွင့်ဆိုင် ဝိုင်းထ သလိုဖြစ်နေပြီး ခွက်တစ်ခုစီနဲ့ လဲကျနေတဲ့ လူသုံးယောက် မကျေမနပ် ကြည့်နေပါတယ်။

အကြံတူညာဏ်တူ ကိုကြီးစိုး၊ ကိုကြီးသန်း နဲ့ ဂျာကြီးတို့ ခွက်လေးတွေကိုင်ရင်း လဲနေရာမှ သွားအဖြဲသားလေးတွေနဲ့





မဖြူ ကတော့ မီးပျက်ပျက်ချင်း မီးချိန်းဖို့ ဟိုတယ်ဘက် ကိုအသွား၊ လဲပြိုသံတွေကြောင့် ရပ်နေမိရာက မီးပြန်လာတော့ အန်တီစပ်စု ကို သူမ ထင်ပြီး ရေဝိုင်းလောင်းကြရင်း အချင်းချင်း တိုက်မိကာ လဲပြိုနေကြတဲ့ ကိုကြီးသန်း တို့နဲ့ အန်တီစု ကိုကြည့် ပြီး အဖြစ်မှန်ကိုရိပ်မိကာ ကျိတ်ရယ်မိသည်။

မိနီး တစ်ယောက်ကတော့ မရယ်နိုင်ပါ။ ခုနက ရေစက်တွေ ရဲ့ အထိအတွေ့ကြောင့် သူမ ရင်ထဲမှာ တစ်မျိုးဖြစ်နေပါတယ်။

သက်ပြင်းချသံတစ်ခု ...။

မိုးဆွေ ရင်ထဲမှာလည်း ကျေနပ်ပီတိလို့လို့။ ဟသံာ က မီးလင်းမှ ခူးခူး ကို ရေသွားလောင်းပါတယ်။ ကိုထက် တို့နဲ့ အတူပေါ့။

မိနီး ဇဝေဇဝါနဲ့ မိုးဆွေ ရှိရာကို လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုးသူရယ်.. ချစ်မိုးစွေခဲ့တယ်.. ဘုံကြိုးပျက်.."

တစ်ဝက်တစ်ပျက်နဲ့ ရပ်တန့်သွားတဲ့အသံက ဟသ်ာ ရဲ့အသံမှန်း သိပါသည်။ တစ်ယောက်ယောက်က ဟသ်ာ ကို ပါးစပ်လှမ်းပိတ်လိုက်ပုံ ရသည်။ အသံတွေက မသဲမကွဲ။ မြတ်နိုးပြုံးရမလို၊ စိတ်ဆိုးရမလိုလိုနှင့်..။

အိပ်မရတဲ့အခါ အိပ်ရာထဲမှာ လူးလိမ့်နေရတဲ့ခံစားမှုက အဆိုးဆုံး။ ဒါကြောင့် သူမ အိပ်ခန်းထဲက အသာထွက်လာတော့ ...

"ဟောတော့် .."

သူမထက်စောစီးစွာ ဝရန်တာကို ရောက်နေသူက ခူးခူး။ ခူးခူး က လှည့်ကြည့်ပြီး သူမ အသံကြောင့် ပြုံးရင်း ...

"နင်လည်း အိပ်မရဘူး ထင်တယ်"

နာရီကိုကြည့်တော့ မနက်လေးနာရီထိုးနေပါပြီ။





ဟသ်ာ တို့လည်း အိပ်မရလို့ ထင်ပါရဲ့၊ စကားပြောသံတွေကြားနေရသည်။

"လမ်းလျှောက်ထွက်ရအောင်ဟာ .."

"ဟာ .. ရေပက်မှာပေါ့"

သူမ စကားကြောင့် ခူးခူး က သဘောကျစွာရယ်ရင်း...

"မိုးတောင်မလင်းသေးဘူး၊ ဘယ်သူက ရေပက်မှာလဲ"

"ဒါဆို မိုးချုပ်နေတာတောင် ငါ့ကို ဘယ်သူက ရေလောင်းသွားတာလဲ"

ခူးခူး က ရယ်သည်။

"ချောင်းသာသင်္ကြန်အတွက် ဉာဏ်စမ်းမေးခွန်းနဲ့ လာတိုးနေတယ်၊ လာဟာ .."

ခူးခူး က သူမလက်ကိုဆွဲရင်း ပြောတော့ ...

"နေပါဦးဟာ .. မျက်နှာလေးဘာလေးသစ်ပြီးမှ လိုက်ခဲ့မယ်"

"အေး .. အဲဒါဆို လိုက်ခဲ့၊ ငါ သောင်ပြင်မှာ စောင့်နေမယ်၊ မြန်မြန်လာနော် .."

"အေးပါဟဲ့၊ ဟဲ့ .. အဝေးကြီး သွားမနေနဲ့ဦး"

ခူးခူး ခေါင်းညိတ်ပြီး ထွက်လာခဲ့ပါသည်။ ခူးခူး ထွက်သွားတာမြင်တော့ ကိုထက် က ...

"ဟော့ကောင် .. ဟိုကောင်မလေး ထွက်သွားပြီ၊ တွေ့မေး၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရေလောင်းကွာ''

''ဟာကွာ .. စောစောစီးစီး ..''

တင်သော် နဲ့ မင်းနိုင် ကတော့ သောက်ထားတဲ့အရှိန်နဲ့ အေားမှာ ခွေခွေလေး မှောက်နေပါပြီ။

''ဟာ .. သင်္ကြန်ပထမဦးဆုံးရက်ပဲ .. မှတ်မှတ်ရရကွာ မင်းပဲ စိတ်ဝင်စားစရာလေးဆို ..''

ကိုထက် စကားကြောင့် ဟသ်ာ ပြုံးစိစိ ဖြစ်သွားမိသည်။

''အေးကွာ .. လိုက်လောင်းမယ်''

ပြောလည်းပြော ချက်ချင်း သူမနောက်ကို ပြေးလိုက်သွားသည်။

မနက်ခင်းအလင်းက မပီပိုးတဝါး ..။ ဟိုတယ်ရဲ့မီးအလင်းက သောင်ပြင်ကို ကောင်းစွာမြင်နေရသည်။ မနက်ခင်းရဲ့ပင်လယ်က အိပ်ရေးဝနေဟန် ..။

ပြီးတော့ သူ့ကိုကျောပေးပြီး ပင်လယ်ကိုငေးကြည့်နေတဲ့ ခူးခူး။ ထဘီအောက်နားစက လေတိုက်တိုင်း တလွင့်လွင့်။

''အဟမ်း ..''

''အောင်မလေး''

ရုတ်တရက်မို့ ခူးခူး လန့်သွားပြီး ဟသ်ာ ကို မျက်စောင်းထိုးသည်။

''ခင်ဗျား .. အေးလား''





''ဘာပြောတယ်''

ခူးခူး ဒေါသဖြစ်ပုံလေးနဲ့ပြောတော့ ဟသ်ာ ရယ်ချင်ချင်နဲ့ ...င်းကုတ်မိရင်း ...

''ဟို ..သင်္ကြန်မနက်မှာ ထူးထူးခြားခြား ခင်ဗျားကို ရေ ...ောင်းချင်လို့ ..''

''အမယ် .. လောင်းရဲ့လောင်းကြည့်ပါလား''

''ဪ .. သဘောတူတယ်ပေါ့''

ခူးခူး မျက်စောင်းထိုးတော့ ဟသ်ာ သူမကို ပြုံးစိစိနဲ့ကြည့် ...ည်။ ခူးခူး က ရှက်ကိုးရှက်ကန်း ဖြစ်မိပါသည်။

မလောင်းနဲ့လို့လည်း ပြောလို့ မဖြစ်။ သင်္ကြန်ပဲလေ၊ သူမ ...ကြံတစ်ခု ရလိုက်မိပါသည်။

''ရှင် ဒီနေရာကနေ ရှေ့ခြေလှမ်း ဆယ်လှမ်း၊ နောက်ခြေ ...လှမ်း ဆယ်လှမ်း လှမ်းလို့ရမယ်၊ ပိုပြီးလှမ်းခွင့် မရှိဘူး၊ အဲဒါဆို ...ောင်းလို့ရတယ်''

''ဟာဗျာ .. ဒါ ခင်ဗျားသက်သက်ညစ်တာပဲ''

ဟသ်ာ ရှုံ့ရှုံ့မဲ့မဲ့နဲ့ပြောတော့ ခူးခူး က ညစ်ကျယ်ကျယ်အပြုံး ...ားနဲ့ ဘယ်လိုလဲဆိုပြီး မျက်ခုံးပင့်ပြသည်။

ဟသ်ာ မျက်လုံးရွှေကစားရင်း စဉ်းစားမိသည်။ အနီးအနား ...ာ သဲနဲ့ရေပဲ ရှိသည်။ ရှေ့ဆယ်လှမ်းလျှောက်ပြီး လက်ခုပ်နဲ့ ...ရေသယ်ပြီး ပြန်ပြေးလာရင်လည်း လမ်းမှာကျတာနဲ့ ရေကုန်



www.burmeseclassic.com

www.burmeseclassic.com



မည်။ အကျီကို ချွတ်၊ ရေဆွတ်ပြီး ညှစ်ချရမလား၊ ဒါလည်းမဖြစ်နိုင် ..။

"ဟော .."

ဟာသ်ာ မျက်နှာ ဝင်းလက်သွားသည်။ ခူးခူး က ဘာဖြစ်တာလဲဆိုပြီး လှမ်းကြည့်တော့ ခဏဆိုပြီး လက်ကာပြကာ ခြေလှမ်းဆယ်လှမ်း မပြည့်ခင် သဲထဲမြုပ်နေတဲ့၊ အပေါက်ဖောက်ထားတဲ့ အုန်းသီးကို ကောက်ယူလိုက်ပါတယ်။

ပြီးတော့ နောက်ပြန်ဆုတ်ကာ ပင်လယ်ဘက်ကိုပြေးဆင်းပြီး အုန်းသီးထဲကို ရေထည့် သယ်လာတော့ ခူးခူး က သူ့ကို မျက်စောင်းထိုးသည်။

"ရှင် တော်တော် လူလည်ကျတာပဲ"

ဟာသ်ာ က အုန်းသီးထဲကရေတွေနဲ့ သူမ ပခုံးထက်ကနေ ဖြည်းဖြည်းချင်း လောင်းလိုက်သည်။

"သမ္မာအာဇီဝ .. အဲလေ .. သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက စီစဉ်ပေးတာပါ၊ ဘယ်လောက် ကျက်သရေရှိလဲ၊ အုန်းသီးရယ် .. သကြိန်ရယ် .. ချောင်းသာရယ် .. ဘယ်လောက်လိုက်ဖက်လဲ၊ အဲ .. ကျန်သေးတယ်၊ ခင်ဗျားရယ် .. ကျွန်တော်ရယ် .."

"ရှင်နော် .."

ခူးခူး ရှက်ကိုးရှက်ကန်းနဲ့ ပြေးထွက်လာတော့ ...





"ဟဲ့ .. ငါ့ကိုလည်း တိုက်မိပါဦးမယ်"

"ဟာ .. နင်ကလဲ .."

"ဟဲ့ .. လမ်းလျှောက်မယ်ဆို၊ ဘာဖြစ်သွားတာလဲ မသိဘူး၊ စောစောစီးစီးကြီး .."

မိနီး ဘာမှန်းမသိဘဲ ထွက်ပြေးသွားတဲ့ ခူးခူး ကို လိုက်ကြည့်ရင်း မလှမ်းမကမ်းမှာ ပြုံးစိစိနဲ့ ရပ်ကြည့်နေတဲ့ ဟာသ်ာ ကို လှမ်းမြင်တော့မှ အဖြစ်မှန်ကို ရိပ်မိသွားပါတယ်။

"သြော် .. ဒါကြောင့်ကိုး .."



www.burmeseclassic.com

www.burmeseclassic.com



မဝယ်ဘဲ ဈေးလျှောက်ဆစ်နေတော့ ကိုသန်းဦး အဲဒီလူ
အမြင်ကပ်လာပါတယ်။

လူဆိုးဗိုလ်လိုလို၊ မုဆိုးဖိုလိုလိုနဲ့ ..။

ဦးထက်ဝေ ကတော့ မသိ။ ငါးခြောက်တစ်တွဲကို လှမ်း
ကြည့်ရင်း ...

"ငါးဆိုတာ လှတ်လတ်ဆတ်ဆတ် စားမှ ကောင်းတာ
ဗျ"

ဦးထက်ဝေ စကားကြောင့် ကိုသန်းဦး အမြင်ကပ်လှစွာ..

"ဒါဆိုလည်း ခင်ဗျားစားချင်တဲ့ငါးကို ကိုယ့်ဘာသာ ဖမ်း
ပေါ့ဗျာ"

ဦးထက်ဝေ ကလည်း အဟုတ်ထင်စွာ ...





"ဘယ်လိုဖမ်းရမှာလဲ"

ကိုသန်းဦး က ပို့မယ့်ပို့ ဆိပ်ကမ်းရောက်အောင် ပို့ချင်တာ
ကြောင့် ...

"လွယ်လွယ်လေး .. နံ့တစ်လုံး ယူ၊ ပင်လယ်ထဲ ဆင်း၊
နံ့ကို ရေမမြုပ်တမြုပ်နေရာမှာ ထားပြီး ထိုင်၊ ကိုင်းတံနဲ့မျှား.."

"ဟာ .. ဟုတ်လို့လား၊ လှိုင်းက ဒီလောက်ပြင်းတာ.."

"ပိုတောင်ကောင်းသေးတယ်၊ ခင်ဗျားကလဲ ..၊ လှိုင်း
ကြောင့် ငါးတွေက ကမ်းခြေဘက်ကို ပိုတောင်လာသေးတယ်"

"တကယ် .."

"မယုံရင် လုပ်ကြည့်ပေါ့ဗျာ"

"အိုကေ .."

ဦးထက်ဝေ ပျော်ရွှင်စွာ ပြန်ထွက်သွားသလို ကိုသန်းဦး
အလည်း ကျေကျေနပ်နပ်နဲ့ ကျန်ခဲ့ပါတယ်။

"တကယ့်ဂေါက် .."

ဦးထက်ဝေ သူ့တပည့်တိရစ္ဆာန်နှစ်ကောင် ကျားကြီး နဲ့
ဆင်ကြီး ကို ငါးမျှားတံ ရှာခိုင်းပါတယ်။

ကျားနဲ့ဆင်ကလည်း ဆရာ့စကားဆို တသဝေမတိမ်းပါပဲ။
အကယ်ရှာပေးပါတယ်။

ဦးထက်ဝေ တိရစ္ဆာန်နှစ်ကောင်ရှာပေးတဲ့ နိုင်ငံခြားဖြစ်
ငါးမျှားတံကို ကိုင်၊ ခုံရှည်တစ်လုံးဆွဲပြီး လူရှင်းတဲ့ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲ ခုံခင်းကာ ငါးမျှားပါတော့တယ်။

သဲသဲ ဦးထက်ဝေ ကို မတွေ့တာကြောင့် ဟိုတယ်ဝန်ထ
လေးကို မေးကြည့်တော့ ခုံတစ်လုံး၊ ငါးမျှားတံတစ်ချောင်း
ပင်လယ်ထဲ ဆင်းသွားသည်တဲ့။

သဲသဲ ကမ်းခြေဘက်ကို ထွက်လာခဲ့သည်။

ဦးထက်ဝေ ကို လိုက်ရှာတော့ .. တွေ့ပါပြီ။

ပင်လယ်ကို ခုံခုပြီး ငါးမျှားနေတဲ့ ဦးထက်ဝေ။ သူ့တ
နှစ်ဦးက သူ့နောက်မှာ ဘယ်တစ်ဖက် .. ညာတစ်ဖက်။

သဲသဲ ရေထဲအထိ ဆင်းလာရင်း ...

"ဦးထက် .. ဘာလုပ်နေတာလဲ"

ဦးထက် က လှိုင်းအရှိန်ကြောင့် မျက်နှာအထိ လာရိုက်
ရေတွေကို သပ်ချရင်း ...

"ငါးမျှားနေတာလေ"

သဲသဲ စိတ်ပျက်လက်ပျက်နဲ့ ...

"ဒီလိုမျှားရတယ်လို့ ဘယ်သူပြောတာလဲ"

"ချေးသည်လေ .."

"ဟာ .. မဟုတ်တာ .."

"ဟုတ်မှာပါ"

"ဟာ .. လူတွေမြင်ရင် ဦးထက် ကို အရူးလို့ ပြောလ
မယ်၊ လာ .. လာ"





သဲသဲ စိတ်ညစ်ညစ်နဲ့ ဦးထက် ကို အတင်းဆွဲခေါ်လာတော့
သည်။

ဒါတောင် ဦးထက် က သူ့တပည့်နှစ်ယောက်ကို ...

"ကျားကြီး နဲ့ ဆင်ကြီး .. နောက်နေ့ကျရင် ငါးပေါတဲ့နေရာ
ဘား .."

"စိတ်ချ ဆရာကြီး"

အဲဒီလို ဦးထက်ဝေ။



www.burmeseclassic.com

www.burmeseclassic.com



မဖြူက ကိုကြီးစိုး စကားကြောင့် ရယ်သည်။

မဖြူ သူ့ဂျူဘီဝင်ဖို့ စောနေသေးတာကြောင့် ဟိုတယ်ဝင် ထဲက အရိပ်ကောင်းတဲ့နေရာမှာ ထိုင်ပြီး ဟိုဒီ စဉ်းစားနေတုန် အခုလို ကိုကြီးစိုး ရောက်လာပြီး ကြွားလုံးထုတ်နေခြင်း ဖြစ် သည်။

"အကောင်းပြောတာ ဖြူလေး ရဲ့ …၊ ကိုကြီးတို့မျိုးရိုးက ဘိုးဘေးဘီဘင်လက်ထက်ကစပြီး အားကစားကို အားရပါးရ လိုက်စားလာတာ"

"ဘယ်လိုလိုက်စားတာလဲဟင်"

"အလှူ့အိမ်တို့ ဘာတို့ပေါ့"

မဖြူ က ရယ်ပါတော့သည်။ ကိုကြီးစိုး လည်း အရက်ပြေ လိုက်ရယ်ရင်း …





"ဟိုလေ .. ထွန်းထွန်းပေါက်ပေါက်ကို လေ့လာပြီး လေ့ င်တာကို ပြောတာပါ၊ ကိုကြီးတို့အဖေရဲ့ အဘေးပေါ့"

"ဘယ်သူ .."

"တောင်ငူဘုရင်လက်ထက် အခြောက်တပ်က .."

"ဘာကြီး .."

မဖြူ ရဲ့ တအံ့တသြမေးပုံကြောင့် ကိုကြီးစိုး စကားကို ဖွင့်ပြောရပါသည်။

"အဲ .. အမြောက်တပ်၊ အဲဒီအမြောက်တပ်က ဝေဘာကြီ ..."

"ပေါ်တူဂီပါ ကိုကြီးစိုး ရယ်"

"ဟုတ်တယ် .. ဟုတ်တယ်၊ ပေါ်တူဂီလူမျိုး ဇေင်ရိုင်း"

"ဇေင်ကာ ပါ"

ဒီတစ်ခါတော့ ကိုကြီးစိုး က …

"ဇေင်ကာ ရဲ့ယောက်ဖ ငါးဝမ်းကွဲ ဇေင်ရိုင်းဆိုတာ ဘယ်ရှိခဲ့တယ် ဖြူလေး၊ သူတောင် ဇေင်ကာ သေးတာပဲ၊ လည်း ဇေင်ရိုင်းလို့ ပေးချင်ပေးမှာပေါ့"

မဖြူ ရယ်ချင်ချင်နဲ့ …

"ထားပါတော့ .."

ကိုကြီးစိုး ကျေနပ်သွားပါသည်။

"ဇေင်ရိုင်းဦးဆောင်တဲ့ အမြောက်တပ်နဲ့ ကိုကြီးစိုးတို့



www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးကို ကမ်းပါးတွင်မယ့် ..''

''ကမ္ဘည်းတွင်တာပါ''

ကိုကြီးစိုး က နည်းနည်းမှ မလျှော့ ..။

''သူတို့က ကမ်းပါးနားမှာ ပြိုင်တာလေ၊ ကမ်းပါးတွင်မှာပေါ့ မဖြူ ရယ် ..''

မဖြူ ပြုံးစိစိနဲ့ ကိုကြီးစိုး ကို ကြည့်နေသည်။

''ကိုကြီးစိုး တို့ မျိုးရိုး မင်းကြီး သုခမ္မစာရီနဲ့ ..''

''ဟင် .. မယ်သီလရှင်နာမည်ကြီး ..''

ကိုကြီးစိုး ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ စကားကို အမြန်ပြင်ဆင်လိုက်ရသည်။

''ဟို .. လောသွားလို့၊ ဘာလဲ ... မင်းကြီး မနော်မယတော်တီ''

မဖြူ ကျိတ်ရယ်မိပါသည်။ ကိုကြီးစိုး က သွေးဆေးနဲ့ဘောလုံးသမား ပေါင်းစပ်ထားတဲ့နာမည်ကို ထပ်ရွတ်လိုက်ပြီး...

''ဒီလိုနဲ့ ပျဉ်းမနားဘုရင်ဟာ ..''

''တောင်ငူဘုရင်လေ''

မဖြူ က ဝင်ပြောတော့ ကိုကြီးစိုး က ဆရာကြီးအိုက်တင်နဲ့...

''အဲဒီအချိန်တုန်းက တောင်ငူဘုရင်ကို ပျဉ်းမနားဘုရင်က တိုက်ထုတ်လိုက်ပြီ''





''သြော် .. ဒီလိုလား''

ကိုကြီးစိုး က ခေါင်းညိတ်ရင်း ...

''ဘုရင်က သူ့ရဲ့မက်စစ်သည်တွေကို သူကိုယ်တိုင်ကြီးမှူး... PMNအိုးပင်း အားကစားပွဲတော်ကြီးမှာ ဝင်ပြိုင်ခိုင်းတယ်လေ၊ ...င်းကြီး မနော်မယကာဘာနီ .. အဲ .. တော်တီက တစ်ဖက်၊ ...ါတူဂီလူမျိုး ဖေင်ရိုင်းရဲ့စစ်သည်တွေက တစ်ဖက်ပေါ့၊ ပထမ ...ဆုံး တုတ်ထောက်ခုန်ပြိုင်ပွဲမှာ ဖေင်ရိုင်းက ဝင်ပြိုင်တယ်၊ ...င်းကြီးက သနားတယ် ပြောရမှာပေါ့၊ မင်းကြီး တစ်ခါခုန်လိုက် ...ာ ပေသုံးဆယ်လောက် ကျော်သွားတယ်တဲ့''

''လူလား .. မြင်းလားဟင်''

''ဟာကွာ ..''

မဖြူ စကားကြောင့် ကိုကြီးစိုး အောင့်သက်သက်ဖြစ်သွားသလောက် မဖြူ က သူ့စကားသူ သဘောကျကာ ရယ်သည်။

''ဟော့ကောင် .. ဘာတွေလေပေါ်နေတာလဲ၊ မန်နေဂျာခေါ်နေတယ်''

''ဟော .. ကိုကြီးသန်း''

ကိုကြီးသန်း ရောက်လာတော့ ကိုကြီးစိုး က မကျေနပ်။ သူ့ရဲ့အာဘော်မှာ မဖြူ ပက်လက်မျောစပြုနေပြီ မဟုတ်လား။

''ဟော့ကောင် မောင်သန်း၊ ဒီတစ်ခါတော့ မလိမ့်တပတ်လာမလုပ်နဲ့''



www.burmeseclassic.com

ကိုကြီးသန်း က ရုပ်တည်တည်နဲ့ …

"မယုံရင်လည်း မသွားနဲ့ပေါ့၊ မင်းကို ဂျာကြီးက ရန်ကုန် ရုံးချုပ်ကို လွှတ်မလို့ဆို .."

"ဟာ .. ဟုတ်သားပဲ၊ မဖြူ .. ကိုကြီးစိုး သွားမယ်နော်"

ကိုကြီးစိုး မတတ်သာလို့ သွားရမှာပေမယ့် ဟိုကောင်သန်း ကို စိတ်မချ။ ဟိုစကားပုံထဲကလို ကျားမစားခင် လင်းတက အုပ်ချင်ချင် ဆိုသလိုပေါ့။ ဒီကောင် မဖြူ ဆိုတဲ့ ညီနဲ့လေးနားမှာ လာဝဲနေတာလေ ..။

"မဖြူ .. ဘယ်သူ့ကိုမှ မယုံနဲ့နော်"

ကိုကြီးစိုး က သွားခါနီး မှာနေတာကြောင့် မဖြူ က ရယ်သည်။ ကိုကြီးသန်း က နှာခေါင်းရှုံ့ရင်း …

"မယုံကြည်ရတာဆိုလို့ မင်းနဲ့ ကိုတင်အေး ပဲ ရှိတယ်"

"ဘာလဲကွ ကိုတင်အေး"

"သြော် .. ဂဏန်းတွေ၊ ပုစွန်တွေလာရောင်းတဲ့ ကိုတင် အေး လေ၊ ကျွန်တော် အရက်ဖြတ်ဖို့ ဒီဂဏန်းလေးတွေ ဝယ် သွားပါလို့ ပြောရောင်းပြီး သူကိုယ်မှာ အရက်နံ့က တထောင်း ထောင်းနဲ့လေ၊ ပြောလိုက်ရင် ကံငါးပါးမှာ ကျွန်တော် တစ်ပါးပဲ ကျူးလွန်တာ၊ ကျန်တာ အကုန်လုံတယ်လို့ပြောတယ်၊ အဲဒီ ကျူးလွန်တဲ့တစ်ပါးက ဖေါက်တဲ့လေ၊ လိမ်တာပေါ့၊ လိမ်ပြီဆို ကတည်းက ကျန်လေးပါးပါ ပါသွားရော .."





"ဟော့ကောင် .. ငါက ကံငါးပါးလုံတဲ့ကောင်ကွ"

ကိုကြီးစိုး စကားကြောင့် ကိုကြီးသန်း က အကွက်ရတုန်း ရလို ဆော်ထည့်လိုက်သည်။

"ဘာကံလဲ .. အင်းလေးကန်လား၊ အင်းတော်ကြီးကန် လား"

ကိုကြီးစိုး ကိုကြီးသန်း ကို ခြေထောက်နဲ့ လှမ်းကန်ရင်း…

"အဲဒီလိုကန်တာကွာ .. ခွေးကောင်၊ သွားပြီ ဖြူလေး"

ကိုကြီးစိုး နှာတမှုတ်မှုတ်နဲ့ ထွက်သွားတော့ ကိုကြီးသန်း က …

"အလကားကောင်ပါ ဖြူလေး ရယ် .. ဒါနဲ့ ဘာတွေပြော နေကြတာတုန်း"

မဖြူ က ကိုကြီးစိုး ဖြီးဖြန်းထားသမျှကို ပြောပြတော့…

"အလကား မပုံနဲ့၊ ဘာ .. မင်းကြီး မနော့မယတော်တို မျိုးရိုး .. ထွီ .."

"မဟုတ်ဘူးလား"

"ဘယ်ကလာ.. အမှန်က သူ့မျိုးရိုးက ဂီလာနမျိုးရိုး၊ သူ့ အဖေက ပလတ်စတစ်တို့၊ ဖိနပ်စုတ်တို့ လိုက်ကောက်တာ၊ သူ့အမေဘက်က ခဝါသည်မျိုးရိုး၊ ခဝါသည်တောင် ရိုးရိုး ခဝါ သည် မဟုတ်ဘူး၊ အသားမည်း ခဝါသည်မျိုးရိုး၊ ဘာလဲ .. အားကစား .. ဟွန်း ဘောလုံးဆိုတာ လေးထောင့်လား ဆိုတဲ့

www.burmeseclassic.com



ကောင် မဟုတ်ဘူး၊ မင်းမျိုး မင်းနွယ် ...''

မဖြူက ခေါင်းညိတ်ပြတော့ ကိုကြီးသန်း က မဲ့ရွဲ့ရင်း...

''မင်းမျိုးတော့ မင်းမျိုးမင်းနွယ်ပဲ၊ မင်းတုန်းမင်းမျိုးရိုးလေ''

''ဟင် .. တကယ်''

မဖြူ က တအံ့တသြနဲ့ပြောတော့ ...

''တစ်မျိုးလုံး ဉာဏ်တုံးလွန်းလို့ မင်းတုန်းမင်းလို့ ရွဲ့ပြောတာ ဖြူလေးရေ ..''

မဖြူ သဘောကျလွန်းလို့ ရယ်ပါတော့သည်။

''အမှန်က အားကစားကိုကျွမ်းကျင်တာက ကိုကြီးသန်း တို့ မျိုးရိုး ..''

မဖြူ က နောက်တစ်ယောက်တော့ လာပြန်ပြီလို့ တွေးလိုက်မိသည်။

ကိုကြီးသန်း က ဖလံထည်ရင်အုပ်ကို ကော့ရင်း ...

''ကိုကြီးသန်း ရဲ့ဘကြီးက အရှေ့မြောက်အာရှ ကျွန်းချွန်ချန်ပီယံ''

''အရှေ့မြောက်အာရှ ကျွန်းချွန်၊ ဟာ .. အရှေ့တောင်အာရှ ကျွန်းဆွယ်ပဲ ကြားဖူးပါတယ် ကိုကြီးသန်း ရယ် ..''

''တိုလိုက်တာ မဖြူ ရယ် ..''

''ဘာ .. ပြောတယ်''

''ဟို .. တုံးလိုက်တာလို့ ပြောတာပါ''





မဖြူက မျက်စောင်းထိုးသည်။ အဲဒီမျက်စောင်းလေးကြောင့် ကိုကြီးသန်း အူမြူးနေပါသည်။

''ဟိုးအရင်က အရှေ့မြောက်အာရှကျွန်းချွန် လို့ပဲ ပြောကြအာ၊ နောက်ပိုင်းမှ ဆုဖလားမရလွန်းလို့ အရှေ့တောင်အာရှကို သာပြိုင်တာ''

''ဒါဆိုရင် ကိုကြီးသန်း ရဲ့ဘကြီးနာမည်က ဘာလဲ''

''မကြားဖူးဘူးလား၊ သံပိုင်းပစ်ချန်ပီယံ ပန်းပဲမောင်တင့်တယ် လေ''

''အာ .. အဲဒါ နတ်နာမည်ကြီး''

ကိုကြီးသန်း က ခေါင်းတခါခါနဲ့ ...

''ခက်ပြီ ကလေးရယ် .. ကိုကြီးသန်း ရဲ့ဘကြီးက ပန်းပဲမောင်တင့်တယ်လို အားကြီးလွန်းလို့ အဲဒီနာမည် ပေးထားတာ၊ ဘကြီးရဲ့နာမည်အစစ်က မောင်အာနိုး တဲ့၊ ဘကြီးက အင်္ဂလိပ်ဘပြားတစ်ယောက်ပေါ့''

မဖြူ အဲဒီလောက်တော့ မတုံးပါ။ ဒါပေမယ့် ထိန်းမရမယ့်အတူတူ လွှတ်ပေးလိုက်ပါတယ်။

''ဘကြီးကလေ .. သံလုံးကို ..''

ကိုကြီးသန်း က ပြောနေရင်းနဲ့ မာန်ပါလာပြီး အနားမှာကြွေကျနေတဲ့ အုန်းသီးအကင်းသေးသေးလေးကို ကောက်ကိုင်လိုက်ပြီး အဝေးကို ...



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီလို ပစ်လိုက်တာ မိုးပေါ်မှာပျံနေတဲ့ လေယာဉ်မှူး ပြတင်းပေါက်ကတစ်ဆင့် လေယာဉ်မှူးရဲ့ခေါင်းကို ထိသွား တယ်တဲ့"

လေယာဉ်မှူးကို ထိလားမထိလားတော့ မသိပါ။ တကယ် ထိသွားတာက အပင်တွေ၊ ဘန်ဂလိုတွေကွယ်နေတဲ့ တစ်ဖက်မှ စာအုပ်တစ်အုပ်ကို ဓိမ်နဲ့ထိုင်ဖတ်နေတဲ့ မြတ်နိုး ရဲ့ခေါင်း ထိသွားပါတယ်။

မြတ်နိုး ဒေါသဖြစ်ဖြစ်နဲ့ စာအုပ်ကို ထိုင်ခုံပေါ် ပစ်ချလိုက် ရင်း ပတ်ဝန်းကျင်ကိုကြည့်တော့ ခပ်လှမ်းလှမ်းမှာ အုန်းသီး အခြွေတွေကို မြက်ခင်းတွေပေါ်ကနေ ကောက်ပြီး လွှင့်ပစ်နေတဲ့ မိုးဆွေ ..။

"တောက် .."

မြတ်နိုး အံကြိတ် တက်ခေါက်မိရင်း မိုးဆွေ ထံ တန်းတန်း မတ်မတ် လျှောက်သွားပြီး ...

"မိုး .. ဆွေ"

ရှေ့မှာရပ်ရင်း ဒေါသနဲ့အော်ခေါ်တော့ မိုးဆွေ အမိုက်တွေ ရှင်းနေရာမှ မော့ကြည့်ရင်း တအံ့တဩနဲ့ ထရပ်တော့ ...

"ဗြန်း ..."

ထူပူသွားတဲ့ ပါးတစ်ဖက်ကို စမ်းမိရင်း ...

"မင်း ဘာလုပ်တာလဲ"





မိနိုး ရဲ့မျက်ဝန်းတွေထဲမှာ သူ့အပေါ် ဘယ်လောက် နာကျင် နေလဲဆိုတာ ထင်ရှားပြတ်သားစွာ မြင်နေရသည်။

အစိမ်းရောင်နဲ့ နာကျင်မှုကို ရောနှောထားတဲ့ အစိမ်းနောက် နောက် ..။

"နင့်ရဲ့ နမော်နမဲ့နိုင်မှုကြောင့်လေ .. နောက်တစ်ခါ ဒီ့ထက် ဆိုးမယ်၊ မှတ်ထား .."

ပြောပြီးလှည့်ထွက်သွားတော့ မိုးဆွေ မြန်ဆန်လွန်းတဲ့ အဖြစ် အပျက်ကြားမှာ နားမလည်နိုင်ခြင်းအတွေးတွေကို မှတ်တိုင် တစ်ခုလို စိုက်ထူရင်း ကျန်ရစ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟယ် .. လုပ်လိုက်ရင် တဖွတ်ထိုးပဲ၊ အမှန်
သူ အမှိုက်ရှင်းရင်း ပစ်လိုက်တာ မဟုတ်ဘူး၊ အဲဒါ ကိုကြီးသ
နာမွန်ပြီး ပစ်လိုက်တာ"

ဝေသူ က အနားမှာရှိတဲ့ ကိုကြီးသန်း ကို မျက်စောင်းထိုး
ရင်း ပြောတော့ ကိုကြီးသန်း က ရယ်ကျဲကျဲနဲ့ ...

"နာထတယ်မပြောလို့ တော်ပါသေးရဲ့၊ ဟုတ်တယ် မိနီး-
ပစ်တာက ငါပါဟ"

ရှုးရှု းမှာ တစ်ဖက်ကိုလည်း အရမ်းအားနာမိသည်။

သူမ အမြင်မှာတော့ မိုးဆွေ ဆိုတာ ခပ်အေးအေး ရိုးသား
တဲ့ကောင် လေးတစ်ယောက်ပါ။

"နင် မိုးဆွေ ကို တောင်းပန်သင့်တယ် မိနီး"





စန္ဒီ နဲ့ နန္ဒာ တို့ကလည်း ရှုးရှုး စကားကို သဘောတူ
သည်။

"ဟုတ်တယ် .. နင် တောင်းပန်သင့်တယ် မိနီး"

ကိုကြီးသန်း က မိနီး ကို အကဲခတ်နေပါသည်။

အနေကြာလာပြီဆိုတော့ ရင်းနှီးနေတာရယ်၊ သူတို့နှစ်
ယောက်ရဲ့ အတိတ်ဇာတ်လမ်းကို ဟိုကောင်လေး ပြောပြထားလို့
သိနေတာကြောင့် အခုလို ချောင်းသာသကြ်န်မှာ အငြိုးတွေ၊
အာဃာတတွေ ပျောက်စေချင်တာတော့ အမှန်ပါ။

"အို .. ဘာလို့ တောင်းပန်ရမှာလဲ၊ ဒီလူကို ငါ့တစ်သက်
ကျေဘူး"

"မဟုတ်သေးဘူး မိနီး၊ အဲဒါကြီးကို တရားသေ စွဲမထား
နဲ့"

ကိုကြီးသန်း ဝင်ပြောရသည်။

"ကိုကြီးသန်း စကားပြောလို့ ရမလား"

ရှုးရှုး က အားတက်သရောနှင့် ...

"ဟာ .. ပြောလို့ရတာပေါ့၊ ကိုကြီးသန်း တို့ ဆိုတာလည်း
ဒီဟိုတယ်ရောက်မှ သိရပေမယ့် ဝန်ထမ်းဆိုတာထက် အစ်ကို
တစ်ယောက်လို သဘောထားပါတယ်၊ အမြင်မတော်ရင် ပြော
ပါ"

"အမြင်တော်ပါတယ်၊ နင်တို့လည်း လုံလုံခြုံခြုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ နောက်နေသေးတယ် .. ကိုကြီးသန်း ဟာလေ
မိနိုး သက်ပြင်းချရင်း ...
"ပြောလို့ရပါတယ် ကိုကြီးသန်း"

"ကိုကြီးသန်း ဘက်မလိုက်ဘဲ ပြောနေတာနော်၊ တစ်
မထင်နဲ့၊ သင်္ကြန်မှာဖြစ်ခဲ့တဲ့ အငြိုးအတေးတွေကို သင်္ကြန်မှ
ပြီးဆုံးစေချင်တာ ကိုကြီးသန်း တို့ ဆန္ဒပါ၊ ငါ့ညီမက ရေ
ထောက်ဒဏ်ရာကြောင့် သင်္ကြန်မလည်လိုက်ရတာနဲ့ သူ့ကို အငြိုး
အတေးထားတာပါ၊ သင်္ကြန်ဆိုတာ တစ်နှစ်မှတစ်ခါ ပျော်ရွှင်ရ
ပွဲ ဆိုတာလည်း ကိုကြီးသန်း တို့ သိပါတယ်၊ ဒါပေမယ့် ..

ကိုကြီးသန်း က စကားကို ရပ်လိုက်ပြီး မိနိုးကို ကြည့်လို
သည်။

"ဒီတစ်နှစ်ပြီးရင် နောက်တစ်နှစ်မှာ သင်္ကြန် မရှိတော့ဘူး
လား .. ရှိတာပေါ့ ငါ့ညီမရယ်၊ သင်္ကြန်ဆိုတာ ပျောက်ဆုံးသွား
တဲ့အရာ မဟုတ်ပါဘူး၊ ပျော်ရွှင်စရာကောင်းတဲ့ နေ့ထူးနေ့မြ
တွေပါ၊ အခုဆိုရင် ဘယ်လောက်အံ့သြဖို့ကောင်းလဲ၊ ချောင်း
သင်္ကြန်မှာ အတူတူ လာဆုံကြရတယ်၊ ကိုကြီးသန်း ကတော
ဆုတောင်းနေပါတယ်၊ အဝါရောင်ပုံရိပ်တွေရဲ့သင်္ကေတ ပိတော
တွေမပွင့်ပေမယ့် ဒီသင်္ကြန်မှာ ရင်ထဲက အငြိုးတွေပျောက်ပြ
ပိတောက်တွေ ပွင့်လာပါလိမ့်မယ်၊ ကဲ .. ကိုကြီးသန်း သွားပြီ

မိနိုး ကိုကြီးသန်း ကို ငေးကြည့်ပြီး ကျန်ခဲ့သည်။





"ကဲ .. ထကြ၊ ငါတို့လည်း သောင်ပြင်မှာလမ်းလျှောက်ပြီး
လေကောက်ခံထွက်ရအောင်"
"ဟင် .. ဘယ်သူက ရေလောင်းမှာမို့လို့လဲ"
ခူးခူးက အားရပါးရပြုံးလိုက်ပြီး ...
"ပင်လယ်ကြီးက လောင်းမှာပေါ့"
"အိုကေ .."

ယောခနဲ့ ထအော်ကြပြီး ပင်လယ်ရှိရာကို ဦးတည်လိုက်ကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်လိုပြောရမလဲ"

"ပါးစပ်နဲ့ ပြောလေ"

ခူးခူး တို့ လမ်းလျှောက်လာတာကို သောင်ပြင်ကနေ ကြည့်ရင်း အားမလိုအားမရပြောတော့ မင်းနိုင် က ပြ... သည်။ ဟသ်ာ မင်းနိုင် ကို လှမ်းကန်,တော့ ဟိုကောင်တွေ... ရယ်သည်။

"ကောက်ညှင်းပေါင်း စားဦးမလား အစ်ကိုလေး"

ကောက်ညှင်းပေါင်းသည်က ကောက်ညှင်းပေါင်းတော... ကို ချရင်းမေးတော့ တင်သော် က ဝယ်စားသည်။ က... အုန်းသီးခြစ်နေတာတွေ့တော့ ကိုထက် က ...

"နင့်ရဲ့ အုန်းသီးခြစ်တဲ့ ငါ့ကိုရောင်းဟာ"

"ဟင် .. ဘာလုပ်မလို့လဲ"

ဟသ်ာ ကို အသာနေလို့ မျက်ရိပ်ပြပြီး ...

"ရောင်းမလား .. တစ်ထောင်ပေးမယ်"





အမှန်ဆို ဝါးခြမ်းလေးထိပ်မှာ သံကွင်းချွန်လေးတွေ တပ် ...တဲ့ အုန်းသီးခြစ်တံလေးတစ်ခုကို မသကာပေးရ သုံးလေး ...ပါ။ ကောင်မလေးက မက်လောက်တဲ့ငွေဆိုတော့လည်း ...င်းပေးပါတယ်။

"မင်းပေးလိုက် ဟသ်ာ .."

"ဟာ .. မင်း ဝယ်တာပဲ"

"ပေးလိုက်ပါဆို .."

ဟသ်ာ အောင့်သက်သက်နဲ့ ပေးလိုက်ရသည်။ ကောက် ...ပေါင်းသည်ထွက်သွားတော့ ကိုထက် က တင်သော် ကို...

"ဟိုကောင်လေး .. မင်းက ဖင်ပေါ့တယ်"

"ငါ့ဖင်ကို မင်း ချိန်ဖူးလို့လား"

ကိုထက် က ရယ်ရင်း ခပ်လှမ်းလှမ်းက တိုလီမိုလီရောင်းတဲ့ ...ကို ညွှန်ပြကာ ...

"သွား .. တိပ်အကြည်သွားဝယ်၊ သွားပါ .. ပြန်လာရင် ...ရေးဝယ်ကျွေးမယ်"

"ထွီ .. ရှုံစရာကြီးကွာ"

တင်သော် ထထွက်သွားတော့ ကိုထက် သဲပြင်ပေါ်က စီး ...က်ဘူးကိုဖွင့်ကာ ငွေရောင်စက္ကူကို နည်းနည်းဖြဲလိုက်သည်။ ဟသ်ာ နဲ့ မင်းနိုင် က ကိုထက် လုပ်သမျှကို လိုက်ကြည့်နေ ...သည်။ ကိုထက် က သူတို့မမြင်အောင် အိတ်ထဲက ဘောပင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ရေးလိုက်သည်။ တင်သော် ပြန်လာတော့ ခုနက

ထားတဲ့စက္ကူကို အုန်းသီးခြစ်တံရဲ့ လက်ကိုင်ရိုးမှာ တိပ်နဲ့

လိုက်ပြီး ဟသ်ာ ကို လှမ်းပေးကာ …

"မင်း သွားပေးလိုက်"

ဟသ်ာ တို့ သုံးယောက် ခေါင်းချင်းဆိုင်ပြီး ဖတ်ကြည့်လို

သည်။

"ချစ်ပေးရမလား"

"ဟား .. မိုက်တယ်ကွာ"

ဟသ်ာ သဘောကျသွားသည်။ ကိုထက် က စီးကရ

မီးညှိရင်း တပြုံးပြုံးနဲ့ ဟသ်ာ ကို မေးဆတ်ပြတော့ ဟသ်ာ

ကိုထက် နဲ့ လက်ဝါးချင်းရိုက်ကာ …

"ဠတ် .. အိုင်ဒီယာ"

"ကဲ .. ဒါဆို ငါတို့ ကျန်တဲ့လူတွေကို ထိန်းထားမယ်"

ကိုထက် စကားကြောင့် …

"အိုကေ .."

ကျွန်တော်တို့ တစ်အုပ်ကြီး သူတို့လျှောက်လာမယ့်လမ်း

မသိချင်ယောင်ဆောင်ပြီး ရပ်နေလိုက်ပါတယ်။

"ငမန်းက လူစကားပြောတာတော့ အံ့သြစရာပဲကွ"

သူမတို့ တတွတ်တွတ်နဲ့ ပြောလာကြရင်း တင်သော့် စကား

ကြောင့် ခြေလှမ်းတွေ ရပ်သွားကြသည်။ မင်းနိုင် ကလည်





သည်။

"လူတစ်ရပ်လောက် ရှိတယ်"

"အခု ဘယ်မှာလဲ"

မင်းနိုင် က ခပ်လှမ်းလှမ်းကလူအုပ်ကို လက်ညှိုးထိုးပြ

..

"ရှိဦးမယ်"

သူတို့အုပ်စုထဲက ကိုထက် ရဲ့ရည်းစား စန္ဒီ က …

"ကိုထက် .. တကယ်လား"

"တကယ်ပေါ့၊ ကိုထက် တို့တောင် တွေ့ပြီးပြီ"

"ဟင် .. လိုက်ပြပါလား"

"လာ .."

စန္ဒီ က သူ့အဖွဲ့ကို လှမ်းမေးသည်။

"လိုက်ကြည့်မလား"

အားလုံး လိုက်ကြည့်ပေမယ့် ခူးခူး နဲ့ ဝေသူ က မယုံကြည်

…

"မဖြစ်နိုင်ဘူး .. မလိုက်ဘူး"

မိနီး က ကိုထက် ကို ကြည့်ကာ …

"မဟုတ်ရင်တော့ ရှင်တို့ အသေပဲ"

"ဟုတ်ခဲ့ရင်ရော .."

"ကြိုက်တာခိုင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးမှကြိုက်တာ"

စန္ဒီ က ကိုထက် ကို မျက်စောင်းထိုးရင်း …

"ကိုထက် နော် .. စန္ဒီ ရှိရဲ့သားနဲ့"

မိနီး က စန္ဒီ့ ကို ဆွဲဆိတ်ရင်း …

"နင်ကလဲ ပိုပါ့ စန္ဒီ ရယ် .."

ကိုထက် က ထပ်ပြောသည်။

"ခင်ဗျား ကတိနော်"

မြတ်နိုး က နှာခေါင်းရှုံ့ရင်း …

"ကျွန်မက ပေးထားတဲ့ကတိကို မဖျက်တတ်ပါဘူး"

ကိုထက် တို့ တစ်အုပ်ကြီး ထွက်သွားတော့ ဟသ်ာ နဲ့ တင်သော် ကျန်ရစ်ခဲ့သည်။ ဟသ်ာ က တင်သော် ကို မျက်ရိပ်ပြ လိုက်သည်။

"ဟို ဟိုတယ်က မုန့်လုံးရေပေါ်ကျွေးတာ အားရစရာကွာ"

"ဟင် .. ဘယ်မှာလဲ"

ဟသ်ာ ကျိတ်ပြုံးလိုက်သည်။ မနေ့က ဟိုတယ်မှာ ညနေစာ စားကြရင်း သူတို့နောက်ဝိုင်းမှာ ဝေသူက သင်္ကြန်ရောက်ပြီး မုန့်လုံးရေပေါ်မစားရလို့ မကျေမနပ်ပြောနေတာ သူတို့ ကြားထား ရတာကိုး။ ဒီကောင် အခွင့်ကောင်းယူလိုက်တာပါ။

"ဟို ဟိုတယ်မှာလေ"

"ဒါဆို သွားစားရအောင်"





ခူးခူး က ဝေသူ ကို မျက်စောင်းထိုးရင်း …

"ဟာ .. ရှက်စရာကြီးဟာ"

ခူးခူး စကားကြောင့် ဝေသူ က နှာခေါင်းရှုံ့ပြီး …

"ဘာရှက်စရာရှိလဲ .. သင်္ကြန်မှာ မုန့်လုံးရေပေါ် ဘယ်သူ့ ဆီ ကျွေးတာ၊ ဒါ မြန်မာ့ဓလေ့ပဲ၊ ဓလေ့ထုံးစံဆိုတာ မပျောက် ကျက်ရဘူးဟ၊ နင် မလိုက်ရင်နေ၊ ကဲ.. ကိုငမန်း.. ရှင်လိုက်ပို့"

"ဟာ .. လိုက်ပို့ပေးရမှာပေါ့၊ သူတို့မုန့်လုံးရေပေါ်တွေက အကြီးကြီးတွေ .."

"ကြိုက်တာပေါ့"

"ကျွန်တော့်ကိုလား .."

"ရှင်နော် .."

ဝေသူ တင်သော့် ကို နားရွက်ဆွဲပြီး ခေါ်သွားသည်။

ပင်လယ်လေက တိုက်ခတ်နေပါသည်။ ဆံနွယ်တွေက သူမ မျက်နှာကို ပြန်ရစ်ပတ်နေတာကို သူ ငေးကြည့်နေမိတော့ ခူးခူး က မျက်စောင်းထိုးရင်း …

"ဘာကြည့်နေတာလဲ"

ဟသ်ာ ပြုံးလိုက်သည်။

"ချစ်စရာကောင်းလို့"

"ရှင်နော် .. ဘယ်လိုဖြစ်နေတာလဲ"

ခူးခူး ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့တော့ …



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ခူးခူး ရဲ့ .. ကျွန်တော် ခင်ဗျားကို ရည်းစားစကား ပြောချင်နေတာ ကြာပြီ၊ ခင်ဗျားတို့က အပြင်ထွက်ရင်လည်း တစ်အုပ်ကြီးဆိုတော့ ..."

ဟင်္သာ စိတ်ညစ်ညစ်နဲ့ပြောနေတာကို ခူးခူး ကျိတ်ရယ်မိသည်။

"ခူးခူး .. နာမည်အရင်းက ခူးခူး ပဲလား"

ခူးခူး က ပြုံးစိစိနဲ့ ...

"ခူးခူး နာမည် နွေတန်ခူး လို့ သူစိမ်းယောကျာ်းတစ်ယောက်ကို ပြောလို့ ဖြစ်ပါ့မလား"

ဟင်္သာ နွေတန်ခူး ရဲ့ ထိုးစစ်ကြောင့် ရယ်လိုက်မိသည်။

"ကျွန်တော် ခင်ဗျားနဲ့ဆုံရတဲ့ ချောင်းသာသင်္ကြန်အတွက် လက်ဆောင်တစ်ခု ရှာထားတယ်၊ ရော့ .."

ဟင်္သာ သူ့လက်ထဲမှာ ဖွက်ယူလာတဲ့ အုန်းသီးခြစ်တံလေးကို ပေးတော့ ...

"ဘာလုပ်ဖို့လဲ၊ ပေါက်ပေါက်ရှာရှာ .."

"သေချာကြည့်ပါဦး ခူးခူး ရဲ့"

ခူးခူး သူမလက်ထဲက အုန်းသီးခြစ်တံကို လှည့်ပတ်ကြည့်တော့ ...

"ဟင် ..."

လက်ကိုင်မှာ တိပ်နဲ့ကပ်ထားတဲ့စာကို ဖတ်ကြည့်ပြီး ရှက်ပြုံး





နဲ့ ဟင်္သာ ကို မျက်စောင်းထိုးပါသည်။

"ကဲ .. ဘယ်လိုလဲ ခူးခူး၊ ကျွန်တော့်ကို အဖြေပေးလေ"

"အခုမှလာဆုံရတဲ့ ရှင့်ကို ကျွန်မက ဘယ်လိုယုံရမှာလဲ"

ဟင်္သာ ကလည်း သူမ စကားကြောင့် ...

"ယုန်သားစားပြီး ယုံကြည်ပါလို့ ကျွန်တော် မပြောချင်ပါဘူး၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ ယူလာပြီး ခင်ဗျား ကျွန်တော့်နောက်ကြောင်းကို စုံစမ်းနိုင်ပါတယ် ခူးခူး"

ဟင်္သာ စကားကြောင့် သူမ ရယ်မိသည်။

"ဒီလိုလုပ် .. မနက်ဖြန် ဆယ်နာရီမထိုးခင် ကျွန်မကို ရေလောင်းနိုင်အောင် ကြိုးစား၊ လောင်းနိုင်ရင် အဖြေတစ်ဝက်ရပြီလို့ မှတ်လိုက်၊ ဆယ်နာရီကျော်လို့မှ ရေမလောင်းနိုင်ရင် ဘာအဖြေမှ မရဘူးလို့ မှတ်လိုက်၊ ရေကို တစ်ကိုယ်လုံးရွှဲအောင် လောင်းရမှာနော်"

ခူးခူး စကားကြောင့် ဟင်္သာ က ရှုံ့ရှုံ့မဲ့မဲ့နဲ့ ...

"ဟာ .. ခင်ဗျား ဒါတော့ညစ်တာပဲ၊ တကယ်လို့ ခင်ဗျားပုန်းနေရင် ဘယ်လိုလုပ်မလဲ"

ခူးခူး က ညစ်ကျယ်ကျယ်အပြုံးနဲ့ ...

"ဒါက ရှင့်အပိုင်းလေ၊ ရှင် ကျွန်မကို အပြင်ထွက်လာအောင် ကြံပေါ့"

ဟင်္သာ ခုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ .. ခင်ဗျားဘက်က ကတိတည်ပါစေ ကျွန်တော် ခင်ဗျားကို ဆယ်နာရီမထိုးခင် ရေလောင်းနိုင်အောင် ကြိုးစားမယ်"

ခူးခူး ပခုံးတွန့်ပြလိုက်သည်။

"ဟော .. လာပါပြီ"

ကိုထက် တို့ အုပ်စု ပြင်းခုံပြီး ရောက်လာကြသည်။

"ဒါကတော့ ရှင်ညစ်တာ ကိုထက်"

"အေးလေ .."

ကိုထက် က ရယ်သည်။

"ဒါ ညစ်တာမဟုတ်ဘူး၊ ကဲ .. ဟုတ်လား မဟုတ်ဘူးလား၊ ကတိတည်ပစေနော်"

ခူးခူး က မျက်နှာစူပုပ်ပုပ်နဲ့ ရောက်လာတဲ့ မိနိုး ကို မေးမိသည်။

"ဟဲ့ .. လူစကားပြောလား မိနိုး"

နန္ဒာ က ကျိတ်ရယ်တော့ မိနိုး က နန္ဒာ ကို မျက်စောင်းထိုးရင်း ...

"ပြောမှာပေါ့၊ လူပဲဟာ"

"ဘယ်လို ..."

ရယ်သံတွေ ဆူညံသွားပါတယ်။

"ငါးတွေ ပုစွန်တွေ လိုက်ရောင်းတဲ့ဈေးသည်ဟာ၊ အဲဒီလူ





နာမည်က ငါးမန်းတဲ့"

ခူးခူး မျက်ရည်ထွက်မတတ် ရယ်မိသည်။

"ကဲ .. ကတိအတိုင်း .."

ကိုထက် စကားကြောင့် မိနိုး က မျက်စောင်းထိုးတော့ စန္ဒီ က ...

"ဟဲ့ .. ငါ့လူနော်"

"ခွေးမကတမျောက်၊ ကဲ .. ပြော၊ မဖြစ်နိုင်တာကို မခိုင်းနဲ့နော်"

အဲဒီအချိန်မှာပဲ ဝေသူ နှင့် တင်သော် ပြန်ရောက်လာပါတယ်။ ဝေသူ က တင်သော့် ကျောကိုထုရင်း ဆူညံဆူညံနဲ့ ရောက်လာတော့ ခူးခူး က ...

"ဟဲ့ .. ဝေသူ၊ မုန့်လုံးရေပေါ် စားရလား"

"မုန့်လုံးရေပေါ် .."

မိနိုး က ဘာမသိ ညာမသိနဲ့ သံယောင်လိုက်တော့ ဝေသူ က စိတ်ဆိုးဆိုးနဲ့ သူ့လက်ထဲကအရာကို ပြကာ ...

"ဘယ်ကလာ .. ဘာမုန့်လုံးရေပေါ်မှ မကျွေးဘူး၊ အဲဒါ သူက လမ်းဘေးလက်ဖက်ရည်ဆိုင်က မုန့်လုံးကြီးကြော် ဝယ်ကျွေးပြီး ဒါ မုန့်လုံးရေပေါ် အကြီးစားတဲ့"

ဝေသူ့ စကားကြောင့် အားလုံးရယ်ကြပါသည်။ ကိုထက် က ရယ်ရလွန်းလို့ အူကိုနှိပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ဒေါ်မြတ်နိုး၊ ကတိအတိုင်း .."

မြတ်နိုး က စူပုပ်ပုပ်ရှိနေဆဲ ..။

"ကဲ .. ပြော၊ ဘာလုပ်ပေးရမလဲ"

ကိုထက် က ဟသ်ာ ကို မေးဆတ်ပြတော့ ...

"လူတစ်ယောက်ကို ဒီညနေ ရေလောင်းရမယ်"

မြတ်နိုး က ကျေနပ်သွားဟန်နဲ့ ...

"ရတယ်၊ ဒီကိစ္စလောက်ကတော့ .."

"အဲဒီလူက မိုးဆွေ"

"ဟင်!..."

စန္ဒီ တို့က မြတ်နိုး ကို အလန့်တကြားကြည့်သည်။ မြတ်နိုး မျက်နှာပျက်သွားသည်။ ဟသ်ာ ကလည်း တည်တည်ငြိမ်ငြိမ်နဲ့...

"ကတိအတိုင်းနော်"

မြတ်နိုး သက်ပြင်းချလိုက်သည်။

"အေးလေ .. ကိုယ်ရှုံးတော့လည်း လုပ်ပေးရမှာပေါ့"

"ခင်ဗျားသတ္တိကိုတော့ ကြိုက်သွားပြီ၊ ကဲ.. ညနေမှ ဆုံမယ်"

ပင်လယ်ပြင်ကတော့ ငြိမ်သက်နေပါသည်။





ပင်လယ်ရေ ...

ရွှေခွက်မဟုတ် .. ငွေခွက်မဟုတ် ..

ညှာဘက်လက်နဲ့ .. ငါးလက်ချပ်နဲ့ ခပ်တဲ့ရေ ..။

ရေစက်နည်းပေမယ့် ..

မျက်ဝန်းလေး မှိတ် .. စိမ့်စိမ့်လေးတွေး

တစ်ကိုယ်လုံး အေးခနဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့စမ်းပါ"

"ဟာကွာ .. ငါ့ဂျူတီ မပြီးသေးဘူး"

"ခဏလေးပါကွာ"

ကိုထက် နဲ့ ဟသ်ာ က မပြောမဆိုနဲ့ အတင်းဆွဲခေါ်တော့ မိုးဆွေ ဘာမှန်းမသိဘဲ ဆွဲခေါ်ရာနောက်ကို လိုက်ခဲ့ရသည်။ ဟသ်ာ တို့ ဘန်ဂလိုနဲ့ ခူးခူး တို့ ဘန်ဂလိုကြားကို ရောက်တော့…

"မင်း ဒီမှာရပ်နေ .."

"ငါက ဘာလို့ရပ်ရမှာလဲ"

"ဒါဆိုလည်း ထိုင်နေ"

ကိုထက် အမြင်ကပ်ကပ်နဲ့ပြောတော့ မိုးဆွေ က အဟုတ်ထင်ပြီး ထိုင်မယ်လုပ်သည်။

"ဟေ့ကောင် .. ရှဲ့ပြောနေတာ၊ ရပ်နေ"

မိုးဆွေ ဟိုကြည့်ဒီကြည့်နဲ့ ဘန်ဂလိုနှစ်ခုကြားမှာ ရပ်နေရသည်။ ဟသ်ာတို့က သူတို့ဘန်ဂလိုရဲ့ဝရန်တာမှာ သွားရပ်နေကြ





သည်။ ဒါပေမယ့် ဒီကောင်တွေရဲ့မျက်လုံးတွေက ခူးခူး တို့ ဘန်ဂလိုရဲ့ တံခါးပေါက်ဆီ ..။

"ဟော .."

တံခါးက ပွင့်လာပါတယ်။ အရင်ဆုံး ထွက်လာသူတွေက ခူးခူး၊ စန္ဒီ၊ ဝေသူ နဲ့ နန္ဒာ၊ မြတ်နိုး ကို မတွေ့ရသေး။ သူတို့က မိုးဆွေ ကို ကြည့်ပြီး တိုးတိုး တိုးတိုးနဲ့ ပြုံးစိစိ။

တအောင့်ကြာတော့ ပလပ်စတစ်ပုံးတစ်ပုံးနဲ့ မြတ်နိုး ထွက်လာပါတယ်။ ဟသ်ာ တို့ဘက်က လက်ခုပ်တီးတော့ ဝေသူ တို့ကလည်း လက်ခုပ်တီးပြန်သည်။

တင်သော် က ဘန်ဂလိုထဲပြေးဝင်ပြီး ကင်မရာ သွားယူလာသည်။ မိုးဆွေ ဘာမှန်းမသိသေး။ ကြောင်တောင်တောင်နဲ့ ဟိုကြည့်ဒီကြည့် ဖြစ်နေသည်။

လက်ခုပ်သံစည်းချက်နဲ့အတူ မိနိုး မိုးဆွေ ရှိရာဆီ လျှောက်လာနေသည်။ မျက်ဝန်းက ဘာခံစားချက်မှ မရှိ ..။ မိုးဆွေ သူမမျက်ဝန်းတွေကိုကြည့်ပြီး မင်သက်နေသည်။

ပြီးတော့ မိုးဆွေ ပခုံးထက်ကနေ တဖြည်းဖြည်းချင်း ရေလောင်းသည်။ ကင်မရာတွေ တဖျပ်ဖျပ်။ မိုးဆွေ မရဲတရဲ မြတ်နိုး ကို ကြည့်မိတော့ သူ မနှစ်သက်တဲ့ အစိမ်းရောင်တွေ ထပ်တွေ့ရပြန်သည်။ ပြီးတော့ သူကြားသာရုံ တိုးတိုးလေး ..။

"နင့်ကိုရေလောင်းတာဟာ ခင်လို့မင်လို့၊ သံယောဇဉ်ရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လို့ မထင်လိုက်နဲ့ မိုးဆွေ၊ မတတ်သာလို့ ငါလောင်းရတာ၊ ငါ့အမှန်းတွေကြောင့် ဒီရေစက်တွေ အေးနေမှာမဟုတ်ဘူး၊ ပူလောင်နေမှာ သေချာတယ် .. အဲဒါ ငါ့ရဲ့ကျိန်စာပဲ''

မိုးဆွေ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။ သူမ ထွက်သွားသည်။ ခူးခူး ကတော့ ဘာမှမသိဘဲ မိုးဆွေ ကို လှမ်းစနေသည်။

''ကိုမိုးဆွေ .. ဘာလဲ .. မိနိုး လောင်းလိုက်တဲ့ရေကြောင့် အေးခဲပြီး ကျောက်ရုပ်ဖြစ်သွားတာလား''

ချော်ရည်လို သူမ အမုန်းကြောင့် အရည်ပျော်သွားတာပါလို့ ပြောလိုက်ချင်ပေမယ့် စကားလုံးတွေက သက်ပြင်းပဲဖြစ်သွားခဲ့သည်။

''လာ .. ဟော့ကောင်''

မိုးဆွေ အမှတ်တမဲ့လှမ်းကြည့်တော့ သူမတို့ မိနိုးကို ဝိုင်းပြီး မေးနေကြပါတယ်။ သူမ ခေါင်းခါလိုက်တာကို တွေ့ရသည်။

''ငါတို့အလောင်းအစားနိုင်သွားလို့ မင်းကို ရေလောင်းခိုင်းလိုက်တာ၊ ဘယ်လိုလဲ.. မင်းပျော်သွားတယ် မဟုတ်လား မိုးဆွေ''

ကိုထက် အမေးကို အရည်ပျော်သွားတာပါလို့ ဖြေလိုက်ချင်ပေမယ့် သူ ပြုံးနေလိုက်ပါသည်။

''ကဲ .. ဒီကောင့်အစီအစဉ် ပြီးသွားပြီဆိုတော့ မင်းအလှည့် ဟသ်ာ၊ ဟိုကပြန်လာပြီးကတည်းက မေးမယ် မေးမယ်နဲ့ မမေးဖြစ်သေးဘူး၊ ပြောပါဦး''

တင်သော် က မင်းနိုင် နဲ့ အတူ ခုနကရိုက်ထားတဲ့ ဓာတ်ပုံ





ကို ပြန်ကြည့်နေပါတယ်။ ဟသ်ာ ပင်လယ်ပြင်ဘက်လှည့်ပြီး နေတော့ ကိုထက် က အမြင်ကပ်ကပ်နဲ့ ...

''ပြောမယ့်အရေးကို အန်ဖတ် ပြန်စားနေရသေးတယ်''

''ခွီးတဲ့မှ၊ စားမြုံ့ပြန်တာကွ''

''နှစ်ခုစလုံး ရွံစရာတွေပါကွာ၊ ကဲ .. ပြောစမ်းပါ''

ဟသ်ာ က လက်ဖဝါးချင်း ပွတ်ပြီး ...

''အခြေအနေက ကောင်းတော့ကောင်းတယ်''

မင်းနိုင် အမြင်ကပ်ကပ်နဲ့ ...

''အခြေအနေ ကောင်းရင်ကောင်းတယ်၊ မကောင်းရင် ကောင်းဘူးပေါ့၊ မင်းဟာက ကောင်းတော့ကောင်းတယ်ဆိုတော့ ကြီးလဲ ..''

''ဘကြီး မဟုတ်ပါဘူး၊ ဦးလေး ဖြစ်မယ်''

''ဒီကလေးက လူကြီးဝိုင်းထဲ ဝင်ပါနေပြန်ပြီ''

''လူကြီးဝိုင်းဆိုတော့ ဖဲဝိုင်းလား''

''နေကြစမ်းပါကွာ''

''အေးပါ .. နေကျတာနဲ့ သောင်ပြင်ဘက် ထွက်မှာပါ''

စကားတွေက ဟိုရောက် ဒီရောက်။

''ကဲ .. ငါ ပြောရပါတော့မလား''

ဟသ်ာ စကားကြောင့် တင်သော် က စပ်ဖြဲဖြဲနဲ့ ...

''ကဲ .. ပြောတော့''



www.burmeseclassic.com

www.burmeseclassic.com



...ာ်ာ က သက်ပြင်းမှုတ်ထုတ်ရင်း ...

"ဒီ ဒီကျ .. သူက မနက်ဖြန် ဆယ်နာရီမထိုးခင် သူ... ရေလာလော်·ရမယ်တဲ့၊ ဆယ်နာရီမထိုးခင် လောင်းနိုင်ရင် အ... တစ်ဝက် ရင်း ` တစ်ကိုယ်လုံး စိုရွှဲသွားအောင် လောင်းရမှာတဲ့"

ဟသ်ာ ...ားကြောင့် မင်းနိုင် က ...

"အဖြေ တစ်ဒါဇင်လုံးလုံးကို တစ်ခါတည်း ဘာလို့ မ... တာလဲ"

"ဆိုင်မှာ တစ်ဝက်ပဲရှိလို့ နေမှာပေါ့"

ကိုထက် က မကြည့်ဘဲ တင်သော့် ကို လှမ်းကန်လို... သည်။ ဟသ်ာ က ဆက်ပြောသည်။

"သူကတော့ ပုန်းနေမှာတဲ့၊ ဆယ်နာရီထိုးလို့ ငါ မလော... နိုင်ရင် သူ့ဆီကအဖြေကို ဒီတစ်သက် မရတော့ဘူးတဲ့"

"ဟာကွာ .."

"ဘာကြီးလဲကွာ .. ခေါင်းဖေါက်စားတာပဲ"

"အေးလေ.. မင်းကို ငါးခေါင်းနဲ့များ မှားသွားလားမသိဘူး"

ကိုထက် က သေချာစဉ်းစားရင်း ...

"ဒါ ငါတို့ကို စိန်ခေါ်တာပဲ၊ အင်း .. မဖြစ်ဖြစ်တဲ့နည်း... ဆယ်နာရီမထိုးခင် ရေလောင်းရမှာပဲ"

တင်သော် ကလည်း ကျိတ်မနိုင်ခဲမရဟန်နဲ့ ...

"ဘယ်လိုလောင်းမလဲ၊ နိုင်ငံခြားကားထဲကလို ငါတို့အ...





...ကနေ လိုဏ်ခေါင်းဖောက်ပြီး သွားမလား"

"ငတုံးရဲ့ .. ရမလား"

မင်းနိုင် က ဆရာကြီးစတိုင်နဲ့ ...

"ငါ သိပြီ"

"ပြောပါဦး"

သူက ပိုင်ပိုင်နိုင်နိုင်လေသံနဲ့ ...

"တံခါးခေါက်ပြီး သွားလောင်းမှာပေါ့၊ လောင်းမယ်နော်လို့ ပြောလိုက်မယ်လေ"

မင်းနိုင် ခေါင်းကို ဝိုင်းထုကြပါသည်။ မိုးဆွေ ဘာမှဝင် ပြောဘဲ ထိုင်ငြိမ်နေရာမှ ...

"ငါ့မှာ အစီအစဉ်ရှိတယ်"

"အဲလိုလုပ်စမ်းပါ မိုးဆွေ ရာ"

မိုးဆွေ ထရပ်တော့ ဟသ်ာ က ...

"ထိုင်ပြောလေကွာ"

"မဟုတ်ဘူး၊ မင်းတို့ပါ လိုက်ခဲ့"

"ဘယ်ကိုလဲဟ"

"ကိုကြီးသန်း နဲ့ ကိုကြီးစိုး တို့ ဆီ၊ သူတို့အကူအညီလည်း ...ို တယ်လေ"

ဟသ်ာ ကိုထက် ကို လှမ်းကြည့်တော့ ကိုထက် က ထပ်... ...ချက်ပြတာကြောင့် အားလုံး ထရပ်သည်။ ကိုကြီးစိုး နဲ့ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



သန်း က ဟိုတယ်အဝင်ဝမှာ စကားပြောနေကြသည်။ သူတို့ တာ မြင်တော့ …

“ဟော .. တစ်အုပ်ကြီးပါလား၊ ဘယ်လဲ”

ဟံသာ က ဖြေပါသည်။

“ကိုကြီးစိုး တို့ ဆီ ..”

ကိုကြီးစိုး က ဟိုတယ်ထဲကို လှမ်းကြည့်ပြီး …

“ရှိလားမသိဘူး၊ ငါသွားကြည့်ပေးမယ်”

“ဟော့ကောင် .. မင်းကို ပြောနေတာ”

ကိုကြီးသန်း စကားကြောင့် ကိုကြီးစိုး က ရယ်ကျဲကျဲနဲ့

“သြော် .. ငါလား၊ အဲဒါကြောင့် ဒီနာမည် ရင်းရင်းနှီး သိနေပါတယ်လို့ ထင်သား”

“ကဲ .. ပြောပါဦး”

“ခင်ဗျားတို့ ဂျူတီပြီးပြီလား”

ကိုထက် စကားကြောင့် ကိုကြီးသန်း က …

“ပြီးပြီ၊ ဘာလုပ်မလို့လဲ”

“ဘီယာတိုက်မလို့”

ကိုကြီးသန်း တို့ မျက်နှာ အစွမ်းကုန် ပွင့်လန်းသွားပါတယ်

“ကောင်းမွန်သင့်မြတ်ကြောင်းပါ အဆွေတော်”

သူတို့အုပ်စု ဘီယာဆိုင်ကိုရောက်တော့ ဟံသာ က ခူး က သူ့ကိုအဖြေပေးမယ့်အစီအစဉ်အကြောင်း ပြောပြလိုက်ပါတယ်





ကိုကြီးသန်း က …

“ဟာ .. ပုန်းနေတဲ့သူကို ဘယ်လိုရေသွားလောင်းမလဲကွ”

“တစ်ခုတော့ ရှိတယ်”

ကိုကြီးစိုး စကားကြောင့် ဟံသာ ဝမ်းသာအားရနဲ့ …

“ပြောပါဦးဗျာ”

ကိုကြီးစိုး က ဆရာကြီးစတိုင်နဲ့ စဉ်းစားပြီး …

“တရုတ်ပြည်မှာရှိတယ်လေ၊ မိုးတိမ်တိုက်အတုကို သူ့အခန်းထဲမှာထားပြီး ရွာချခိုင်းလိုက်၊ တစ်ကိုယ်လုံးရွှဲရုံတင်မကဘူး .. ဘယ်လိုလဲ”

ကိုကြီးစိုး စကားကြောင့် ကိုကြီးသန်း က နားရင်းကိုလှမ်းရိုက်ရင်း ..

“ထွီ .. ချီးဘုရိုန်း၊ မိုးတိမ်အတုတစ်ခုကို ဒေါ်လာသန်းချီပြီး ရှိတာ၊ ဘာတွေပြောမှန်းကို မသိဘူး၊ အရူး ..”

မိုးဆွေ ဝင်ဖြေရှင်းရပါသည်။

“ကျွန်တော့်မှာ အစီအစဉ်ရှိတယ်၊ ဒီလိုဗျ .. ပထမဦးဆုံး ခူးခူး အပြင်ထွက်လာဖို့ အရင်ကြိုးစားရမယ်”

ခေါင်းတွေ တိုးကပ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"

" ဟဲ့ .. သတိဝီရိယနဲ့ နေနော်"

မိနီး က ရေသွားကူးခါနီး မှာသည်။

"စိတ်ချပါဟယ်"

စန္ဒီ မျက်မှန်တပ်ရင်း ...

"နင် ဆယ်နာရီကျော်တာနဲ့ ငါတို့ဆီ လာခဲ့လေ"

"အေးပါဟယ် .."

စန္ဒီ တို့၊ ဝေသူ တို့က သွားခါနီး အထပ်ထပ်မှာကြသည်။ စန္ဒီ တို့ သွားပြီး ခဏအကြာမှာ သူမ အခန်းထဲမှာ စာဖတ်ရင်း ပျင်းလာသည်။ နာရီကိုကြည့်တော့ ကိုးနာရီထိုးစပဲ ရှိသေး၏ ... ရှုးရှူး အခန်းဝ ကို လျှောက်လာပြီး ပြတင်းတံခါးကနေ အပြင်ကို အကဲခတ်ကြည့်တော့ အရှေ့ဘန်ဂလိုက ဟသ်ာတို့အုပ်စု အခန်း ... တံခါးသော့ခတ်ကာ အပြင်ကို ထွက်သွားကြတာကို တွေ့လိုက်ရ ... သည်။





သူမ အတန်ကြာမှ တံခါးဖွင့်ပြီး အပြင်ကို မရဲတရဲ ထွက်လာခဲ့သည်။ အပြင်ကိုရောက်တော့ စိတ်မချစွာ ဟိုကြည့်ဒီကြည့် ကြည့်ရသေးသည်။ ဘယ်သူမှတော့ မရှိ။ ခပ်လှမ်းလှမ်းမှာ ကဲကဲ တို့ မောင်နှမသုံးယောက် ဘောလုံး ကန်နေကြတာကို တွေ့တာကြောင့် ...

"ကဲကဲ ရေ .."

"ဗျာ .. မမ"

"ခဏ .."

ကဲကဲ သူမဆီ ပြေးလာသည်။

"ဘာလဲဟင် .."

"မမကို တစ်ခုကူညီပါလား"

ကဲကဲ က ခေါင်းညိတ်ပြသည်။

"ဒီရှေ့အခန်းက ဦးဦးတွေကို သိလား"

"ဟုတ်ကဲ့ .. ဦးဦးဟသ်ာ တို့ မဟုတ်လား"

သူမ ကျေနပ်သွားသည်။

"ဘယ်နှစ်ယောက်လဲ"

ကောင်လေးက မျက်မှောင်ကုပ်ရင်း စဉ်းစားကာ ...

"ဦးဦးဟသ်ာ၊ ဦးဦးထက်၊ ဦးသော်၊ ဦးနိုင် .. လေးယောက်လေ"

"တော်လိုက်တာ ကဲကဲ ရယ် .. သူတို့လေးယောက် ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေလဲ သွားကြည့်ပေး၊ မမ မုန့်ဖိုးပေးမယ် .. ရော့"

သူမ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်တော့ ကဲ
က သူညီတွေ၊ ညီမတွေခေါ်ကာ ပြေးထွက်သွားသည်။ ခဏ
တော့ ပြန်ရောက်လာသည်။

"တွေ့လား ကဲကဲ"

ကဲကဲ က ခေါင်းညိတ်ပြီး ...

"တွေ့တာပေါ့ .. လေးယောက်စလုံး ရေကူးနေကြတ
မမ"

"တကယ် သေချာတယ်နော်"

ကဲကဲ ခေါင်းညိတ်ပြသည်။

"အေး .. အေး .. သွားဆော့တော့"

ကဲကဲ တို့ ထွက်သွားတော့ သူမ အောင့်သက်သက် ဖြ
သွားသည်။ တစ်ယောက်တည်း စိတ်ဆိုးဆိုးနဲ့ ...

"အလကားလူ .. အဖြစ်မရှိတဲ့လူ"

ဒီလောက်လေးတောင် ကြိုးစားချင်စိတ်မရှိတဲ့ ဟသ်ာ ဆို
လူကို မုန်းချင်လာသည်။ မလာလောက်တော့ဘူး အတွေးနဲ့ လ
လျှောက်လာရင်း သူမ သွားမယ့်လမ်းမှာပိတ်နေတဲ့ လှိုင်းစီးရင်
တဲ့ လေသဘော်တစ်ခုကို ရှောင်လိုက်ရပါတယ်။

"လူတွေက တော်တော်စည်းကမ်းမရှိကြတာပဲ"

နှုတ်ခမ်းလေးနဲ့ စိတ်က ပိုတိုလာရင်း အပင်အောက်ကဖြ





ကာ ဟိုတယ်ဘက်ကို ပုဏ္ဏရိတ်လမ်းလေးအတိုင်း လျှောက်လာခဲ့
ပါတယ်။ အဝင်ဝ မရောက်ခင်မှာ ဟိုတယ်ဧည့်ခံပွဲတွေ၊ ပွဲတော်
နေ့တွေမှာ အလှထားတဲ့ လူတစ်ရပ်စာ ဂျိုကာရုပ်တွေကို တွေ့ရပါ
တယ်။ ပါးစပ်ဖြဲကာ ရယ်နေတဲ့ ဂျိုကာရုပ်ကိုကြည့်ပြီး ...

"လာပြောင်မနေနဲ့၊ ဒီက ဒေါသထွက်နေတာနော်"

တစ်ယောက်တည်းမို့ စိတ်လွှတ်ကိုယ်လွှတ် ပြောလိုက်မိ
တော့ ...

"ဟဲ့ .. ပလုပ်တုတ်"

ကိုယ်ပေါ်လာစင်တဲ့ ရေတွေကြောင့် ကမန်းကတန်း နောက်
ဆုတ်လိုက်ရသည်။ နည်းနည်းတော့ စိုသွားပါတယ်။ ခူးရူး
ကမန်းကတန်းကြည့်လိုက်တော့ ဂျိုကာရုပ်ဆီက ရယ်သံနဲ့အတူ
ပြဲနေတဲ့ ပါးစပ်ထဲက ရေတွေ ပန်းထွက်လာတာပါ။

သူမ ချက်ချင်း သိလိုက်ပါပြီ။ သူတို့ စစ်ဆင်ရေးစပြီလို့။
တစ်ကိုယ်လုံးမရွဲတာ တော်သေးတာပေါ့လို့တွေးရင်း ပုဏ္ဏရိတ်
လမ်းလေးအတိုင်း ရှေ့ကိုကြည့်ကာ နောက်ဆုတ် နောက်ဆုတ်နဲ့
လျှောက်လာစဉ်မှာ ဘယ်ကမှန်းမသိတဲ့ရေတွေ ကျလာပါတယ်။

သူမ ရေထွက်လာရာကို ကမန်းကတန်းသွားကြည့်တော့
ပုဏ္ဏရိတ်ပင်တွေထဲမှာ မြှုပ်ထားတဲ့ ရေပန်းထဲကရေတွေ ပန်း
ထွက်နေတာမှန်း တွေ့လိုက်ရပါတယ်။ တဖြည်းဖြည်းနဲ့ အခြေ
အနေ မကောင်းတော့ဘူးဆိုတာ ရိပ်မိလိုက်တာကြောင့် ဘန်ဂလို



www.burmeseclassic.com

www.burmeseclassic.com



ရှိရာကို အပင်အောက်ကနေ ခပ်သွက်သွက် လျှောက်အလာ…

"ဟင်!…"

အပင်အောက်ကိုအဖြတ် သစ်ပင်ပေါ်ကနေ ရေထည့်ထားတဲ့ ဘောလုံးတွေ တစ်လုံးပြီးတစ်လုံး ပြုတ်ကျလာပါတယ်။ ရေဘောလုံးတွေက ရုပ်ရှင်ကားတွေထဲမှာ ဗုံးပေါက်သလို သူမဘေးက မြေပြင်ပေါ်မှာ ဖောင်းခနဲ .. ဖောင်းခနဲ ..။

သူမ ခေါင်းတွေ၊ ကိုယ်တွေကို လာစင်တဲ့ရေတွေကြောင့် သူမ တစ်ကိုယ်လုံး ရေစိုစပြုလာပါတယ်။ သူမ တစ်ကိုယ်လုံး မရွှဲခင် ဒရောသောပါး ပြေးလာရင်း လေသဘော်နားအရောက် ဘယ်ကနေ ပေါ်လာမှန်းမသိတဲ့ ကြိုးတန်းနဲ့တိုက်မိပြီး လေသဘော်ထဲ ခွေခနဲအကျ ..၊

"ဗုဒ္ဓေါ .. ကယ်ကြပါဦး"

သူမ လေသဘော်ထဲအရောက်၊ သဘော်အောက်က ထရော်လီလှည်းဘီးက အရှိန်ပြင်းပြင်းနဲ့ သူမကို တစ်နေရာဆီ ခေါ်ဆောင်သွားပါတော့တယ်။

သူမ ရှေ့ကိုလှမ်းကြည့်ပြီး မျက်လုံးပြူးသွားပါတယ်။

"ဘုရားရေ .."

ရှေ့တည့်တည့်မှာ ရေကူးကန်။ ရေကူးကန်ရဲ့အစပ်နားကို လှည်းကအရောက် မြင်းတစ်ကောင်လို တုံ့ခနဲရပ်သွားကာ လေသဘော်ရော၊ သူမပါ လေထဲမှာ လွင့်ခနဲ ..၊ ပြီးတော့ …





"ဗွမ်း .."

သူမ ရေထဲကို စုံးစုံးမြုပ်သွားပါတယ်။ ရေထဲကနေ ကမန်းကတန်း အားယူပြီး ပြန်တက်လာတော့ ရယ်သံတွေ .. ရယ်သံတွေ။

သူမ စိတ်တိုတိုနဲ့ ရေကူးကန်ပေါ် ပြန်တက်လာတော့ လက်ကမ်းပေးတာက ဟသ်ာ ..။

သူမရဲ့သူငယ်ချင်းတွေကလည်း သူမပုံစံကို ပါးစပ်အဟောင်းသားနဲ့ ဝိုင်းကြည့်နေကြတာကြောင့် သူမ ရှက်ရမ်းရမ်းပြီး …

"ဖြန်း .."

"ရှူးရှူး .."

သူမ ရှက်ရှက်နဲ့ ထွက်ပြေးလာခဲ့ပါတယ်။

မြတ်နိုး တို့ အားလုံး တောင်းပန်ရမလိုလိုနဲ့ ဘာလုပ်ရမှန်းမသိဘဲ မျက်နှာတွေပူကာ ရှူးရှူး နောက်ကို ပြေးလိုက်သွားကြပါတယ်။

မိုးဆွေ တို့က ဟသ်ာ ရှိရာကို ပြေးလာကြပါတယ်။

"ငါတို့လုပ်တာ လွန်သွားပြီထင်တယ် ဟသ်ာ"

ဟသ်ာ က စပ်ဖျဉ်းဖျဉ်း ဖြစ်နေတဲ့ပါးကို ပွတ်ရင်း အားရပါးရ ပြုံးကာ …

"ကြည့်နေ .. နောက်နေ့ ကျွန်တော် အဖြေရပြီ .. ကျိန်းသေတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟာသီ စကားကြောင့် အားလုံးက ဒီကောင့်ကို မျက်လုံးအပြူးသားနဲ့ ဝိုင်းကြည့်ကြပါတယ်။

“ဒီကောင် ရူးသွားပြီလား မသိဘူး၊ ဒီလောက် ပါးအရိုက်ခံရတာကိုတောင် ..”

ဟာသီ က ပျော်လွန်းလို့ဆိုပြီး ကွေးနေအောင် က,လိုက်ပါသေးတယ်။

မိုးဆွေ က ဟာသီ ပြောတဲ့အဓိပ္ပာယ်ကို သိနေတာကြောင့် ခပ်ပြုံးပြုံးပဲ နေလိုက်ပါတယ်။

မင်းပြောတာ မှန်တယ် ဟာသီ ..။





“နင်ဟယ် .. အဲလောက်ကြီးတော့ မလုပ်သင့်ဘူး”

မြတ်နိုး ရယ်လည်းရယ်ချင်၊ ခူးခူး ရှက်သွားမှာလည်း စိုးာကြောင့် ခပ်တည်တည်နဲ့ ပြောရသည်။ ဝေသူ တို့ကတော့ ူးခူး မမြင်အောင် ကျိတ်ရယ်နေကြသည်။

ခူးခူးလည်း ဖြစ်ပြီးမှ မှားသွားမှန်း သိသည်။ ဒါပေမယ့်...

“ငါလည်း ဖြစ်ဖြစ်ချင်းတော့ ရှက်သွားဟာပေါ့ဟဲ့”

“အဲဒါပေါ့၊ ရှက်ရမ်းရမ်းတယ်ဆိုတာ ...”

စန္ဒီ စကားကြောင့် ခူးခူး က မျက်စောင်းလှည့်ထိုးရင်း...

“ဟဲ့ .. ရှက်တာပေါ့ဟ၊ တစ်ဆင့်ပြီးတစ်ဆင့်နဲ့ လူကိုသွားတာပဲ၊ သူလုပ်ပုံက နလုံးရောဂါတောင် ဖြစ်နိုင်တယ်”

မြတ်နိုး တည်မနေနိုင်တော့ဘဲ ရယ်လိုက်ကာ ...

“နင်ပဲ တစ်ကိုယ်လုံးရွှဲအောင် ရေလောင်းနိုင်ရမယ်ဆို၊ ကိုယ်ိုင် လက်နဲ့မလောင်းဘဲ ကျွန်မ မသိအောင် လောင်းရမယ်ဆို၊ ကြီးလေကျယ်နဲ့ သူပဲ သွားစ,ပြီး ...”



www.burmeseclassic.com

www.burmeseclassic.com



"မိနှိုး နော်.. နင်တို့က ငါ့ဘက်ကလား၊ သူ့ဘက်ကလား"

မြတ်နိုး စူပုပ်ပုပ်ဖြစ်နေတဲ့ သူငယ်ချင်းရဲ့လက်ကို ဆုပ်ကိုင်ပြီး ...

"နှုးနှုး ရယ် .. နင်နဲ့ငါနဲ့က ပေါင်းလာတာ ကြာပါပြီ နင် သူ့ကို စိတ်ဝင်စားနေလား၊ စိတ်မဝင်စားဘူးလားဆိုတာ ငါတို့ သိတာပေါ့"

"နင်နော် .. ဘယ်လိုဖြစ်နေတာလဲ"

နှုးနှုး ရှက်ရမ်းရမ်းတော့ စန္ဒီ က ပြောသည်။

"အချစ်ဆိုတာ နင် ခုနကဖြစ်သလို တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် ရင်ကိုလှုပ်ရှားစေတဲ့အရာပဲလေ၊ ပွင့်လင်းစမ်း နှုးနှုး ရယ် ..၊ ကဲ .. ပြော .."

"ငါက ဘာပြောရမှာလဲ"

စန္ဒီ မျက်ရိပ်ပြတော့ အကုန်လုံးက ဝိုင်းမေးကြသည်။

"နင် သူ့ကို ချစ်မချစ်"

နှုးနှုး အဖြေရခက်နေသည်။

"ငါ့မှာ အိမ်ကပေးစားမယ့်သူ ရှိတယ်"

"နင်ပဲ မကြိုက်ဘူးဆို .."

"ငါ့အဖေက ကြိုက်နေတယ်လေ"

"ဒါဆို နင့်အဖေကိုပဲ ယူခိုင်းလိုက်ပေါ့"

"ဟဲ့ .."





ဝေသူ စကားကြောင့် အားလုံးက ဝိုင်းအော်ကြသည်။ နန္ဒာ က စပ်ဖြဲဖြဲနဲ့ ...

"ဟသာ က မျိုးကောင်းရိုးကောင်းလေးပဲဟာ၊ နင့်အဖေကို နားချပေါ့"

"နားချရင် သူ့အဖေက ပြန်ချမှာပေါ့ဟဲ့"

"နားဝင်အောင် ပြောခိုင်းတာဟဲ့"

စကားတွေက ရှုပ်ကုန်ပါသည်။ နှုးနှုး က ငိုင်တွေတွေနှင့်၊ သူတို့ပြောတဲ့ အချစ်ဆိုတာကြီးက ခြေသံမပေးဘဲ ဝင်လာလို့လေ။

မြတ်နိုး က နှုးနှုး ကို ကြည့်ပြီး ရယ်လည်းရယ်ချင်၊ ရယ်လည်း မရယ်ရက်နဲ့ ..၊

"ငါ ဘာလုပ်ရမလဲဟင်"

"နင် သွားတောင်းပန်သင့်တယ်"

မြတ်နိုး စကားကြောင့် နှုးနှုး က အင်တင်တင်နဲ့ ...

"ဟာ!..."

"ဟဲ့ .. ဟာတွေ ဟင်တွေ လုပ်မနေနဲ့၊ နင်က ယောက်ျား တစ်ယောက်ကို ပါးသွားရိုက်တာလေ၊ ဟိုက နင့်ကိုချစ်လို့ ဘာမှ ပြန်မလုပ်တာ"

"လုပ်ရဲ လုပ်ကြည့်ပါလား"

နန္ဒာ က နှုးနှုး ကို စ,ချင်တာကြောင့် ...

"ဘာလဲ .. အာဘွားပြန်ပေးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာ .. နင်နော်"

ခူးခူး က အနားမှာရှိတဲ့ ဘီးနဲ့ လှမ်းပစ်သည်။

"ကဲ .. မိခူး .. နင် အင်တွေ ကညင်တွေ လုပ်မနေ သွားတောင်းပန်လိုက်"

"ငါ ရှက်တယ်ဟာ"

"မျက်မှန်တပ်သွားလေ"

မိနီး စကားကြောင့် ခူးခူး က ...

"အေး .. မဆိုးဘူးဟ"

"ဒါဆို ငါတို့ ကြည့်စီစဉ်လိုက်မယ်နော်"

ခူးခူး က ဘာမှပြန်မပြော။ ဒီလောက်ဆို အားလုံး သဘော ပေါက်ကြပါသည်။

ခူးခူး ရင်ထဲကို တဖွေလား၊ မော်ဆရာလားမသိတဲ့ အချစ်ဆို တဲ့ အကောင်ပေါက်စလေးတစ်ကောင် ခြယ်လှယ်နေပြီဆိုတာ လေ ..။





"ကျွန်တော် တောင်းပန်ပါတယ် ဒွေတန်ခူး"

"ရှင် .."

မျက်မှန်အနက်ကြီးတပ်ပြီး အံ့သြပြနေတဲ့ ဒွေတန်ခူး ကြောင့် ဟသ်ာ မရယ်မိအောင် နေရပါသည်။

ဟုတ်တယ်လေ .. အမှန်က သူမက သူ့ကို တောင်းပန်ရမှာ ပါ၊ စန္ဒီ က ဟသ်ာ ကို ခူးခူး က တောင်းပန်ချင်သည်လို့ ဆို ကတည်းက သူတွေးထားတာ မှန်ပြီဆိုတာ သိလိုက်ပါသည်။

ဒါပေမယ့် နည်းနည်းလေး ကလိချင်တာကြောင့် ...

"ဟုတ်ပါတယ်.. ကျွန်တော် လွန်သွားပါတယ်၊ အေးဗျာ.. ကျွန်တော်ကလည်း ကျွန်တော်ပါပဲ၊ ကိုယ့်ကိုမချစ်တဲ့ မိန်းမ တစ်ယောက်ကိုမှ အခုလို .."

စကားဆက်ပြောနိုင်စွမ်းမရှိတော့တဲ့ပုံနဲ့ သူ ခေါင်းငိုက် စိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအရာတွေ ကြက်တိ ..၊ ခူးခူး လက်ထဲက ပဝါ
လုံးချေနေမိသည်။ ပြီးတော့ ဟသ်ာ ကို ဆွဲလုပ်ချင်နေမိသည်။

တော်တော် အလိုက်ကမ်းဆိုးမသိတဲ့ကောင် .. နားရင်းရွေ
ဘာတွေ ဆွဲအုပ်ပစ်ချင်နေတဲ့စိတ်ကို မနည်းထိန်းနေရသည်။

"ဒါပေမယ့် ကျွန်တော် ကျေနပ်ပါတယ်၊ ကျွန်တော့်အ
အတွက် ချောင်းသာသာကြိန်နဲ့ ခင်ဗျားနဲ့ တွေ့ဆုံခဲ့ရတဲ့ အဝါရော
နေ့ရက်တွေကို ကျွန်တော် ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်ပါဘူ
ဗျာ"

သူမ အတော်ဒေါသထွက်လာပါသည်။ နလပိန်းတုံးကောင်
လူကဲခတ်ညံ့လွန်းတဲ့ ကောင်စား ..။

"ဟသ်ာ .."

သူမ ဒေါသသံကြောင့် ...

"ကျွန်တော့်အပေါ် စိတ်ဆိုးမပြေနိုင်ဘူးဆိုတာ ကျွန်တော်
သိပါတယ်ဗျာ၊ တကယ်တော့ ဒီလိုအခြေအနေမျိုးဖြစ်သွားအော
ကျွန်တော်ပဲ ဖန်တီးခဲ့တာလေ"

ခူးခူး ဒေါသထွက်ရုံတင်မက ကုပ်ဆွဲပြီး ဆွဲဖြဲချင်စိတ်
ပေါက်လာပါသည်။ (အင်္ဂလိပ်ဘာလို ပြောပါတယ်။) အဲဒီလို
သူမရဲ့ ခပ်လှမ်းလှမ်းက ပုဏ္ဏရိပ်ပင်တွေနောက်မှာ ပုန်းပြီး န
ထောင်နေတဲ့ မြတ်နိုး တို့လည်း ဟသ်ာ ကို မချင့်မရဲ ဖြစ်နေကြ
တယ်။





"အဲဒီ ဟသ်ာ ဆိုတဲ့လူက ဘယ်လိုကောင်မှန်း မသိဘူး
တယ်"

"အေးဟယ် .. ကိုထက် နဲ့ကွာပါ၊ ငါတောင် အဖြေမပေးရ
သေးဘူး၊ မြန်လိုက်တာ ... ငါ့ကိုလေ .."

"ဟဲ့ .."

"သြော် .. လက်ကိုဆွဲပြီး အဖြေမပေးမချင်း မလွှတ်ဘူး
လို့ ပြောတာပါ"

"တော်သေးတာပေါ့ဟယ်"

ဝေသူ က တွတ်တွတ်ထိုးနေတဲ့အုပ်စုကို လှည့်ဟောက်ရ
ပါသည်။

"ဟဲ့.. ငြိမ်ငြိမ်နေကြစမ်းပါဟဲ့၊ ဘာဆက်ဖြစ်မလဲ.. ကြည့်
ပါဦးဟဲ့"

သူမတို့အားလုံး ဟသ်ာ တို့ အခြေအနေကို ဆက်ကြည့်ရပါ
သည်။

"နှုတ်ဆက်ခဲ့ပါတယ် .. ကျွန်တော် သွားတော့မယ် ..
လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေးကို .. လွမ်းမိရင်လည်း လွမ်းမှာ
ပဲ .."

ပြဇာတ်မင်းသားလိုလို၊ ဓာတ်ရှင်မင်းသားလိုလို ခွန်သန်း
ထွန်း သီချင်းကို စကားပြေအဖြစ် ပြောင်းပြီး ကြေကွဲပြနေတဲ့
ဟသ်ာ ကို အမြင်ကပ် ဒေါသထွက်လာတာကြောင့် အနားမှာ



www.burmeseclassic.com

တွေ့တဲ့ အုန်းလက်ခြောက်ကို ကောက်ကိုင်လိုက်ကာ ...

"ကဲဟယ် ... အခြေအနေကို မသိတဲ့ကောင် .."

"ခွပ် .."

"ဟ .. လွှန်မယ် ခူးခူး"

ဟသ်ာ ဘယ်လိုကာကာ မရတော့။

ခေါင်းကိုကာရင် ခြေထောက်ကို ရိုက်သည်။ ခြေထောက်ကို ကာရင် ခေါင်းကို ရိုက်သည်။

ခူးခူး ကလည်း ပါးစပ်ကလည်း ပြော၊ လက်ကလည်း မြန်သည်။

"ဉာဏ်တိမ်တဲ့ကောင် .. တစ်ဖက်လူ ဘာဖြစ်နေလဲ မသိတဲ့ ကောင် .."

"ခွပ် .."

"ခွပ် .."

"အား .. နာတယ်၊ နောက်တာပါ ခူးခူး ရဲ့ .."

"ဘာ!... နောက်တာ ... ကဲဟယ် .."

"ခွပ် ..."

ဟသ်ာ မထူးတော့ပြီမို့ သူမကို တင်းတင်းကျပ်ကျပ်ကြီး သိုင်းဖက်ထားလိုက်တော့သည်။

ခူးခူး လက်ထဲက တုတ်ကို ဆွဲယူလွှင့်ပစ်တော့ သူမက လက်သီးဆုပ်တွေနဲ့ သူ့ရင်အုံကိုထုပြီး ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ





တော့ ...

"ချစ်လို့ စတာပါကွာ .. တိတ်တော့နော်၊ သကြားလုံး ယ်ကျွေးမယ်၊ ဆက်ငိုရင် ဖက်နမ်းပစ်မှာနော်"

သူမ ရှက်ကိုးရှက်ကန်းနဲ့ ဟသ်ာ ကို ဆွဲဆိတ်တော့ ချုံပုတ် ထဲက ခေါင်းတွေထွက်လာပြီး ရယ်သံတွေ ကြားရပါသည်။

မိုးဆွေ တို့က တစ်ဖက်အပင်နောက်မှာ၊ မြတ်နိုး တို့က ဘက် ပုဏ္ဏရိပ်ပင်နောက်မှာ ..။

"မိခူးခူး တို့ကတော့ အဖြေကို ဘယ်လောက်တောင် ပေး င်နေလဲ မသိဘူး"

"ပြောင်းပြန်လေ .. မူတဲ့သူနဲ့ ဆူတဲ့သူနဲ့"

အားလုံးက ဝိုင်းစ,ကြပါသည်။

"အဲဒါ ရှင့်ကြောင့်"

ခူးခူး က ရှက်ရှက်နဲ့ နှုတ်ခမ်းစူပြီး ပြောတော့ ...

"ရှက်ရင် ကိုယ့်ရင်ထဲ တိုးဝင်နေလေ"

ဟသ်ာ စကားကြောင့် အားလုံးက ...

"အပိုတွေ .."

ဟသ်ာ ရဲ့ရင်ခုန်သံကို ခူးခူး ကြားနေရပါသည်။ သူတို့ အားလုံးကို ချောင်းကြည့်နေတဲ့ နောက်ထပ်လူနှစ်ယောက် ရှိပါ သေးတယ်။

သူက ကျားကြီး နဲ့ ဆင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်ကနေ ထပ်ချောင်းနေတဲ့ လူနှစ်ယောက်ကတော့ အန်တီစပ်စု နဲ့ ကဲကဲ ..။

"မြေး .."

"ဗျာ .. ဘွားစပ်စု"

ဘွားစပ်စု က မြေးဖြစ်သူကို ခပ်တိုးတိုး ပြောပြလိုက်တော့ ကဲကဲ လှစ်ခနဲ ပြေးထွက်သွားပါတယ်။ ပြီးတော့ ခြေသံဖွဖွနဲ့ ကျားကြီးနဲ့ ဆင်ကြီးရဲ့နောက်ကနေ သူ့ဘောင်းဘီအိတ်ထဲကအရာ ကို သူတို့ကြားထဲ ပစ်ထည့်လိုက်ပါတယ်။

ကျားကြီးက မျက်မှန်အနက်ကြီးတပ်ပြီး အဲဒီအရာကို ကိုင် မြှောက်ကြည့်တော့ ...

"ဟာ .. မြွေ .. မြွေ .."

အလန့်တကြားထအော်တော့ ဆင်ကြီးက ကျားကြီးပါးစပ်ကို ပိတ်ကာ ...

"ဟေ့ကောင် .. အရှပ်ပါကွာ၊ ဟေ့ကောင်လေး .. ဘွား စမ်း .. လူကြီးတွေကို နောက်စရာလား"

ဆင်ကြီး လှမ်းငေါက်လိုက်တော့ ကဲကဲ မျက်နှာပြောင်ပြပြီး ထွက်ပြေးသွားတော့မှ ဆင်ကြီးက ...

"ကောင်းခန်းရောက်မှကွာ"

"အေးကွာ .. ထပ်ချောင်းရအောင်၊ မမြင်ရဘူးကွ၊ ရှေ့နည်း နည်း ထပ်တိုး"





ဆင်ကြီး လေးဘက်ထောက်ပြီး ခေါင်းပြူကာ ရှေ့နည်းနည်း တိုးတော့ ပျော့စိစိအရာတစ်ခုကို စမ်းမိသည်။ ယူကြည့်လိုက် တော့ မြွေ ..။

"တောက် .. ဒီကောင်လေးကတော့ .. ပြောလို့ကို မရဘူး"

မြွေက တွန့်လိမ်လှုပ်ရှားလာတော့ ...

"အမလေး .. တကယ့်မြွေဟ .. ဂစ်"

မြွေကို အဝေးကိုလှမ်းပစ်ရင်း သတိမေ့သွားသည်။

ကျားကြီးကတော့ ဆင်ကြီးက မြွေဆိုကတည်းက မေ့နေပါ ပြီ။

ဘွားစပ်စုနဲ့ ကဲကဲ .. တဟားဟားနဲ့ သဘောကျနေကြ သည်။




www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတိုင်း၊ ဆက်သွားရမှာလား‥
ငါ့ဇာတ်လမ်းတိုင်းမှာ သမိုင်းပေးတာဝန်အရ‥
အလွမ်းက စ,ရိုင်းပြီး
မှတ်နေအောင်လည်တဲ့ ပန်ကာလို
ဘယ်လိုအရာလဲလို့ မြင်ခွင့်မရတဲ့ဘဝမှာ‥
ကမ်းပါးတစ်ဖက်မှာ အချစ်ရှိတာ သိခဲ့လည်း၊
ကမ်းပါးတစ်ဖက်မှာ ငါရပ်လို့ စောင့်နေမိတယ်၊
ငါ့သံယောဇဉ်တွေနဲ့ သွယ်တန်းပြီး လာရမလား။
အခေါ်ခက်နေသူအတွက်‥
မျှော်ရပ်နေမိသူကို စာနာပါဦး။







“ လူလေးက ဘွားစပ်စုတို့နဲ့ အတူလာတဲ့သူငယ် မဟုတ်
ား”

ဘွားစပ်စု ရှေ့ကို နောက်ဆုံးမှာထားတဲ့ ယိုးဒယားဟင်းချို
န်းကန် ချပေးတော့ ဘွားစပ်စု က အခုလိုမေးခြင်း ဖြစ်သည်။
တိတ်သုံးကောင်ကတော့ အားရပါးရ စားနေပါသည်။

“ဟုတ်ကဲ့ အန်တီ ‥ ကျွန်တော် ဒီမှာ အလုပ်လုပ်ဖို့
စ်ကိုက လှမ်းခေါ်လို့ အန်တီတို့ စီးတဲ့ကားနဲ့ လိုက်လာတာ
ါ”

အန်တီစပ်စု က ခေါင်းတညိတ်ညိတ် ‥၊
“မင်းအစ်ကိုဆိုတာ မန်နေဂျာမောင်လတ် ထင်တယ်”
“ဟုတ်ကဲ့ အန်တီ၊ အစ်ကိုဝမ်းကွဲပါ”
ကျွန်တော် အန်တီသောက်ဖို့ ဖန်ခွက်ထဲ ရေဖြည့်ပေးတော့
တီက တပြုံးပြုံး ‥။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ .. မင်းနဲ့ ဟိုကောင်မလေးနဲ့က .."

"ဘယ်သူလဲ အန့်တီ"

ကဲကဲ က စားနေရာမှ ပလုတ်ပလောင်းနဲ့ ဖြေပါသည်။

"ဦးမိုး ကလဲ .. မမနီး ကို ပြောတာလေ"

ကဲကဲ စကားကြောင့် ကျွန်တော် ရှက်ရှက်နဲ့ရယ်ရင်း ...

"သူက ကျွန်တော့်ကို မုန်းနေတာ အန့်တီ"

အန့်တီစပ်စု မျက်ခုံး မြင့်တက်သွားပြီး ...

"မင်းကို မုန်းနေရအောင် မင်းက ဘာလုပ်လိုက်လို့လဲ ကလေးရဲ့ .."

အန့်တီစပ်စု ဒီကောင်လေးကို ခင်ပါသည်။

ပြီးတော့ ကောင်လေးနဲ့ ဟိုကောင်မလေးပုံစံက တစ်မျိုးဖြစ်နေတာကို ရိပ်မိတာကြောင့် အခုလို မေးမိခြင်းပါ။

"ကျွန်တော့်ကြောင့် သူ ဟိုးလွန်ခဲ့တဲ့ သင်္ကြန်ရက်တစ်ရက်မှာ ဒဏ်ရာရခဲ့ဖူးတယ် အန့်တီ"

"ဘယ်လိုကွယ့် .."

ကျွန်တော် အန့်တီ့ကို အစအဆုံးရှင်းပြလိုက်တော့ အန့်တီက ခေါင်းတညိတ်ညိတ်နဲ့ ...

"ဒါကတော့ကွယ်၊ ကိုယ်က တမင်လုပ်တာမှ မဟုတ်တာ၊ အေးလေ .. သူ တစ်နေ့ စိတ်ပြေလာမှာပါ"

ကျွန်တော်က ခေါင်းရမ်းရင်း ...





"မထင်ပါနဲ့ အန့်တီရယ်"

"ဒါနဲ့ မင်းရဲ့ပညာအရည်အချင်း .."

"ကျွန်တော် အီကိုနဲ့ ကျောင်းပြီးထားပါတယ်၊ ရန်ကုန်မှာ လျှောက်ထားတဲ့အလုပ်မရခင် ဒီမှာ ခဏဝင်လုပ်နေတာ"

"ကောင်းပါတယ်ကွယ်"

"အန့်တီ .. ကျွန်တော် ဟိုဘက်သွားလိုက်ဦးမယ်နော်၊ လိုတာရှိရင် တစ်ယောက်ယောက်ကို လှမ်းခေါ်လိုက်"

"အေးပါကွယ်"

မိုးဆွေ အန့်တီတို့ဝိုင်းက ထွက်လာပြီး ရီဆက်ပ်ရှင်ဘက်ကို ထွက်လာခဲ့သည်။ ရီဆက်ပ်ရှင်ဘက်ချိုးတဲ့ ကွေ့ကိုအရောက် စကားပြောသံတွေ ကြားရတာကြောင့် သူလည်း ပုထုဇဉ်ပီပီ အသာ ချောင်း နားထောင်ကြည့်တော့ ...

"ကိုလတ် တကယ်ပြောတာ ဖြူ ရဲ့ .. လူဆိုတာ မြင့်မြင့် မုန်းရတယ် ဖြူ"

ကိုလတ် စကားကြောင့် မဖြူ က နဝေတိမ်တောင်နဲ့ ...

"မြင့်မြင့် ဆိုတာ ဂျာကြီး ကြိုက်နေတဲ့ ကောင်မလေး လား .."

မဖြူ စကားကြောင့် ကိုလတ် ဆွေ့ဆွေ့ခုန်သွားသည်။

"အဲဒါပြောတာ မဟုတ်ဘူး၊ မြင့်မြင့်မားမား မုန်းတာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. မြင့်မြင့်ရဲ့အမေ မားမားကိုပါ ထပ်မှန်းမယ်၊ မဟုတ်သေးပါဘူး ဂျာကြီးရယ် .. ကြားလို့မှ မကောင်း .."

ဂျာကြီး အတော့်ကို စိတ်ပျက်နေပါသည်။

ကိုယ့်ကိုကိုယ် မန်နေဂျာချုပ် ဆိုတဲ့ရာထူးကို ဘယ်လိုရ လာမှန်း မသိအောင်ကို စိတ်ပျက်ရသည်။

"ကိုယ် ရှင်းရှင်းမေးမယ်"

"ရှင်းရှင်း မေးရအောင် ရှင်းရှင်း က ဂျူတီအော့ဖ်လေ"

ဂျာကြီး ခေါင်းကို တဗျင်းဗျင်း ကုတ်နေသည်။

"ခေါင်းယားလို့လား ဂျာကြီး၊ ဗောက်ထတာဖြစ်မယ်"

"ဗောက်ထတာ မဟုတ်ဘူး ဖြူဖြူရေ .. ငါ ဂေါက်သွား တာ၊ ဒီနေ့ ဘာနေ့လဲ"

မဖြူ ကြောင်တောင်တောင်နဲ့ ...

"မနေ့က ဘာနေ့လဲ"

"ဟာ .. မသိလို့ နင့်ကို မေးတာပေါ့ဟ"

"ဟာ .. ဂျာကြီးကလဲ .. မနေ့က ဘာနေ့ဆိုတာ သိမှ ဒီနေ့ကို သိမှာပေါ့"

"တော်ပြီဟာ"

"ဟင် .. ဂျာကြီးကို ဘာမှမကျွေးရသေးဘူးလေ"

"အေးပါဟာ .. နင်နဲ့ စကားပြောရတာနဲ့တင် ရင်ပြည့်နေ ပါပြီ၊ ကဲ ... ငါ သွားဦးမယ်"





ဂျာကြီး စိတ်လျှော့ပြီး ထွက်သွားတော့ မိုးခွေ ရီဆက်ပ်ရှင် ကောင်တာဘက်လျှောက်လာကာ ...

"မဖြူ တို့ကတော့ ဘယ်တစ်ဖက်၊ ညာတစ်ဖက်၊ အဆိုတစ် ဖက်နဲ့ ..."

မဖြူ က ကျွန်တော့်စကားကြောင့် မျက်စောင်းထိုးရင်း...

"တော်ပါဟာ .. ဟိုလူနှစ်ယောက် ရန်ကြောက်ရ၊ နင့် အစ်ကို ဂျာကြီးကို ကြောက်ရနဲ့၊ တော်ပါပြီ .. စိတ်ကုန်တယ်"

မဖြူ စကားကြောင့် ကျွန်တော် တဟားဟား ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သင်္ကြန်အကြတ်နေ့ ..။

ကိုကြီးသန်း မဖြူ ကို စောစောစီးစီးရေလောင်းဖို့ ဝီရိယကြီးနေပါသည်။ ဒါပေမယ့် အခါအခွင့်က မရ။

သူ့လိုပဲ ကိုကြီးစိုး လည်း မဖြူ ကို ရေလောင်းဖို့ ချောင်းနေတာ ကိုကြီးသန်း မသိလိုက် ..။

"ဒီတစ်ခါတော့ ဟိုတစ်ခါလို လူမှားပြီး ရေမလောင်းမိအောင် သေသေချာချာ စီစဉ်ရမယ်၊ ဟော .. လာပြီထင်တယ်"

ကိုကြီးစိုး က အပင်နောက်မှ ကွယ်ကြည့်ရင်း မဖြူ လာတာမြင်တော့ အပင်နောက်ကို ပြန်ပုန်းပြီး လက်ထဲကရေပုံးကို ကိုင်ကာ တဟီဟီနဲ့ သဘောကျနေပါသည်။

မဖြူ မြတ်နိုး တို့ ဘန်ဂလိုကိုအသွား၊ ကိုကြီးစိုး ပုန်းနေတဲ့သစ်ပင်ကို မရောက်ခင် ...

"မဖြူ .."





"ဟော .. အန်တီ"

အန်တီစပ်စု လှမ်းခေါ်တာကြောင့် ခဏ ရပ်စောင့်နေလိုက်သည်။

အန်တီစပ်စု က သူမဆီ လျှောက်လာရင်း ...

"မဖြူ .. အန်တီ့ဆီ ရန်ကုန်က ဖုန်းလာရင် ပြောနော်၊ အရေးတကြီးကိစ္စ ရှိလို့ .."

"ဟုတ်ကဲ့ အန်တီစပ်စု၊ ဒါနဲ့ အန်တီက ဘယ်လဲ"

"ဘာရယ် မဟုတ်ပါဘူး .. ပျင်းနေတာနဲ့ ဝေသူ တို့ ဘန်ဂလိုကို သွားပြီး စပ်စုမလားလို့"

မဖြူ အန်တီ့စကားကြောင့် သဘောကျစွာရယ်ရင်း ...

"ဒါဆိုရင် စန္ဒီ ကို ရန်ကုန်ကဖုန်း နောက်ဆယ်မိနစ်နေရင် ပြန်ခေါ်လိမ့်မယ်လို့ ပြောပေးပါလား အန်တီ"

"အေး .. အေး .. ကျုပ် ပြောလိုက်ပါ့မယ်"

မဖြူ လှကြဲနဲ့မှာပြီးပြီဆိုတော့ ဟိုတယ်ဘက် ပြန်လှည့်သွားပါတယ်။

အန်တီစပ်စု လည်း ဝေသူ တို့ ဘန်ဂလိုဆီ ဆက်လျှောက်လာပါတယ်။

ကိုကြီးစိုး က ခြေသံလည်းကြားရော ဗြုန်းခနဲ ထွက်ပြီး ဝုန်းခနဲ ရေလောင်းလိုက်ပါတယ်။

"ဘယ်ရမလဲ .. ငါကွ .. ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



စကားတောင် မဆုံးလိုက်ရ ..၊

သူ့ကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး ပါးစပ်ထဲကရေတွေ မှုတ်ထုတ်နေတဲ့ အန်တီစပ်စု ကြောင့် မျက်လုံးတွေ၊ မျက်ခုံးတွေ မြင့်တက်သွားပြီး ...

"ဟင် .. ဘယ်ကဘယ်လိုဖြစ်ပြီး .. ဟာ .. ကန်တော့ အန်တီစပ်စု .. ကျွန်တော် ..."

အန်တီစပ်စု ခါးထောက်ပြီး ...

"မင်း ငါ့ကိုမှ ရေလောင်းရအောင် ဒီဟိုတယ်မှာ အပျိုလေး တွေ၊ အပျိုကြီးတွေ မရှိတော့လို့လား"

"မဟုတ် .. ဟို .. ဟို .. လူမှားသွားလို့"

အန်တီစပ်စု ဒီလောက်ဆို သိလိုက်ပါပြီ။

"သွား .. သွားတော့၊ ငါ့နှယ် .. အသက်ကြီးမှ စန်းထရေ ရတယ်လို့"

အန်တီစပ်စု ပြောပြီး ထွက်လာခဲ့ပါတယ်။

ကိုကြီးစိုး လည်း ကြောင်တောင်တောင်နဲ့ သူ့မျက်လုံးကိုသူ ပွတ်သပ်နေမိပါတယ်။ မဖြူ ရီဆက်ပ်ရှင်ပြန်ရောက်တော့ ဥမ္မာ သန်း က ...

"မဖြူ ... အခန်း ၄၂ ကို ဖုန်းနဲ့ ဘွတ်ကင်လုပ်ထားတယ် နောက်တစ်နာရီလောက်ဆို ရောက်မယ်တဲ့"

"အဲဒီအခန်းကလူတွေ ပြန်သွားပြီလား"





ဥမ္မာသန်း က ခေါင်းညိတ်ပြတော့ ...

"နေပါဦးဟယ်.. မောင်သန်း အဲဒီအခန်းကို ရှင်းပြီးပြီ လား"

"မသိဘူး မဖြူ"

"ငါ သွားကြည့်လိုက်ပါဦးမယ်၊ ဒီကောင် တစ်ခုခုနိုင်းရင် မေ့တတ်တာနဲ့၊ တကယ် မလွယ်တဲ့ကောင်"

မဖြူ ပါးစပ်က တတွတ်တွတ်နဲ့ပြောပြီး ထွက်သွားပါတယ်။ မဖြူ ထွက်သွားတော့ ဥမ္မာသန်း က ဖုန်းလှမ်းဆက်ပါတယ်။

"ကိုကြီးသန်း .. မဖြူ ထွက်လာပြီ"

ကိုကြီးသန်း မျက်နှာကြီး ပြုံးဖြီးသွားပြီး ...

"ကျေးဇူးပဲ ဥမ္မာသန်း၊ ညနေကျရင် ဈေးမှာ ငါ မုန့်လိုက် ဝယ်ကျွေးမယ်နော်"

"တကယ်နော် .. မလိမ်ရဘူး"

"အေးပါဟာ"

ကိုကြီးသန်း အခန်းတံခါးနောက်ကွယ်မှာ ရေပုံးကိုင်ပြီး စောင့်နေလိုက်ပါတယ်။

ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ တို့င်းလက်ဝင်ပြီး ပြန်ထွက်လာ တဲ့ ဦးထက်ဝေ၊ အဲဒီအခန်းနားကို အရောက် ..၊

"ဟာ .. အရေးထဲ ဘောင်းဘီထဲ ပုရွက်ဆိတ်ဝင်နေတယ် ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်ဝေ ကိုကြီးသန်း ပုန်းနေတဲ့အခန်းကို ကြည့်ပြီး…

"ဒီအခန်းက ခုနက အထုပ်အပိုးတွေနဲ့ ညှို့သည်တွေ ပြန်အပ်သွားတဲ့ပုံပဲ၊ အိုကေ .. ဒီအခန်းထဲမှာပဲ အခဖြေရှာရမှာပဲ"

ဦးထက်ဝေ အခန်းကို တွန်းအဖွင့် …

"ဝုန်း .."

"ဟာ .."

"ဖရူး .."

ကိုကြီးသန်း ရေပုံးကြီးကိုင်ပြီး ကြောင်တောင်တောင်နဲ့ ငေး ကြည့်လျက် ..။

"ဟာ .. အန်ကယ် .. ကန်တော့ .. ဟင် .."

ဦးထက်ဝေ ခေါင်းက ဆံပင်တုကြီးက ကြမ်းပြင်မှာ ..။

"ဆံပင်အတုကြီးနဲ့ .."

ဦးထက်ဝေ ကမန်းကတန်း ပြန်ကောက်စွပ်ပြီး ထွက်သွား မယ် လုပ်ပြီးမှပြန်လှည့်ကာ …

"ဟေ့ကောင် .. ငါ့ဆံပင်တုအကြောင်း ဘယ်သူ့မှ မပြောနဲ့ နော်"

"ဟုတ် .. ဟုတ် .."

ဦးထက်ဝေ ထွက်သွားတဲ့အချိန်မှာ မဖြူ ရောက်လာပြီး ကြမ်းပြင်ပေါ်မှာ စိုရွှဲနေတဲ့ရေတွေကို မြင်တော့ …

"ကိုကြီးသန်း .. ဘာလို့ ရေတွေစိုနေတာလဲ"





ကိုကြီးသန်းလည်း ကမန်းကတန်းနဲ့ …

"ဟို .. ဟိုလေ .. အခန်းညစ်ပတ်နေလို့ ရေလောင်းထားတာ"

"ဟာ … ညှို့သည်က လာတော့မယ်၊ မောင်သန်း ကို ခေါ်ပြီး အမြန်ခြောက်အောင် သုတ်နိုင်းလိုက်ဦး"

"အေး .. အေးပါဟာ"

မဖြူ ထွက်သွားတော့ ကိုကြီးသန်း ခေါင်းကို တဗျင်းဗျင်း ကုတ်ပြီး မချင့်မရဲနဲ့ ကျန်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခုမှပဲ လွတ်လွတ်လပ်လပ် တွေ့ရတော့တယ် စန္ဒီ ရယ်.."

သောင်ပြင်မှာ လမ်းလျှောက်ရင်း ကိုထက် ပြောတော့ စန္ဒီ က ချစ်စဖွယ်ရယ်ရင်း ကိုထက် လက်မောင်းကို မှီခိုပြီး လျှောက်လာကာ ...

"စန္ဒီ လည်း တွေ့ချင်တာပေါ့၊ မိခူး တို့က သိတဲ့အတိုင်း ရစ်နေတာနဲ့ .."

စန္ဒီ့ စကားကြောင့် ကိုထက် က ပြုံးသည်။

"အခုတော့ အေးဆေးပဲလေ၊ မိခူး ရစ်ဖို့ ဟသာ ရှိနေပြီလေ ဝေသူ နဲ့ နန္ဒာ တို့ကိုလည်း တင်သော် နဲ့ မင်းနိုင် ကို ထိန်းထားနိုင်းလိုက်တော့ သူ့ဟာနဲ့သူ ကွက်တိပဲ၊ မအိုကေတာဆိုလို့ .."

ကိုထက် ဘာကိုဆိုလိုတာလဲဆိုတာ စန္ဒီ သိပါသည်။





စန္ဒီ သက်ပြင်းချရင်း ကိုထက် နဲ့အတူ ဟိုတယ်ရှေ့က သောင်ပြင်မှာ အတူထိုင်လိုက်ပြီး ...

"ကိုထက် ပြောချင်တာ စန္ဒီ သိပါတယ်၊ မိနိုး နဲ့ မိုးဆွေ ကိစ္စ မဟုတ်လား"

ကိုထက် က ခေါင်းညိတ်သည်။ စန္ဒီ ကိုထက် မျက်နှာကို ကြည့်မိသည်။

"မိုးဆွေ ကို ကားဂိတ်မှာတွေ့မှ ရင်းနှီးတာဆိုပေမယ့် ကိုယ်တို့အားလုံးက သူငယ်ချင်းအရင်းတစ်ယောက်လို ခင်မင်တာ အမှန်ပဲ စန္ဒီ .."

စန္ဒီ စိတ်ဝင်တစား နားထောင်နေပါသည်။

"မိုးဆွေ ပြောပြလို့ သူတို့နှစ်ယောက်ရဲ့ပြဿနာကို သိခွင့်ရခဲ့တယ်၊ ဒါ တမင်လုပ်တဲ့အမှားမှ မဟုတ်တာ စန္ဒီ ရယ်.."

"ဒါပေမယ့် မိနိုး စိတ်ထဲမှာက .."

စန္ဒီ့ ကို ဆက်မပြောဖို့ ကိုထက် လက်ကာပြလိုက်သည်။

"သူ ပြုစုပျိုးထောင်လာတဲ့ အစွဲပဲလေ"

"ဘယ်လို .. ပြုစုပျိုးထောင်လာတာ .. ဟုတ်လား"

ကိုထက် က ပြုံးပြသည်။

"ကိုထက် လည်း ငယ်ငယ်ကဖြစ်ဖူးပါတယ်၊ ဘာမှမဟုတ်တဲ့ ခံစားချက်လေးကို အကောင်းပဲဖြစ်ဖြစ်၊ အဆိုးပဲဖြစ်ဖြစ်ပေါ့၊ တွေကြာအောင် ရင်ထဲမှာ သယ်ဆောင်လာပြီးမှ အဲဒီစိတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို မောင်းထုတ်ရမယ့်အချိန်ရောက်တော့ နမြောနေတာလေ”

စန္ဒီ က တွေးတွေးဆဆနဲ့ …

“ဒါဆိုရင် ကိုထက် ဆိုလိုတာက ..”

“ကြာလာပြီဆိုတော့ ပျောက်ကွယ်သင့်ပါပြီ၊ ဒါဟာ တော် အမုန်း မဟုတ်ဘူး .. မုန်းသင့်မုန်းထိုက်တဲ့အမုန်းလည်း မဟုတ် ဘူး”

“ဟာကွာ .. ကိုထက် ကလဲ ရှုပ်နေတာပဲ”

“ရှင်းနေတာပဲ သမီးရယ်.. မြတ်နိုး လည်း မိုးဆွေ အတွေ့ ခံစားချက် ရှိပါတယ်၊ အချစ်လို့ ပြောလို့ရတဲ့ အခြေအနေပေါ့”

ရုတ်တရက် နောက်ကနေ ပြောလိုက်တဲ့အသံကြောင့် နောက် လှည့်ကြည့်တော့ …

“ဟင် .. အန်တီစပ်စု .. အဲ .. အန်တီစုစု”

အန်တီစပ်စု က သူတို့ဘေးမှာဝင်ထိုင်ရင်း ရယ်လိုက်ကာ…

“လုပ်မနေပါနဲ့အေ .. ရှင်းရှင်းနိုးနိုး အန်တီစပ်စုပဲ ခေါ်မ ပါ၊ ကျုပ်မြေးတွေကလည်း ကျုပ်ကို အဲလိုပဲခေါ်ကြတာ၊ ကျုပ် ကလည်း မစပ်စုဘဲ မနေနိုင်ဘူး၊ ပြီးတော့ ကူညီတဲ့သဘောပါ”

အန်တီ့စကားကြောင့် နှစ်ယောက်သား ရယ်ကြပါသည်။

အန်တီစပ်စု က ဆက်ပြောသည်။

“သူ့အတွဲနဲ့သူကတော့ ပွဲသိမ်းနေကြပြီပေါ့၊ ပွဲမသိမ်းနိုင်တာ ဆိုလို့ သူတို့တစ်တွဲပဲ ကျန်တော့တယ်”





“နေပါဦး အန်တီရဲ့၊ ခုနက အန်တီပြောတာက သေချာလို့ လား ..”

ကိုထက် စကားကြောင့် အန်တီက ပြုံးသည်။

“ဘာကိုလဲ ..”

“အချစ်လို့ ပြောလို့ရတဲ့အခြေအနေ ဆိုတာလေ”

“အိတ်တီးပါဆင့်လောက်ကတော့ သေချာတယ် မောင်ထက်၊ ဘယ်သူက ကိုယ့်ဒုက္ခကိုယ်ခံပြီး ဘာမှမဟုတ်တဲ့ ပြဿနာအတို အစလေးကို ပိုးမွေးသလို မွေးထားမှာလဲ”

စန္ဒီ ဝမ်းသာသွားသည်။

“ကောင်လေးက လူအေးလေးပါ၊ ပညာအရည်အချင်း လည်း မဆိုးဘူး”

“ဒါဆိုရင် ဘယ်လိုဆက်လုပ်ရမလဲ အန်တီ”

စန္ဒီ့ အသံတွေက တက်ကြွနေပါသည်။

“တို့အားလုံး အခြေအနေပေးရင် ကူညီရမှာပေါ့”

“အိုကေ ..”

စန္ဒီ နဲ့ ကိုထက် က တက်ညီလက်ညီပြောတော့ အန်တီစပ်စု က …

“ဒါနဲ့ မင်းတို့ သတိထားမိကြလား”

စန္ဒီ နဲ့ ကိုထက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဟင်"

အန်တီက မျက်မှောင်ကုပ်ရင်း ...

"ဟို .. လင်းတနဲ့ ခြင်ဆိုတဲ့ ကုတ်အင်္ကျီအနက်တွေနဲ့ နှစ်ယောက်လေ"

စန္ဒီ က ရယ်ရင်း ...

"ကျားကြီး နဲ့ ဆင်ကြီး ပါ အန်တီရယ်"

"ကျားလား ဆင်လားတော့ မသိဘူး၊ ဒါပေမယ့် လင်းတနဲ့ ခြင်လိုပဲ၊ ကုပ်ချောင်းချောင်းနဲ့ .."

အန်တီ ပြောပုံကြောင့် ရယ်မိကြပါသည်။

"ဘာဖြစ်လို့လဲ အန်တီ"

"အဲဒီနှစ်ကောင်ရယ် .. ဟိုခေါင်းဖြူဖြူနဲ့ လူဆိုးဗိုလ်လိုလို၊ မှဆိုးဖိုလိုလို လင်မယားလေ၊ မိန်းကလေးက အသက်ငယ်ပုံ ရတယ်"

စန္ဒီ စဉ်းစားရင်း ...

"သြော် .. သိပြီ၊ သမီးတို့နဲ့ အဲဒီခေါင်းဖြူကြီးနဲ့က ကား တစ်စီးတည်းပဲလေ"

အန်တီက ခေါင်းညိတ်ပြီး ...

"ငါ့အထင်တော့ ခူးခူး ကို တစ်ခုခုကြံဖို့ စီစဉ်နေပုံရတယ်"

စန္ဒီ အထိတ်တလန့်နဲ့ ...

"ဘယ်လို .."





ကိုထက် လည်း အလန့်တကြား ဝင်မေးမိပါသည်။

"အန်တီက ဘယ်လိုထင်လို့လဲ"

အန်တီစပ်စု က သူကြားသမျှ၊ မြင်သမျှနဲ့ သူတို့မြေးအဘွား အရဲလုပ်ပြီး ခြောက်လှန့်လိုက်ပုံတို့ကို ပြောပြတော့ ...

"စန္ဒီ လည်း ခူးခူး ကို သတိပေးထားဦး"

စန္ဒီ ခေါင်းညိတ်ပြလိုက်သည်။

"ကဲ .. ကျုပ်လည်း လမ်းလျှောက်ပြီး ရေပက်ခံထွက်လိုက်ဦးမယ်၊ ဟဲ့ .. စတိတ်ရှိုး သွားမကြည့်ဖူးလား၊ နာမည်ကြီး အားဝိုင်းတဲ့"

"ဘယ်ဝိုင်းလဲ"

"ပိုကာဝိုင်းတဲ့"

"အန်တီကတော့လေ .. လုပ်ပြီ"

အန်တီစပ်စု ပြန်သွားတော့ သူတို့လည်း ကိုယ့်ဘန်ဂလိုရှိရာ ဆိုယ် ပြန်လာခဲ့ကြသည်။

ဘန်ဂလိုထဲဝင်ဝင်ချင်း အပေါက်ဝ လသာဆောင်မှာ ဝိုင်းစု ပြီး စကားပြောနေကြတဲ့ မိန်း တို့က စန္ဒီ ဝင်လာတာမြင်တော့...

"နင်ကတော့ ပျော်နေနိုင်တယ် .. တကယ်ပဲ"

မိနီး ရဲ့စူပုပ်ပုပ်စကားကြောင့် စန္ဒီ က ရယ်ရင်း မိနီး ဘေး ဝင်ထိုင်ကာ ..

"ဟဲ့ .. ပျော်ချင်လို့ ဒီကိုလာတာပဲ၊ ငါက ငိုနေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ငိုရမယ့်ကိန်းဟေ့"

မိနိုး ရဲ့ စိတ်ပေါက်ပေါက်နဲ့ ပြောချလိုက်တဲ့စကားကြောင့် စန္ဒီ က …

"ဘာဖြစ်လို့လဲ"

ဝေသူ က မိနိုး ရဲ့ ရှုံ့မဲ့နေတဲ့မျက်နှာကိုကြည့်ပြီး ရယ်ကာ…

"သူချစ်ချစ် လာမယ်လေ"

မိနိုး က ဝေသူ ကို မျက်စောင်းထိုးရင်း …

"နင်နော် .. အဲဒီကောင်နဲ့ ငါ့ကိုလာမစနဲ့၊ ကြက်ကိုအမွေးနုတ်ပြီး အိုးမည်းသုတ်ထားတဲ့ကောင်ကို .."

"ဟင် .. ဇေတိုးအောင် လား"

မိနိုး က အောင့်သက်သက်နဲ့ ခေါင်းညိတ်ပြပြီး …

"ခုနကလေးတင် ရန်ကုန်က ဖုန်းလာတယ်၊ ဖေဖေကိုယ်တိုင် လွှတ်လိုက်တာတဲ့"

"သူက ဘာဖြစ်လို့ လိုက်လာတာလဲ၊ သူမသိအောင် နိုးထွက်လာကာမှ၊ နင့်အမေကလည်းဟယ် .. ဒီလောက် ကျွဲမပြည့်တဲ့ကောင်ကို .."

"မသိပါဘူးဟာ .. အဲဒီကောင် ရန်ကုန်မှာ လည်တာဝသွားလို့ လိုက်နှောင့်ယှက်တာ ဖြစ်မယ်"

စန္ဒီ က စဉ်းစားရင်း …





"ဟဲ့ .. သကြၤန်တွင်းကြီး ဘယ်လိုင်းကားထွက်မှာမို့လို့လဲ၊ ပြီးတော့ ဟိုတယ်မှာ အခန်းတွေက ပြည့်နေတာ"

မိနိုး က သက်ပြင်းချပြီး …

"ငါ ဖုန်းထဲကနေ နင်မေးသလို မေးပြီးပါပြီ၊ ဖေဖေပြောတာကတော့ သူ့သူငယ်ချင်းနဲ့သူ သူတို့ကားနဲ့ လာမှာတဲ့"

"ထားပါတော့၊ အခန်းက ရပါ့မလား"

"ရတယ်၊ ရတာမှ တစ်ဖက်ကမ်းတောင် လွန်သေးတယ်၊ အခု ငါတို့တည်းတဲ့ ဟိုတယ်ပိုင်ရှင် အန်တီဂရေ့စ်က သူ့အဖေနဲ့ ခင်တာနာလေ"

"သေရောဟယ် .."

"ဟယ် .. လမ်းမှာ သေသွားပြီလား"

နန္ဒာ က မအူမလည်နဲ့ ဝင်မေးတော့ မိနိုး က …

"နင်ကတမျောင့် .."

ခူးခူး က ရယ်ပါသည်။

ပြီးတော့ …

"ဒါဆိုရင်လည်း ရည်းစားအငှားတွဲပြပေါ့ဟဲ့"

"ဘယ်သူ့ကိုလဲ"

မိနိုး မေးတော့ ခူးခူး က ရယ်ကျဲကျဲနဲ့ …

"မြတ်နိုးသူ ရယ် .. ချစ်မိုးစွေခဲ့တယ် .. တယ့်နှယ် တယ့်နှယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ရှူးရှူး နော် .. အဲဒီလူကို အစကတည်းက မုန်းနေတာနော် ငါ စိတ်ဆိုးမှာနော်"

"အစကတည်းက မုန်းနေတာဆိုတော့ တယုတယနဲ့ ဘယ်အစကို ဆွဲထုတ်ပြီး မုန်းလိုက်တာလဲဟင်"

"အေး .. အဲဒီအစကဟော့ .."

မိနိုး ထိုင်နေရာကထပြီး လိုက်ရိုက်တော့ ရှူးရှူး ဝိုင်းထိုး ပတ်ပြီး ပြေးသည်။

ရယ်သံတွေနဲ့ ဆူညံသွားပါတယ်။





ဖုန်တထောင်းထောင်းထနေတဲ့ ကားထဲက မျောက်သတ္တဝါလို ပုံမကျပန်းမကျ ထွက်လာတဲ့ နှစ်ကောင်ကို မြင်ကတည်းက ကိုကြီးစိုး စိတ်ထဲကနေ အခုလို ပြောမိပါတယ်။

"ကမ္ဘာ့ရုပ်အဆိုးဆုံးပွဲ ပေးရင် ဒီမျောက်လောင်းနှစ်ကောင် ရနိုင်တယ်"

ကိုကြီးစိုး ပြောလည်း ပြောချင်စရာပါ။ ဆံပင်ကို မိုးထိအောင် ထောင်ထားပြီး ဟိုက်လိုက်ဖောက်ထားပုံက ကွန်မန်ဒို ပြောက်ကျား ပုံစံ။ အင်္ကျီကလည်း ကြောင်ကြောင်ကျားကျားတွေ။ လက်မှာလည်း ကွင်းတွေ ဂွတွေနဲ့ သူတို့မိုးလို့ အလေးခံပြီး ဆင်းလာပါတယ်။

လမ်းလျှောက်ရင်လည်း မြောက်ကြွမြောက်ကြွနဲ့ ကွင်းတွေ၊ ဂွတွေဆီကထွက်လာတဲ့ အသံက ဒန်အိုးဒန်ခွက်ဝယ်တယ်ဆိုတဲ့ ဘာဘူကြီးရဲ့ လှည်းသံလို။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဝန်ထမ်းဆိုတော့လည်း ပျားရည်ကို မျက်နှာသုတ်ပြီး ရှိရှိသေသေနဲ့ ...

"ဟုတ်ကဲ့၊ ကျွန်တော်တို့ဟိုတယ်က ကြိုဆိုပါတယ်"

"အိုခလေ .."

မောင်ပြောက်ကျားရဲ့စကားကြောင့် ကိုကြီးစိုး ပျာပျာသလဲနဲ့ ...

"ကျွန်တော် ကလေးမဟုတ်ပါဘူး.. လူကြီးပါ၊ ပြရမလား"

"ဘာကွ .. ဘာပြချင်လို့လဲ"

"ဟို .. မှတ်ပုံတင်"

မောင်ပြောက်ကျားရဲ့အဖော်၊ ဆံပင်ကို မျက်နှာတစ်ခြမ်းဖုံးထားတဲ့ စနေမ,လား .. စနေထီးလားမသိတဲ့ သတ္တဝါက -

"ကိုယ်က ..."

"ခေါင်းမပါဘူးလား"

"ဟော့လူ မနောက်နဲ့ .. အလုပ်ပြုတ်သွားချင်လား"

"ဟင့်အင်း .. ကြော်တာပဲ ကြိုက်တယ်"

"ဟာကွာ .. ဒီလူ .. ဖြုံလိုက်ရင်တော့ .."

"စက္ကူလားဟင် .."

သတ္တဝါနှစ်ကောင် မလှုရတဲ့အထဲ ပုပ်သိုးသွားတဲ့မျက်နှာနဲ့

"ဒီလူတော့ကွာ .."

ကိုကြီးစိုး ပြန်တောင်းပန်ရပါသည်။





"ဟို .. ကန်တော့ .. ဆောရီး၊ အိုခလေး .. ဆိုလို့"

မောင်ပြောက်ကျားက ဒါလေးတောင် မသိဘူးလားဆိုတဲ့ မျက်နှာပေးကို မျက်နှာမှာတပ်ရင်း ...

"အိုကေ ကို ဘိုသံပေါက်အောင် အိုခလေ လို့ ပြောတာ"

"သြော် .. မှတ်သားစရာပဲ"

"ဒီမှာ .. နို့တည်းလား"

"အရက်ကို နို့ထည့်သောက်မလို့လား"

"ဟာကွာ .. ဖဲရီးဖဲရီး မိုင်းဘလက်"

ကိုကြီးစိုး ခေါင်းကုတ်သွားသည်။ ဘယ်ဂြိုဟ်က ဘယ်ဘာသာစကားတွေနဲ့ သူ့ကို လာပြောနေမှန်း မသိပါ။

"ဘာလဲဟ"

"ဟာဗျာ .. အလွန်ဝေးတာပဲ"

"ဘယ်ကိုသွားမလို့လဲဟင်"

"ဘယ်မှမသွားဘူး .. ခင်ဗျားကို ဒုံးဝေးတယ်ပြောနေတာ၊ ဖဲရီးဖဲရီး မိုင်းဘလက်ဆိုတာ ခင်ဗျားနဲ့ စကားပြောရတာ စိတ်အလွန်ညစ်တယ်လို့ အီးလိုပြောတာ .."

"တော်တော်နုံမှာပဲနော်"

သတ္တဝါနှစ်ကောင် ဖဲရီးဖဲရီး ဖြစ်သွားပါတယ်။

"ဒီမှာ နို့တည်းလားဆိုတာ လူနာမည် နို့ ..၊ ကောင်မလေးချောလေး၊ ကောင်မလေးတွေ အုပ်စုလိုက် လာတာဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ကိုကြီးစိုး သဘောပေါက်သွားပါသည်။

"သြော် .. မြတ်နိုး တို့ အုပ်စုကို ပြောတာလား"

"ဟုတ်တယ် .. မြတ်နိုး ကို ချစ်စနိုးနဲ့ နိုး လို့ခေါ်တာ"

"မဟုတ်ဘူး"

"ဘာဗျ"

"နိုး (No) ငြင်းတာလေ၊ အဲဒါကြောင့် မဟုတ်ဘူးလို့ပြောတာ၊ ဒီမှာ .. ကိုယ့်လူတို့၊ ကောင်မလေးတွေနဲ့ ရောတည်းလို့ မရဘူးနော်"

စနေထီးက ဖြေပါတယ်။

"မရောပါဘူးဗျ၊ သပ်သပ်စီသောက်မှာ .. အဲလေ .. သပ်သပ်စီ ခွဲတည်းမှာ"

ကိုကြီးစိုး သတ္တဝါနှစ်ကောင်ကို အမြင်ကပ်ကပ်နဲ့ ...

"မောင်ရင်တို့ တည်းချင်တိုင်းတည်းလို့ မရဘူး၊ ဟိုတယ်မှာ လူပြည့်နေပြီ"

ကိုကြီးစိုး စကားကြောင့် သတ္တဝါနှစ်ကောင်က မြင်းဟီသံလို ရယ်သည်။ ကိုကြီးစိုး ကလည်း လိုက်ရယ်တော့ ပြောက်ကျားကောင်က ...

"ခင်ဗျား မရယ်နဲ့"

"အမ် ..."

"ကျုပ်တို့ ဒီဟိုတယ်မှာပဲတည်းမှာ၊ ကျုပ်တို့ကို ဒီဟိုတယ်





ပိုင်ရှင် အန်တီဂရေ့စ် က လွှတ်လိုက်တာ"

အန်တီဂရေ့စ် က လွှတ်လိုက်တယ်ဆိုတော့ ဂျာကြီးပြောထားတဲ့ လူနှစ်ယောက်ပေါ့။ ချက်ချင်း သွားလေးဖြဲကာ မျက်နှာကို မူရာမာယာများလိုက်ရင်း ...

"အဲလို စောစောကပြောရောပေါ့ ညီလေးရယ်၊ လာ .. အစ်ကို သယ်ပေးမယ်"

ပြောက်ကျားနဲ့ စနေထီး နှာခေါင်းရှုံ့လိုက်ရင်း ဟန်ပါပါနဲ့ အထဲဝင်သွားပါတယ်။

ရီဆက်ပ်ရှင်ရောက်တော့ စနေထီးက မဖြူ ကို ငမ်းနေသေးတာကြောင့် အနားမှာရှိတဲ့ ကိုကြီးသန်း က မကြည်။ ကိုကြီးသန်းကို ခပ်တိုးတိုး မေးကြည့်လိုက်သည်။

"ဒီသတ္တဝါနှစ်ကောင်က ရန်ကုန်ကသူဌေးရဲ့ ဧည့်သည်ဆိုတာလား"

"အေး .. ဟုတ်တယ်"

ကိုကြီးသန်း စိတ်အချဉ်ပေါက်ပေါက်နဲ့ လွှတ်ခနဲ ပါးစပ်က ထွက်သွားပါသည်။

"မျောက်ကို ဂြိုဟ်သားနဲ့ စပ်ကျထားတဲ့သတ္တဝါတွေ ဖြစ်မယ်"

"ဘာဗျ .."

ပြောက်ကျားက ကြားဖြစ်အောင်ကြားသွားတော့ ကိုကြီးစိုး



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားသည်။ ကိုကြီးသန်း က ခပ်တည်တည်ပါပဲ။

"ဟို .. အဲဒါဆိုရင် ဘယ်လိုသတ္တဝါဖြစ်မလဲ၊ ပဟေဠိနန်းတော်လေ .. အဲဒီမှာ ဖြေမလို့"

"တောက် .."

ကိုကြီးစိုး က ပြဿနာမဖြစ်အောင် ဝင်ထိန်းပေးသည်။

"ကဲ .. မောင်စိုး ရေ .. ဒီကညီလေးတို့ကို ဝမ်းနိုင်းနိုင်းကို လိုက်ပို့လိုက်ပါကွယ်"

ဟို သတ္တဝါနှစ်ကောင် မျက်လုံးပြူးသွားတော့ ကိုကြီးစိုး က ...

"ညီလေးတို့ တည်းရမယ့်အခန်း"

"ခင်ဗျားတို့နော် .. ပြုတ်သွားချင်လား"

"ရှင် .. ပြုတ်စားချင်လား၊ ဘာကိုလဲဟင်"

အရေးထဲ ဥမ္မာသန်း က ဘုမသိဘမသိနဲ့ ဝင်ပြောတော့ ဟိုနှစ်ကောင် တဟင်းဟင်းနဲ့ ဒေါသထွက်ရင်း သူတို့အခန်းရှိရာကို ထွက်သွားကြပါတယ်။

ရှေ့ကလာတဲ့ အန်တီစပ်စုနဲ့ ဟိုရှောင်ရမလို၊ ဒီရှောင်ရမလို ထုပ်ဆီးတိုးသလိုဖြစ်နေတော့ ပြောက်ကျားက ...

"ရှေ့မှာ လာပြီး ကလို့စ်နေတယ်"

အင်္ဂလိပ်လို ကြားညပ်ပြောတာကို အန်တီစပ်စု က ဘာထင်သွားသည် မသိ ..။





"မင်းလိုကောင်ကို ငါက တို့ရအောင် ကိုယ့်ပုံစံလည်း ကိုယ် ကြည့်ဦး"

အန်တီစပ်စု စကားကြောင့် အန်တီစပ်စု နဲ့ပါလာတဲ့ ဂျဲဂျဲက...

"ဘွားစပ် .. ဒါက ဘာကောင်တွေလဲဟင်"

သတ္တဝါနှစ်ကောင် တွန့်သွားတော့ အန်တီစပ်စု က ...

"ရှားပါးသတ္တဝါတွေပါ မြေးရယ်၊ ခပ်ဝေးဝေး နေ"

"ဘာဗျ .. ကျုပ်တို့ကို ဘာကောင်ထင်လို့လဲ"

ပြောက်ကျားရဲ့ ရင်ကော့ခေါင်းမော့စကားကြောင့် အန်တီစပ်စု က ခြေဆုံးခေါင်းဆုံးကြည့်ရင်း ...

"မင်းတောင် ကိုယ့်ကိုယ်ကိုယ် မသိမှတော့ ငါတို့က သိပါ့မလား၊ ဘာကောင်လဲဟင် .."

သတ္တဝါနှစ်ကောင် ဆွေ့ဆွေ့ခုန်နေသမျှ မဖြူ တို့က ကျိတ်ရယ်သည်။

"ဒီဟိုတယ်ပိုင်ရှင် လွှတ်လိုက်တဲ့ အထူးဧည့်သည်ဗျ"

"သြော် .. သကြီန်ရက်ဆိုတော့ ဟိုတယ်မှာပြစားဖို့ လွှတ်လိုက်တာ ထင်တယ်"

"ခင်ဗျားဗျာ .. အသက်ကြီးလို့"

"ဘာပြောတယ်၊ ငါ့ကိုများ အသက်ကြီးလို့၊ လာ .. ချမလား၊ ငါက ကွန်ဖူးကို ဖင်ပြန်ခေါင်းပြန် ကြော်စားလာတာ၊ လာစမ်း .."



www.burmeseclassic.com

www.burmeseclassic.com



အန်တီစပ်စု က ဘုရစလီစတိုင်နဲ့ သိုင်းကွက်ခင်းတော့ မြေးဖြစ်သူ ဂျဲဂျဲကလည်း လိုက်လုပ်သည်။

ကိုကြီးစိုး နဲ့ ကိုကြီးသန်း တို့က ဝင်ဖျန်ဖြေပေးပြီး မောင်နိုး ကို လည်း သတ္တဝါနှစ်ကောင်ကို အတင်းခေါ်ထုတ်သွားနိုင်းတော့မှ လူစုကွဲသွားကြသည်။ အန်တီစပ်စုက သိပ်ကျေနပ်ပုံမပေါ်။

"မင်းတို့သူဌေးကလည်း မိတ်ပေါက်အောင် .. အဲလေ.. မိတ်ပျက်အောင် ဒီလိုလူတွေ လွှတ်လိုက်ရတယ်လို့ကွယ်"

မဖြူ က စိတ်ညစ်ညစ်နဲ့ ...

"ဩော် ... သူက သူဌေးလေ"

ကိုကြီးစိုး က အခုမှ သတိရဟန်နဲ့ ...

"သူက မြတ်နိုး နဲ့လည်း သိတယ်တဲ့"

"ဟုတ္တေါ .."

အန်တီစပ်စု အလန့်တကြား ထပြောသည်။





"ဟာလို .. နိုး ..၊ ဟာလို .. ပင်လယ်ကြီး .."

မြတ်နိုး တို့အုပ်စုနဲ့ တင်သော်၊ မင်းနိုင် အပါအဝင် သူတို့အုပ်စု သောင်ပြင်မှာ လမ်းလျှောက်နေစဉ် သတ္တဝါနှစ်ကောင် ရောက်လာကာ အခုလို နှုတ်ဆက်တော့ မြတ်နိုး ရဲ့ ကြည်လင်နေတဲ့စိတ်လေး ပျက်စီးသွားသည်။

တင်သော် နဲ့ မင်းနိုင် က အချင်းချင်းလက်တို့ရင်း ဘယ်လိုသတ္တဝါတွေလဲလို့ လှမ်းအကဲခတ်ပါတယ်။ ပြောက်ကျားက ဆောင့်ကြွားကြွားနဲ့ ...

"နိုး ရယ် .. နိုး ဒီလို ဘိချ်ကိုသွားချင်တယ်ဆိုရင်လည်း မေ့ ကို ပြောမှပေါ့၊ ပေလီကို ဟယ်လီကော်ပတာနဲ့သွားမလား"

"ဘယ်လို .. ဟယ်ရီပေါ်တာနဲ့ .."

တင်သော့် စကားကြောင့် ခူးခူး တို့ ရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောက်ကျား တင်သော့် ကို မကြည်ကြည့် ကြည့်ရင်း…

"ဇေ လေ .. နို့ ကို သတိရလို့ လိုက်လာတာ"

မင်းနိုင် က တင်သော့် ကို ခပ်တိုးတိုး မေးသည်။

"ဘာ ဇေ လဲ တင်သော်"

"ဇေယျဝတီအရက် ဖြစ်မှာပေါ့၊ သူ့ကိုလည်း ဇေ လို့ခေါ်ကြတာပဲ"

တင်သော့် စကားကို ပြောက်ကျား ကြားသွားကာ ဒေါသထွက်သွားသည်။

"ဘာကွ .. ငါ့နာမည်က ဇေယျဝတီ မဟုတ်ဘူးကွ ဇေတိုးအောင် ကွ .. မှတ်ထား"

"သြော် .. ကျွတ်ထိုးကောင် .. ရေသောက်လိုက်လေ"

မင်းနိုင် စကားကြောင့် ဝိုင်းရယ်ကြသည်။ ဇေတိုးအောင် မင်းနိုင် တို့ကို အရေးမလုပ်ဟန်နဲ့ မြတ်နိုး ကို သူ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးသည်။

"နိုး .. ဒါ ကိုယ့်ဘော်ဒါ၊ တော်မီအောင်သန်း တဲ့"

တင်သော် က မင်းနိုင် ကို လှမ်းပြောပါတယ်။

"နာမည်ကြီးကလဲကွာ .. ဂေါ်ဖီမျောက်သန်း ရယ်လို့"

တော်မီအောင်သန်း မျက်နှာကြီး မရဲဘဲ မည်းတက်လာကာ…

"ဇေတိုး .."





တင်သော်က 'သဝေထိုး'လို့ အော်တော့ မင်းနိုင် က "အေရိုး အေရိုး" လို့ ပြောသည်။ တော်မီ တဟားဟားနဲ့ အဖျားတက်သလို ဒေါသတွေ မီးရှူးမီးပန်းလို ပေါက်ကွဲပြရင်း…

"ငါ ဖဲ့လိုက်မှာနော်"

ဝေသူ က မကြားတကြား ပြောသည်။

"အနာဖတ်တွေ ထင်တယ်"

ဇေတိုးအောင် နဲ့ တော်မီ လက်သီးတွေဆုပ်ကာ ဘယ်သူ့ကို ဒေါသထွက်ရမှန်း မသိဘဲ …

"တောက် .. နေကြဦးပေါ့ကွာ"

"ဘယ်မှမသွားပါဘူး"

ဝေသူ့ စကားကြောင့် တဟားဟားနဲ့ ထွက်သွားတော့ ဝေသူ နဲ့ နန္ဒာ က တင်သော် နဲ့ မင်းနိုင် ကို လက်ဝါးချင်း ရိုက်လိုက်ကြသည်။

တင်သော် က ညာတာပါတေးနဲ့ လက်ဝါးရိုက်ပြီး ဝေသူ့ လက်ကို ကိုင်ထားတော့ ဝေသူ က ခေါင်းကို ဒေါက်ခနဲနေအောင် ခေါက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





မသေချာတော့မယ့် အတူတူ
ငါတို့ အဖြူထည် လမ်းခွဲကြရအောင်..။
မရေရာခြင်း အယူအဆတွေနဲ့
ညီတူညီမျှ မရှိတော့တဲ့အခွင့်အရေးနဲ့
ငါ့ချစ်ခြင်း 'မောင်းကြေး'လည်း သွားပြီ၊
ထားပါလေ..
နင်က အပေါ်အသင်းဆိုတော့
ကြီးနိုင်ငယ်ညှဥ်း ငါ့ကို ဂိုးတွေ ပစ်သွင်းပြီပေါ့၊
ဒီလိုနဲ့ ..
ငါ့အချစ်က တန်းဆင်းခဲ့ပြီ၊







"ဟာကွာ .. တကယ်ထောင့်မကျိုးတဲ့ကောင်ကွာ"

တင်သော့် စကားကြောင့် မိုးဆွေ က ရယ်သည်။ ဂျူတီလဲပြီးပြီမို့ မိုးဆွေ ဒီကောင်တွေနဲ့အတူ သောင်စပ်မှာထိုင်ရင်း တင်သော် နဲ့ မင်းနိုင် က မကျေမနပ်နဲ့ သူ့ကို ပြောပြနေခြင်း ဖြစ်သည်။

"ဟိုနှစ်ကောင်ရော .."

ဟသ်ာ နဲ့ ကိုထက် ကို ရည်ရွယ်ပြီးမေးမှန်း တင်သော် သိပ်မိတာမို့ ...

"သူတို့ချစ်ချစ်တွေနဲ့ သဲဖြူကျွန်းသွားမယ်ဆိုလား"

"မင်းတို့က လိုက်မသွားဘူးလား"

မိုးဆွေ မေးတော့ သဲသောင်ပြင်မှာ ဘောင်းဘီတိုလေးတွေနဲ့ ခမ်းလျားမှောက်ပြီး အုန်းသီးကို သဲထဲ တစ်ဝက်နှစ်ထည့်ပြီး အုန်းရည်သောက်နေတဲ့ တင်သော် က ...



www.burmeseclassic.com

www.burmeseclassic.com



“လိုက်ချင်စိတ် မရှိတာနဲ့ ငါတို့နှစ်ယောက်နေခဲ့တာကွ”

မိုးဆွေ ထိုင်နေရာမှ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်လာသည်။ ဟိုနှစ်ကောင်က မျက်မှန်အနက်ကိုယ်စီတပ်ပြီး အုန်းရည်သောက်ရင်း ကောင်မလေးတွေကို ငေးနေပါသည်။

“ငါ့နှာခေါင်းထဲမှာ အရက်နံ့လိုလို ရတယ်ကွ”

မင်းနိုင် က တဟီဟီ ရယ်သည်။ မိုးဆွေ မသင်္ကာတော့

“ပြစမ်း”

မိုးဆွေ အုန်းသီးကို လှမ်းမ,ပြီး ကြည့်တော့ …

“အုန်းသီးထဲမှာ ဘာအရည်မှလည်း မရှိဘူး”

“ဟေ့ကောင် .. ပေး ပေး .. ငါ့အုန်းသီး”

မိုးဆွေ အတင်းလိုက်လုနေတဲ့ တင်သော် ကြောင့် ပြန်မပေးဘဲ အုန်းသီးကို မ,ကြည့်တော့ …

“ဟင် …”

အုန်းသီးရဲ့ဖင်မှာ အပေါက်ဖောက်ထားပါတယ်။ မိုးဆွေ အုန်းသီးမြုပ်ထားတဲ့နေရာကို ထပ်ကြည့်တော့ …

“သြော် .. ဒီလိုလား”

တင်သော် တို့က စပ်ဖြဲဖြဲ။ ဒီနှစ်ကောင်က ရေသန့်ဘူးထဲ အရက်နဲ့ အချိုရည်ကို စပ်ထည့်ပြီး ရေသန့်ဘူး ခေါင်းပေါ်ရှိ မြုပ်ကာ အပေါကနေ အုန်းသီးဖင်ပေါက်ကို စုပ်ထည့်လိုက်တော့ ကွက်တိ ..။





ဒါကြောင့် အုန်းရည်သောက်ရင်း ဘေးမှာ ငါးကင်တွေ၊ ပုစွန်ကင်တွေနဲ့ အထူးအဆန်းပါလားလို့ ထင်နေတာ ..။

“လူမြင်ကောင်းတာပေါ့ကွာ”

မင်းနိုင် စကားကြောင့် မိုးဆွေ က သူ့ဖက်ပိုးကို လှမ်းရိုက်လိုက်သည်။

“မိုးဆွေ .. ငါပြောတာ အဲဒီနှစ်ကောင်”

မိုးဆွေ လှမ်းကြည့်လိုက်တော့ ရေဆင်းဆော့ဖို့ ဟိုတယ်ထဲက ထွက်လာဟန်ရှိသည်။ ဇေတိုးအောင် တို့ကလည်း တင်သော်တို့ကို မြင်တော့ မျက်နှာတွေ တင်းမာသွားသည်။

တော်မီ က ဇေတိုးအောင် နား ကပ်ပြီး တစ်ခုခုပြောလိုက်ဟန် ရှိသည်။

“ဟေ့ကောင် .. ငါတို့ဆီ တည့်တည့်လျှောက်လာနေပြီ”

မင်းနိုင် စကားကြောင့် ပြဿနာတက်လာမှာကို သူ စိုးရိမ်သွားသည်။

“ဟေ့ကောင် .. ရန်မဖြစ်နဲ့နော်”

တင်သော် က ဇေတိုးအောင် လာနေတာကို မြင်တော့…

“သူ့ဘက်က စလာရင်တော့ မတတ်နိုင်ဘူး မိုးဆွေ”

ဇေတိုးအောင် နဲ့ တော်မီ က မိုးဆွေ ရှေ့မှာ ရပ်ပြီး …

“မင်း ဟိုတယ်ကဝန်ထမ်း မဟုတ်လား”

မိုးဆွေ ထိုင်နေရာမှ မော့ကြည့်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ဇော်ဝိုးအောင် နဲ့ တော်မီ က ပြုံးလိုက်ရင်း သူတို့လက်ထဲက ဖိနပ်တွေကို မိုးဆွေ ရှေ့ သဲပြင်ပေါ်ကို ပစ်ချလိုက်ကာ ...

"ငါတို့အခန်းရှေ့မှာ သွားထားပေးကွာ"

မိုးဆွေ မျက်နှာပျက်သွားသလို တင်သော် နဲ့ မင်းနိုင် လည်း ဝုန်းခနဲ ထရပ်ကာ ...

"ဟေ့ကောင် ကျွတ်ထိုးကောင် .. မိုက်ရိုင်းလှချည်လား ဒီအချိန်က ဒီကောင် အလုပ်နားတဲ့အချိန်၊ အလုပ်ရှိတော့ရော မင်းဖိနပ်ကို ကိုင်စရာလား"

မိုးဆွေ ထရပ်ပြီး ...

"နေပါကွာ .. တင်သော် ရာ"

တော်မီ က ရွံ့စရာကောင်းတဲ့ မျက်နှာပေးနဲ့ ...

"နေပါဦး .. ဒီကောင့်ကိုပြောတာ မင်းတို့က နာရအောင် မင်းတို့က ဝိတ်တာလား"

မင်းနိုင် က တော်မီ့ ကို ကြည့်ရင်း ...

"ငါသာ ဝိတ်တာဆိုရင် မင်းဖင်ကို ကန်ပြီးပြီ"

"ဘာကွ .."

မိုးဆွေ အတင်းဝင်တားရပါသည်။

"ကဲ .. ကဲ .. ခင်ဗျားတို့လည်း သွားစရာရှိတာ သွား တော့၊ ခင်ဗျားတို့ဖိနပ်ကို သွားထားပေးမယ်"





"ဟာကွာ .. မိုးဆွေ"

"မလုပ်နဲ့ကွာ"

ဇော်ဝိုးအောင် တို့ ကျေနပ်သွားဟန်နဲ့ ပင်လယ်ထဲ ပြေးဆင်း သွားကြသည်။

"ငါ ပို့ပြီး ပြန်လာခဲ့မယ်၊ ခဏလေး"

မိုးဆွေ ဖိနပ်တွေကောက်ကိုင်ပြီး ခပ်အေးအေး ထွက်သွား တော့ တင်သော် တို့ မကျေမနပ်နဲ့ တောက်တခေါက်ခေါက်။

"ဒေါသဖြစ်မနေနဲ့တော့ မောင်တင်သော်"

"ဟာ .. အန်တီစပ်စု"

အန်တီစပ်စု က သူတို့နဲ့အတူ ဝင်ထိုင်ရင်း ...

"အန်တီစပ်စု အကုန်မြင်တယ်၊ အဲဒီနှစ်ကောင်ကိုလည်း အန်တီ ကြည့်မရဘူး"

"ဒီကောင်တွေ သက်သက်ကျော်သွားတာ"

မင်းနိုင် မခံချင်စိတ်နဲ့ပြောတော့ အန်တီစပ်စုက ရယ်ရင်း...

"သူပြန်ကျော်ရင် ကိုယ်က ပြန်ကျော်လိုက်ပေါ့"

"ဘယ်လိုကျော်ရမလဲ"

"ဒီလိုလေ .."

အန်တီစပ်စုက တိုးတိုးပြောပြတော့ တင်သော် တို့ လက်ခုပ် တီးကြပါသည်။ တင်သော် နဲ့ မင်းနိုင် ပြေးထွက်သွားပြီး မှ ပြန်ပြေးလာကာ တင်သော် က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီစပ်စု .. ဒီအုန်းရည် လုံးဝ မသောက်နဲ့နော်"

"အေးပါဟယ်၊ တကတည်း .. တွန့်တိုနေသေးတယ်"

တင်သော် က ရယ်ရင်း ...

"တွန့်တိုလို့ မဟုတ်ပါဘူး"

ပြောပြီး ပြန်ထွက်သွားသည်။ တင်သော် တို့ ရေထဲဆင်းသွားတော့ အန်တီစပ်စု က တင်သော် တို့လို သဲပြင်ပေါ်မှာ လှဲလိုက်ရင်း ...

"အရေးထဲ ရေကလည်း ငတ်လိုက်တာ၊ အတော်ပဲ .. အုန်းရည်ရှိတုန်း ရေငတ်ပြေလေး .."

အန်တီစပ်စု အုန်းရည်ကို ပိုက်နဲ့စုပ်သောက်လိုက်တော့ အံ့ဩသွားသည်။

"ဘာအုန်းရည်လဲဟ၊ ဩော် .. နိုင်ငံခြားအုန်းရည်ဖြစ်မယ် ချိုခါးလေး ..၊ သောက်လို့တော့ အကောင်းသား"

အန်တီစပ်စု အုန်းရည်သောက်နေစဉ်မှာ တင်သော် နဲ့ မင်းနိုင် က ရေထဲဆင်းသွားရင်း ခပ်လှမ်းလှမ်းမှာ ကားကျွတ်ကို ဘောလုပ်စီးနေတဲ့ သတ္တဝါနှစ်ကောင်ကိုအကဲခတ်ပြီး တင်သော် က—

"မင်းနိုင် .. မင်းက ကျွတ်ထိုးကောင်နဲ့ .."

"အေးပါ .. မင်းက တော်မီ နော်"

နှစ်ယောက်သား လက်ဝါးချင်းရိုက်လိုက်ကြသည်။ ပြီးတော့ ရေထဲကို ဒိုင်ဗင်ထိုးလိုက်ကြသည်။





ဇေတိုးအောင် နဲ့ တော်မီ က ဘောတစ်ယောက်တစ်လုံးစီနဲ့ ပြိုင်စီးနေကြရင်း ...

"ဟိုနှစ်ကောင်တော့ ငါတို့ကို အတော်တင်းနေမှာနော် ဇေတိုး"

ဇေတိုး က မြင်းဟီသံလို ရယ်ရင်း ...

"ဇေတိုး ပါကွာ.. ဒီကောင်တွေကို အသေထိုးစရာ မလိုပါဘူး"

တင်သော် နဲ့ မင်းနိုင် ရေပေါ်ခေါင်းပြူကြည့်ရင်း အကဲခတ်တော့ ဒီကောင်တွေ သူတို့ကို မမြင်။ တင်သော် လက်မထောင်ကာ အချက်ပြလိုက်သည်။

နှစ်ယောက်စလုံး ရေထဲပြန်ငုပ်သွားသည်။ ပြီးတော့ သူတို့ ပိုက်ထဲက ဆူးချွန်နဲ့ ဘောတွေကိုဖောက်ပြီး အမြန်ပြန်ကူးလာကြသည်။

ခပ်လှမ်းလှမ်းရောက်တော့မှ နောက်ကို ပြန်ကြည့်တော့ သာမ. ဇေတိုးအောင် တို့ မရိပ်မိသေး။ ခပ်ပြင်းပြင်းလှိုင်းတစ်လုံး ဦးတည်လာနေတာကို လှမ်းကြည့်ပြီး ...

"ဟာ!... ဟ .. လုပ်ပါဦး၊ ငါ့ဘောက တဖြည်းဖြည်း လျော့လာပြီ"

"ငါလည်း အဲလို .. ဟာ!.. လာနေပြီ"

"ဝုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ"

အရှိန်နဲ့တက်လာတဲ့ လှိုင်းလုံးနဲ့အတူ ရေထဲကို စုံးစုံးမြုပ်သွား ပြီးမှ ဝရုန်းသုန်းကားနဲ့ မတ်တတ်ရပ်လိုက်ကြပြီး ...

"တော်သေးတာပေါ့ကွာ .. ရေက တိမ်လို့၊ တောက် ဒါ သက်သက်လုပ်ကြံတာကွ"

"အေး .. ဟုတ်တယ်"

ဒီကောင်တွေ တင်သော် တို့ရှိရာကို လှမ်းကြည့်ပြီး တင်သော် တို့ လက်ချက်မှန်း ရိပ်မိကြသည်။ ဒါပေမယ့် သက်သေ တော့ အပြောရခက်နေသည်။

အဲဒီအချိန်မှာပဲ မိုးဆွေ ဖိနပ်တွေထားခဲ့ပြီး ကိုကြီးစိုး နဲ့အတူ တင်သော် တို့ ရှိရာကို ပြန်လာတော့ ...

"ဟိုကောင်တွေ ဘယ်ရောက်သွားတာလဲ၊ နေပါဦး.. ဒါ က ဘယ်သူလဲ"

ပြောရင်းနဲ့ ငုံ့ကြည့်လိုက်တော့ ...

"ဟင် .. အန်တီစပ်စု"

အန်တီစပ်စု က သဲသောင်ပြင်မှာ ခေါင်းကျိုးနေပါသည်။

"ဟိုက် !.."

တင်သော် တို့ ရောက်လာတော့ အန်တီစပ်စု ပုံစံကို ကြည့် ပြီး ကိုယ့်နဖူးကိုယ်ရိုက်မိကြတော့ မိုးဆွေ က ...

"မင်းတို့ အုန်းရည်တိုက်လိုက်ကြလား"





"မတိုက်ဘူး .. ရေထဲဆင်းခါနီး မသောက်နဲ့လို့ သေချာ မှာခဲ့သေးတယ်၊ သောက်ကောင်းကောင်းနဲ့ သောက်လိုက်ပြီထင် တယ်"

မိုးဆွေ စိတ်ပျက်ပျက်နဲ့ ရယ်မိရင်း ...

"ကဲ .. ဝိုင်းမ,ပြီး အခန်းကို ပြန်ပို့မှဖြစ်မယ်"

ဒီလိုနဲ့ အုန်းရည်အသောက်ကောင်းတဲ့ အန်တီစပ်စု ကို ဝိုင်းမ,ကြရပါတယ်။

အခန်းရောက်တော့ ဂျဲဂျဲ က ကလေးပီပီ တဗျစ်တောက် တောက်နဲ့ ပြောမဆုံး ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကို မဟုတ်တော့ဘူးနော်၊ နင့်ရဲ့ ကျွတ်ထိုးကောင် က ရိုင်းတဲ့အဆင့်ကို ရောက်နေပြီ မိနီး"

အပြင်က ပြန်ရောက်ရောက်ချင်း ခူးခူး က အခုလို ပြော တော့ ...

"နင်နော် .. ငါနဲ့ အဲဒီမျက်နှာရှုးနဲ့ ဘာမှဆိုင်တာ မဟုတ် ဘူး"

မိနီး က စူပုပ်ပုပ်နဲ့ ပြန်ပြောသည်။ စန္ဒီ က ခူးခူး ဘာတွေ ဖြစ်လာမှန်း မသိတာကြောင့် ...

"ဟဲ့ .. ခူးခူး .. ဘာတွေဖြစ်လာတာလဲ"

ခူးခူး က ဟသ်ာ ပြောပြတဲ့ မိုးဆွေ ကို ဖိနပ်သွားထားနိုင် တဲ့ ဇေတိုးအောင် ရဲ့လုပ်ရပ်ကို ပြန်ပြောပြလိုက်သည်။





"ဟာ .. ဒါ မလုပ်သင့်တဲ့ကိစ္စပဲ၊ တောက် .. လူပါး၀ ိုက်ရိုင်းလိုက်တာ၊ မိုးဆွေ ကလည်း အေးလွန်းအားကြီးပါတယ် တယ်"

"အေးဟာ .. မိုးဆွေ သနားပါတယ်"

မိနီး ကိုယ်တိုင်လည်း မိုးဆွေ ကို မုန်းတာက သပ်သပ်မို့ ဇေတိုးအောင် ကို ရွံရှာမိသည်။

"မေမေတို့ကလည်းဟယ် .. ဒီလိုကောင်နဲ့ ငါ့ကို ဘယ်လို တ်ကူးတွေနဲ့ သဘောတူနေလဲ မသိဘူး"

"ဒါပေါ့ဟာ.. မိဘမကောင်းတော့ သားသမီးခေါင်း ဆို ဘာလေ"

ဝေသူ က အရေးထဲ စနောက်နေသေးသည်။ နန္ဒာ က ခူး ကို မေးသည်။

"ဟသ်ာ တို့ ဘာပြောသေးလဲ"

"ဟသ်ာ တို့ အုပ်စုက မကျေနပ်ဘူးဟေ့၊ ရိုက်မယ်ပုတ် ယ် လုပ်နေတာ၊ မိုးဆွေ အတင်းတားနေလို့သာ၊ အခုဆို အန်တီ ပ်စု ကပါ အဲဒီနှစ်ကောင်ကို အမြင်ကပ်နေတာ"

"နင် ပြတ်ပြတ်သားသား ဆုံးဖြတ်တော့ မိနီး"

ကျွတ်ထိုးကောင်အကြောင်း ပြောနေစဉ်မှာ မိနီး ရဲ့လက်ကိုင် ုန်းက မြည်လာသည်။

"ဟဲ့ မိနီး၊ ဖုန်းမြည်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခူးခူး သတိပေးတော့ သူမ ဖုန်းကို ဖွင့်ကြည့်လိုက်ရင်း…

"မေမေ ဆက်တာဟ"

အိမ်ကဖုန်းမှန်းသိတော့ မြတ်နိုး နားထောင်လိုက်သည်။

"ဟလို .. မေမေ၊ ဟုတ်ကဲ့ .. သမီး .. ဟာ .. ပျော် တာပေါ့ မေမေရာ၊ အင်း .. နှစ်ရက်သုံးရက်ဆို ပြန်လာပြီ မေမေ၊ ရှင် .. ဟာ!… မဟုတ်ဘူး မေမေ၊ ဒီကောင် သက် သက် အကျင့်ယုတ်ပြီး လျှောက်ပြောနေတာ၊ ဟာ .. အဲဒီလို အတင်းအကျပ် မလုပ်နဲ့နော် မေမေ .."

မြတ်နိုး ရဲ့စကားတွေကြောင့် တစ်အုပ်စုလုံး တစ်ခုခုတော့ ပြဿနာတက်နေပြီလို့ တွေးမိရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြပါတယ်။

"ရှင် .. မဟုတ်ဘူး၊ ပြဿနာတွေ ရှုပ်ကုန်မယ်၊ မလာပါနဲ့ မေမေရာ၊ မေမေ .. ဟလို …"

မြတ်နိုး ဖုန်းပိတ်လိုက်ပြီး မသက်မသာနဲ့ သက်ပြင်းချတော့ ဝေသူကမေးသည်။

"ဟဲ့ .. ဘာတွေဖြစ်နေတာလဲ"

"တောက် … ဟိုကောင် ကျွတ်ထိုးကောင် .. မဟုတ်တာ တွေ လျှောက်ပြောပြီး ငါ့အိမ်ကို တိုင်တယ်လေ"

"ဘယ်လို .."

ခူးခူး က မြတ်နိုး စကားကို နားမရှင်းတာကြောင့် …





"ငါက တဲ့၊ ဟိုတယ်က ဝိတ်တာတစ်ယောက်နဲ့ ဇာတ်လမ်း ဖြစ်နေတယ် တဲ့၊ အဲဒါကို ကျွတ်ထိုးကောင်က မဖြစ်သင့် မဖြစ် ကိ်ဘူးလို့ ငါ့ကိုတောင်းပန်ပြီး နားချတာကို ငါက လက်မခံဘူး တဲ့"

"ဟာ .. တော်တော် ပက်စက်ယုတ်မာတဲ့ ကောင်ပဲ"

ဝေသူ က မြတ်နိုး စကားကြောင့် ဒေါသဖြစ်သွားသည်။

"အခု အဲဒီကိစ္စနဲ့ အဲဒီကောင်ရဲ့မိဘတွေနဲ့ ငါ့မိဘတွေ ကိုလာလိမ့်မယ်၊ ရန်ကုန်ပြန်ရောက်ရင် လက်ထပ်ပေးဖို့ အမြန် း စီစဉ်မယ်တဲ့"

"ဟာ .. သွားပြီ၊ နင်ဘယ်လိုလုပ်မလဲ မိနိုး"

မြတ်နိုး ဘာမှ ပြန်မပြောနိုင်ပါ။

"ဘယ်တတ်နိုင်မလဲဟယ် .."

"နင် တစ်ယောက်ယောက်ကို အမြန်ကြိုက်လိုက်ပါလား၊ ါမှ နင် လက်ဆုပ်လက်ကိုင်ပြလို့ ရမှာပေါ့"

"ဟဲ့ .. နန္ဒာ၊ ဘာစကားလဲ"

ဝေသူ က ဘာတွေအတွေးပေါက်သည် မသိ။

"ရည်းစားရှိကြောင်း ပြောတာပါဟဲ့"

"တော်ကြပါဟာ .. ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲဟယ်.."

မြတ်နိုး စိတ်ညစ်ညစ်နဲ့ပြောတော့ စန္ဒီ က သက်ပြင်းချရင်း သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ယောက်တော့ ဒီသတင်းကြားရင် ရင်ကွဲမှာပဲ"

"ဘယ်တစ်ယောက်လဲ .."

စန္ဒီ ရဲ့စကားကို ခူးခူး က ပြန်မေးတော့ စန္ဒီ က မြတ်နိုး ကို လှမ်းကြည့်သည်။

ဘာမှမပြော ..၊ ဒါပေမယ့် အားလုံးသိလိုက်ပါတယ်။

မိုးဆွေ ဆိုတဲ့နာမည်ကို မြတ်နိုး မကြားချင်မှန်း သိ[illegible] ကြောင့် ဘာမှမပြောကြတော့။

မြတ်နိုး ရင်ထဲမှာ တစ်ခုခုဖြစ်နေသလိုပါပဲ။ ဘာဆို[illegible] တော့ မသိပါ။





"ဟယ် .. အဲဒါ ရုပ်ရှင်မင်းသမီး သဒ္ဒါမိုး မဟုတ်လား"

မာမီထန်နဲ့အတူ ရယ်စရာတွေပြောကာ ဟိုတယ်ဘက် လျှောက်လာတဲ့ မင်းသမီး သဒ္ဒါမိုး ကို တွေ့တော့ ဝေသူ က အားရဝမ်းသာ ပြောသည်။ ဝေသူ က သဒ္ဒါမိုး ပရိသတ်လေ။

သူမတို့အုပ်စု သဒ္ဒါမိုး ကို ကြည့်ရင်း ဝေဖန်နေကြသည်။

"အပြင်မှာ ပိုတောင်ချောသေးတယ်နော်"

"အေးဟဲ့ .. အသားကဖြူတာ မဟုတ်ဘူးဟဲ့"

"ဖြူတာမဟုတ်ဘူးဆိုတော့ မည်းတာလား၊ ဒီလောက်ဖြူတဲ့ အသားကို .."

"ဟဲ့ .. ငါက အသားဝင်းလက်တာကို ပြောတာ .."

"သူ့အသားက ဈေးပေါင်မကျိုးသေးတဲ့အချိန်ပေါ့ဟယ်"

"ဘာလဲဟ .."

"အသားလတ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ပြောနေကြရင်း သဒ္ဒါမိုး က ဟိုတယ်ထဲက ထွက်လာတဲ့ မိုးဆွေ ကို တွေ့သွားကာ ...

"ဟယ် .. မိုးလေး .."

သဒ္ဒါမိုး ကလေးတစ်ယောက်လို ဝမ်းသာပုံနဲ့ လက်ခုပ်လေးတီးကာ မိုးဆွေ ထံ ပြေးသွားသည်။ ပြေးဖက်တော့မယ့်အတိုင်းပါ။

"ဟဲ့ .. မိုးဆွေ နဲ့က .."

စန္ဒီ က တအံ့တသြနဲ့ မျက်လုံးလေးဝိုင်းပြီးပြောတော့ ခူးခူးက ...

"ဘယ်သိမလဲဟဲ့ .. ငါတို့လည်း ကြည့်နေတာပဲ"

"တော်တော်ရင်းနှီးတာထက် လွန်မယ့်ပုံပဲ"

မြတ်နိုး သက်ပြင်းချမိတော့ ...

"ဒီမှာ ဟတ်ထိသွားပြီ ထင်တယ်"

ဝေသူ က ပြုံးစိစိနဲ့ပြောတော့ ...

"ဘာမှမဆိုင်ဘူး .. အဲဒီကောင်ကို ငါက ကြည့်လို့ကို မရတာ"

"မျက်လုံးမကောင်းလို့လား"

သူမ က နန္ဒာ ကို လှမ်းဆိတ်လိုက်သည်။

"ဟဲ့ .. ကြည့်စမ်း၊ မိုးဆွေ ကို ပါးတွေဘာတွေ ဆွဲလိမ်လို့၊ တော်တော်ရဲတဲ့ မင်းသမီးပဲ"





"ဟဲ့ .. အနီရောင်ဝတ်ထားတာကိုး"

"ဟာ .. နင်ကတမှောင့် ဝေသူ ရယ်"

"ဟော .. မိုးဆွေ ပခုံးကို ဖက်ပြီး ဟိုတယ်ထဲ ဝင်သွားပြီ ကြည့်စမ်း"

မြတ်နိုး လူမသိအောင် ဘာလို့ သက်ပြင်းခိုးရှိုက်မိမှန်းမသိ ..။

အမှန်က မိုးဆွေ နဲ့ မင်းသမီး သဒ္ဒါမိုး က သူငယ်တန်းကစပြီး ဆယ်တန်းအထိ ကျောင်းနေဘက်သူငယ်ချင်းတွေပါ။ ပြီးတော့ တစ်ရပ်ကွက်တည်းသားတွေ။ မင်းသမီးဖြစ်တော့မှ သဒ္ဒါမိုး က ကွန်ဒိုတစ်ခုကို ပြောင်းရွှေ့သွားတာကြောင့် အနေဝေးသွားကြတာပါ။

"နင်ကလဲဟာ .. မင်းသမီးဖြစ်ပြီး သူများမြင်လို့ မကောင်းအောင် .."

မိုးဆွေ စကားကြောင့် သဒ္ဒါမိုး က မိုးဆွေ ကို မျက်စောင်းထိုးရင်း ...

"ဟဲ့ .. ငါက ဝတ်လစ်စလစ်ချွတ်ပြီး လျှောက်သွားနေလို့လား"

သဒ္ဒါမိုး ရဲ့စကားကြောင့် မာမီထန်ကပါ ရယ်ရင်း ...

"အေးဟယ် .. ရေတ်သီးက မပူ၊ ကြက်သွန်က ပိုပူပြောင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီထန် စကားကြောင့် သဒ္ဒါမိုး က ရယ်ရင်း …

"မာမီ .. ဒါ သမီးရဲ့အချစ်ဆုံးသူငယ်ချင်း"

သဒ္ဒါမိုး မိတ်ဆက်ပေးတော့ …

"သဒ္ဒါ ရဲ့ အချစ်ဆုံးဆိုရင် ထန်ရဲ့အချစ်တုံးပေါ့ .. အဲ.. အချစ်ဆုံးပေါ့၊ အင်း .. မာမီက ချစ်ပြီဆိုရင် အဆုံးထိကိုချစ်ချင်တာ .."

"မာမီနော် .. သဒ္ဒါ သူငယ်ချင်းကို .."

"ဟဲ့ .. ဖွဖွလေး ချစ်မှာပါဟဲ့"

မိုးဆွေ ချွေးပြန်နေရပါသည်။ ရီဆက်ပ်ရှင်ဘက်ကို အတူတူ လျှောက်လာကြရင်း …

"နင် ဒီမှာတည်းမလို့လား"

သဒ္ဒါမိုး က ခေါင်းညိတ်ပြသည်။

"အေး .. ကြော်ငြာတစ်ခု လာရိုက်တာ၊ ရိုက်ကွင်းက ပြီးသွားလို့ စက်အဖွဲ့နဲ့ ဒါရိုက်တာက ပြန်သွားကြပြီ၊ ငါက အေးအေးဆေးဆေးနေချင်သေးတာနဲ့ တစ်ရက်နှစ်ရက်လောက် အနားယူဖို့ မာမီထန်နဲ့ ကျန်နေခဲ့တာဟ"

မဖြူတို့က သဒ္ဒါမိုးကို ညှော်ဝတ်ကျေတာထက်လွန်စွာ သဘော တွေကောင်းပြရင်း လိုလေသေးမရှိအောင် ညှော်ခံနေကြပါသည်။





"ဟဲ့ .. ထိုင်ပါဦးဟဲ့"

သဒ္ဒါမိုး အတွက် စားသောက်ခန်းမမှာ သူမ မှာတာတွေကို ပြင်ဆင်ပေးတော့ သဒ္ဒါမိုး က အားနာနေပုံရသည်။ ဒါက ငါ့ အာဝန်လို့ ပြောတော့မှ ဘာမှမပြောတော့။

"ငါက ဝန်ထမ်းလေ၊ ဝင်ထိုင်လို့ ဖြစ်မလားဟ"

"ညှော်သည်ကျေနပ်ရင် ဖြစ်ပါတယ်ဟယ်"

"မာမီထန်ရော .. မစားသေးဘူးလား"

"စားမှာပေါ့၊ ဆွေဆွေ ကရော .. ကျွေးမှာလား"

ပြောလည်း ပြော၊ အနားရောက်လာတဲ့ မာမီထန်နဲ့ အန်တီ ခင်ခု တို့ကြောင့် သူ လစ်ပြေးဖို့ကြံတော့ …

"ဆွေဆွေနော်၊ ညှော်သည်ကို ရက်လည်အောင် မလုပ်နဲ့၊ အနားမှာပဲ နေ"

အနားက သူလို ဝန်ထမ်းဖြစ်တဲ့ အေးဇော် က ရယ်တော့ မာမီထန် က …



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. အားကောင်းမောင်းသန် မောင်လေး၊ မာမီအတွက် ဖလန်းဖလန်းထနေတဲ့ ကြက်ကြော်ယူခဲ့လေ၊ ဟဲ့ .. နင်က ဘယ်သွားမလို့လဲ"

သူ ဘယ်မှသွားလို့မရ ဖြစ်နေသည်။ အန်တီစပ်စု နဲ့ သဒ္ဒါမိုး က ရင်းနှီးပြီးသား ဖြစ်ပုံရသည်။

"အန်တီ .. အဆင်ပြေပါတယ်နော်"

"အားလုံးအဆင်ပြေတယ် သဒ္ဒါ"

မိုးဆွေ အန်တီစပ်စု အတွက် လိုအပ်တာတွေ ပြင်ဆင်ပေးနေ တုန်း ခူးခူး တို့အုပ်စု ဆူညံဆူညံနဲ့ဝင်လာကြသည်။ ဝေသူ က သဒ္ဒါ ကို မြင်တော့ အားရဝမ်းသာနဲ့ သူတို့ဆီလျှောက်လာကာ—

"မိုးဆွေ .. ငါ့ကို အော်တိုရေးပေးဖို့ ပြောပေးဟယ်"

ဝေသူစကားကြောင့် သဒ္ဒါမိုးက လှိုက်လှိုက်လှဲလှဲပြုံးပြရင်း—

"ပြောစရာမလိုပါဘူး၊ သဒ္ဒါ ထိုးပေးမှာပေါ့၊ သဒ္ဒါ့ပရိသတ်တွေပဲဟာ"

ဝေသူ ခေါင်းကုတ်ရင်း ရယ်ကျဲကျဲနဲ့ ...

"အဟီး .. စာအုပ်ပါမလာဘူး"

သဒ္ဒါ ပြုံးပြီး ...

"ရပါတယ်၊ မိုးလေး ရဲ့သူငယ်ချင်းတွေပဲဟာ၊ ကဲ .. သဒ္ဒါ လက်ကိုင်ပဝါပေါ်မှာ ထိုးပေးလိုက်မယ်နော်"

"ဟို .. အားနာစရာကြီး"





"ရပါတယ် ညီမရယ်"

"အန်တီစပ်စု စားပြီးပြီလား"

"သြော် .. စားတောင်မစားရသေးတဲ့ဟာ၊ ဒီကောင်မလေးဟာလေ .."

မိုးဆွေ မြတ်နိုး ကို ခိုးကြည့်မိသည်။ မြတ်နိုး မျက်နှာ မကောင်းတော့ သူ့ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ မြတ်နိုး က ရန်ကုန်ကပြဿနာအတွက် စိတ်ညစ်နေတာ သူ မသိ။ အန်တီစပ်စု က မိုးဆွေ ငေးကြည့်နေတာကို မြင်တော့ ...

"မောင်မိုး .. မျက်လုံးလေးဘာလေး မှိတ်ပါဦး"

မိုးဆွေ ရှက်ရယ်ရယ်တော့ သဒ္ဒါမိုး က ပြုံးစိစိနဲ့ ကြည့်နေသည်။ မိုးဆွေ ရှက်ရမ်းရမ်းပြီး ...

"နင်က ဘာရယ်တာလဲ"

"ငါ့ဘာသာ ဘာရယ်ရယ်ပေါ့"

"မောင်မိုး .. သိပြီးပြီလား"

အန်တီစပ်စု စကားကြောင့် မိုးဆွေ အူတူတူနဲ့ ..

"ဘာကိုလဲ အန်တီ"

အန်တီစပ်စု သက်ပြင်းချရင်း ...

"ဟို .. အူကြောင်ကြောင်ကောင်နဲ့ ရန်ကုန်ရောက်ရင် ပေးမလို့တဲ့"

"ဗျာ! ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေ မထင်မှတ်တဲ့စကားကြောင့် အံ့သြသွားပြီး ငိုင်ကျသွားသည်။ မိုးဆွေ ရဲ့ ပြုံတော့မယ့်မိုးလို ငိုတော့မယ့် မျက်နှာအနေအထားကို သဒ္ဒါ စိတ်ဝင်တစား ကြည့်မိသည်။ ဘာမှတော့မမေးမိ

"ဟုတ်တယ် .. အဲဒီကောင်က မင်းနဲ့ သူ ဖြစ်နေသလို ကတုံးကတိုက်လုပ်ပြီး သူ့အိမ်ကို ဖုန်းဆက်လို့ ဒီတစ်ရက်နှစ်ရက် မိနီး အဖေအမေတွေ ဒီကိုလိုက်လာမယ်တဲ့"

"ဟာ .. ပြဿနာပဲ၊ နဂိုကမှ ကျွန်တော့်ကို မုန်းနေရတဲ့အထဲ၊ ကျွန်တော်လည်း ဘာမှမသိရဘဲနဲ့ဗျာ၊ တော်ကြာ ကျွန်တော့်ကို တစ်မျိုးထင်နေဦးမယ် အန်တီ"

မိုးဆွေ စိတ်ညစ်ညစ်နဲ့ မြတ်နိုး ရှိရာကိုကြည့်ပြီးပြောတော့—

"မင်းနဲ့ ဘာမှမဆိုင်ပါဘူး"

သဒ္ဒါ ရိုးတိုးရိပ်တိတ်တော့ သဘောပေါက်လာသည်။

"မိုးလေး .. နင် အလုပ်ရှိရင်သွားလေ"

မိုးဆွေ ခေါင်းညိတ်ပြီး လေးတိလေးကန်နဲ့ စားဖိုဆောင်ဘက် ထွက်သွားသည်။

"အန်တီ .. မိုးလေး နဲ့ အဲဒီကောင်မလေးက .."

သဒ္ဒါ စပ်စပ်စုစုနဲ့ အန်တီ့ကိုမေးပြီး ကောင်မလေးကိုလှမ်းကြည့်တော့ ကောင်မလေးက ချစ်စရာလေးပါ။

"မိုးဆွေ က မိနီး ကို ရန်ကုန်မှာကတည်းက ကြိုက်နေတာ ဖွင့်မပြောရဲဘူးလေ"





"ဟာ .. ဒီကောင် ကြောင်ပဲ"

"ဟဲ့ သဒ္ဒါ ရဲ့.. ဟိုကောင်မလေးက မိုးဆွေ ကို ခါးခါးသီးသီး မုန်းနေတာကို .."

"ဟင်.. သူက ဘာလို့ မိုးလေး ကို မုန်းနေရတာလဲ အန်တီ"

အန်တီက ထမင်းစားရင်း သိခဲ့သမျှကို ပြန်ပြောပြသည်။ စားသောက်ပြီးစီးတော့ မိုးလေး ကိစ္စလည်း အကြောင်းစုံ သိလိုက်ရသည်။

"အန်တီလည်း အဆင်ပြေအောင် ကြိုးစားပေးတာပဲ၊ ဘယ်လိုမှ မရဘူး"

"ဩော် .. ဆွေဆွေ့ အတွက်ဆိုရင် ထန် တို့က နှလုံးမြေမှု ကြိုးစားပေးမယ်.. စိတ်ချ၊ အခြောက်တဲ့၊ မစိုချင်လို့ ခြောက်နေတာ၊ သူတို့ဘဝလေးတွေတော့ အခြောက်မခံနိုင်ဘူး"

မာမီထန့် စကားကြောင့် သဒ္ဒါ က ဝမ်းသာအားရနဲ့ ...

"ဘယ်လို အခြောက်မခံမှာလဲ"

မာမီက တဟင်းဟင်းနဲ့ရယ်ပြီး ..

"သူတို့နှလုံးသားတွေကြာရှည်ခံဖို့ ပင်လယ်ရေနဲ့ဆေးပစ်မယ်"

အန်တီစပ်စုက တပြုံးပြုံးနဲ့ ခေါင်းတညိတ်ညိတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ကိုကိုထက်"

"ဟင် .. မန်မီထာ .. အဲလေ .. မာမီထန်၊ ပြုတ်သွားပြီ ထင်နေတာ .. ဟာ .. ပြန်သွားပြီ ထင်နေတာ"

ဦးထက်ဝေ အလန့်တကြားနဲ့ ဟိုဟိုဒီဒီကြည့်ပြီး ပြောတော့...

"ကျူပ်ဟာကြီး ဖွပ်ထားတာ ဘယ်တော့ပြန်ပေးမှာလဲ"

"ဟာ .. ဘယ်ဟာလဲ"

"အစွပ်လေ"

ဦးထက်ဝေ ရှုံ့မဲ့သွားပြီး ...

"ဆံပင်တု လုပ်စမ်းပါ"

"ဆံပင်တုလည်း စွပ်ရတာပဲ၊ အဲဒီ ကိုကိုထက် ဟာလေ.."

"နေပါဦး .. ရန်ကုန်ရောက်မှ ပြန်ပို့ပေးမယ်"

မာမီထန် က ဟိုကြည့်ဒီကြည့်နဲ့ ...

"သဲရော .."





"ကမ်းစပ်မှာ တစ်ပုံကြီး၊ ဘာလုပ်ဖို့လဲ"

"ကိုကိုထက် ဟာလေ .."

"ဟာ .. လုပ်ပြန်ပြီ၊ ဘာဟာလဲ"

မာမီထန် က သိမ့်သိမ့်တုန်အောင် ရယ်ပြီး ...

"အဲဒီသဲကို ပြောတာမဟုတ်ဘူး၊ ရှင့်ရဲ့ သဲသဲ ကို ပြောတာ"

"ရန်ကုန် ခဏပြန်သွားတယ် .. အရေးကြီးလို့တဲ့၊ ဒီညနေ ...လာမယ်တဲ့"

"ပြီးရော .. နောက်မှတွေ့မယ်၊ အားရင် ထန့် အခန်းလာခဲ့ ...၊ ထန် ကားပေးမယ်"

"ဒုက္ခ .."

"ဗီဒီယိုဇာတ်ကား ပြောပါတယ်၊ ဘာတွေတွေးမှန်း မသိ ... .. လူဆိုး .."

မာမီထန် က ဦးထက် မေးစေ့ကို တယုတယကိုင်ပြီး ထွက် ...တော့ ...

"ဒီအခြောက်က တစ်မျိုး .."

ဦးထက်ဝေ ပွစိပွစိနဲ့ပြောပြီး သူ့တပည့်တွေနဲ့ ချိန်းထားရာ ...ဆိုင်ကို ထွက်လာခဲ့ပါတယ်။

ဆိုင်ရောက်တော့ သူ့တပည့်တွေက တပည့်ပီပီ တစ်ယောက် ...ခွက် သောက်ပြီးနေပါပြီ။

"သြော် .. ကျား နဲ့ ဆင် ဘီယာနှင်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အယ်ဲ..တစ်ခွက်နဲ့တစ်ဖလားပဲ ရှိပါသေးတယ် ဆရာကြီး"

ကျားကြီး က ဦးထက် ကို တရိုတသေ ဘီယာငှဲ့ပေးပါတယ်။

"မနက်ဖြန် သင်္ကြန်နောက်ဆုံးနေ့ဆိုတော့ ဟိုတယ်က သင်္ကြန်နောက်ဆုံးည ပျော်ပွဲရှင်ပွဲ လုပ်ပေးလိမ့်မယ်"

"ဟုတ်ကဲ့ .. ဘီယာကြီး"

"ဟော့ကောင် .."

"ဟို .. ဟို .. ဆရာကြီး"

အရေးထဲ ဆင်ကြီး က ဘီယာကို စွဲလမ်းနေသေးသည်။

"အေး .. ဒီတစ်ခါတော့ အမှားအယွင်းမဖြစ်စေနဲ့၊ အဲဒီည မှာ ခူးခူး ကို ပင်လယ်စာ ကျွေးပစ်မယ်"

သူတို့နောက်ဘက် မလှမ်းမကမ်းမှာ တစ်ယောက်တည်း ဘီယာသောက်ရင်း ဈေးလျှောက်ဝယ်နေတဲ့ ကိုထက် တို့ကို စောင့် နေတဲ့ ဟသ်ာ၊ ခူးခူး ဆိုတဲ့အသံကြောင့် စိတ်က ထင့်ခနဲ ဖြစ်သွား ပါတယ်။ ကျောပေးနေရာက မသိမသာ စောင်းငဲ့ကြည့်တော့...

"ဒါ .. အန်တီစပ်စု ပြောတဲ့ ဂိုဏ်းစတားတွေဖြစ်မယ်"

ဟသ်ာ အသာနားစွင့်နေလိုက်ပါတယ်။ ဦးထက် တို့ကတော့ ဘာမှမသိ၊ ပြောကောင်းကောင်းနဲ့ အစီအစဉ်တွေ ရေးဆွဲနေပါ တယ်။





"ဟဲ့ .. ကြားပြီးပြီလား"

အရင်းမရှိ အမြတ်မရတဲ့စကားကြောင့် နန္ဒာ က ...

"ဘာလဲ စန္ဒီ ရယ် .."

"သြော် .. ဒီည သင်္ကြန်နောက်ဆုံးနေ့မှာ ဟိုတယ်မှာ ပျော်ပွဲရှင်ပွဲလုပ်မယ်တဲ့ ဝါးတီးတွေလည်း အစုံပဲ"

"တကယ် .. နင့်ကို ဘယ်သူပြောလဲ"

ဝေသူ ဝမ်းသာအားရနဲ့ မေးတော့ စန္ဒီ ခေါင်းညိတ်ပြီး...

"ဂျာကြီးကိုယ်တိုင် ပြောလိုက်တာ၊ ကြိုက်သလောက်ကဲတဲ့ ငါတို့ကိုလည်း အလှဆုံး ဝတ်လာခဲ့တဲ့၊ ကစားနည်းတွေရော ကံစမ်းမဲတွေရော .. အစုံပဲ"

"ကံစမ်းမဲ .. ဘာတွေပေးမှာလဲ၊ သကြားလုံးတို့၊ ပေါက် ပေါက်ဆုပ်တို့လား"

"ဟယ် .. အဲဒီအပေါစားတွေ ပေးပါ့မလား"

"ဒါဖြင့် ဘာလဲ"

စန္ဒီ က ပြုံးစိစိနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါးမန်းတို့ မိကျောင်းတို့ အရှင်လတ်လတ် ပေးမယ်တဲ့"

"ချစ်စရာလေးတွေဟယ် .."

ပြောပြီး ရယ်ကြပြန်သည်။ ဟိုတယ်မှာ ပျော်ပွဲရွှင်ပွဲရှိသည် ဆိုတော့ ပျော်နေကြသည်။ မနက်ဖြန်၊ သန်ဘက်ခါဆိုရင် သူတို့ ပြန်ရတော့မှာလေ။ ညနေစောင်း ရေကူး လမ်းလျှောက်ကြရင်း ခူးခူး က မရွှင်မပျဖြစ်နေတဲ့ မိနီး ကို ...

"ဟဲ့ .. ပျော်ပျော်ရွှင်ရွှင် နေစမ်းပါဟယ်"

"နင် မသိပါဘူးဟာ"

"ဩော် .. သိပါတယ် မိနီး ရယ် .."

"နင်ကတမှောင့်ဟာ .. စိတ်ညစ်ရတဲ့ကြားထဲ"

မြတ်နီး စူပုပ်ပုပ်နဲ့ပြောတော့ ...

"နင်ပျော်အောင်လို့ စတာပါဟာ၊ အဲဒါပြောတာပေါ့၊ ဟို တစ်ယောက်ကို ကြိုက်လိုက်ပါဆိုတာ .."

"ဘယ်သူလဲ .."

"ကျွတ်ထိုးကောင်လေ"

မိနီး စိတ်တိုတိုနဲ့ လှမ်းဆိတ်တော့ ခူးခူး ရယ်ပြီးထွက်ပြေး သည်။ မိနီး က အနောက်ကနေ လိုက်ရိုက်သည်။

နေမင်းကြီးက ပုစွန်ဆီရောင်သွေးနဲ့ သကြိန်ကိုနှုတ်ဆက်ရင်း ပင်လယ်ကို လက်ပြနေသယောင်ယောင်။





"တွေ့လား မင်းနိုင် .."

မင်းနိုင် နဲ့ တင်သော် က မီးရောင်တွေနဲ့အတူ ကြော်နံ့၊ ညှော်နံ့၊ ဘီယာနံ့တွေ ရောနေတဲ့ ဟိုတယ်မြက်ခင်းပြင်ပေါ်က လူအုပ်ထဲမှာ ကျားနဲ့ဆင်ဆိုတဲ့လူကို သည်းကြီးမည်းကြီး ရှာနေကြသည်။

"မတွေ့သေးဘူးကွ"

ခူးခူး တို့အုပ်စုက အန်တီစပ်စု၊ မာမီထန်၊ သဒ္ဒါမိုး တို့နဲ့ အတူ အဖွဲ့ကျနေသည်။

ကိုကြီးစိုး၊ ကိုကြီးသန်း တို့က အစစအရာရာ လိုလေသေး မရှိအောင် ညွှန်ကြားနေပါတယ်။

ဂျာကြီးကလည်း ဟမ်းဖုန်း တစ်လုံးနဲ့ ..။

"ဟုတ်ကဲ့ .. စိတ်ချပါ ခင်ဗျာ၊ လိုလေသေးမရှိအောင် စီစဉ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှန်က ကျား နဲ့ ဆင် က အမှောင်ကျတဲ့ ချောင်တစ်ချောင် မှာ အရက်ခိုးသောက်နေကြတာပါ။ ပွဲက မစသေးဘူးဆိုတော့ သူတို့ မစောင့်နိုင်ကြတော့။

“ဟေ့ကောင် .. ခွက်မရှိဘူးကွ”

ကျားကြီး စကားကြောင့် ဆင်ကြီးက ...

“ဘာလဲ .. တောင်းစားဖို့လား”

“ထွီ.. အဲဒါကြောင့် ခန္ဓာကိုယ်ကြီးပြီး ဉာဏ်မရှိတဲ့ ဆင် လိုကောင် ဖြစ်နေတာ၊ သွား .. ရေသန့်ဘူးနဲ့ ဓားတစ်ချောင်း သွား ရှာလာခဲ့၊ ခွက်လုပ်ဖို့ ..”

ကျားစကားကြောင့် ဆင် အောင့်သက်သက်နဲ့ စားဖိုဆောင် ဘက် ထွက်သွားပါတယ်။ စားဖိုဆောင်ဘက်ရောက်တော့ ရေ သန့်ဘူးအလွတ်တောင်းရင်း သားလှီးဓားကို ခိုးယူလာခဲ့ပါတယ်။

စားဖိုဆောင်ကနေ ကုပ်ချောင်း ကုပ်ချောင်းနဲ့ ပြန်လာတာကို တွေ့ဖြစ်အောင် တွေ့သွားတာက တင်သော်။

“ဟာ .. မင်းနိုင်၊ ဟိုမှာ ...”

မင်းနိုင် ဆင်ကြီးလက်ထဲက ဓားကြောင့် မျက်လုံးပြူးသွား ကာ ....

“ဒုက္ခပဲ .. ဟသာ ပြောတဲ့အတိုင်း ဖြစ်တော့မယ်နဲ့ တူ တယ်”

“ဘယ်လိုလုပ်မလဲ မင်းနိုင်”





မင်းနိုင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။

“သွား .. မင်း ဟိုကောင်တွေနဲ့ ကိုကြီးစိုး တို့ကို ခေါ်ခဲ့၊ မြန်မြန်နော်”

“အေး .. အေး ...”

တင်သော် ထွက်သွားတော့ မင်းနိုင် အုတ်နံရံကို အကာ အကွယ်ယူပြီး ကျားကြီး နဲ့ ဆင်ကြီး တို့ နားကို တိုးကပ်လာပြီး နားစွင့်နေပါတယ်။

ကျားကြီး က ရေသန့်ဘူးကို ကျိုတ်လှီးနေပြီး ...

“ဟိုကောင်မလေးကိစ္စက ပြီးတော့မှာပါ၊ ဒီနေ့ နောက်ဆုံး နေ့ပဲဟာ၊ ရဲဆေးတင်တဲ့အနေနဲ့ နည်းနည်းမော့သွားရမယ်”

“နည်းနည်းနဲ့များသွားလို့ ငါတို့ကို ကြွက်တွေ ဆွဲသွားဦး မယ်”

အမှန်က ဒီနားမှာ အိပ်ပျော်သွားရင် ကြွက်တွေ လာကိုက် မယ်လို့ ပြောတာပါ။ အမှိုက်တွေများတော့ ကြွက်တွေက ဟိုဆွဲ ဒီဆွဲနဲ့ ကျားကြီးက မောင်းထုတ်နေရပါတယ်။

မင်းနိုင် က ဒါကို တစ်မျိုးထင်သွားပါတယ်။

“ကဲ .. သွားရအောင်၊ ဓားကို ချုံပုတ်ထဲမှာ လွှင့်ပစ်ပြီး ဖွက်ထားလိုက်၊ ပြီးတော့မှ ..”

ပွဲပြီးသွားရင် စားဖိုဆောင်မှာ ပြန်ထားဖို့ပြောခြင်းဖြစ်တာကို မင်းနိုင် တစ်မျိုးထင်သွားပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံမကြားအောင် ပြန်လှည့်လာရင်း သစ်ပင်တစ်ပင် နောက်ကနေ ပြန်ချောင်းကြည့်နေမိပါတယ်။

ဆင်ကြီး နဲ့ ကျားကြီး အမှောင်ထဲက ပြန်ထွက်လာပါတယ် လူရိပ်လူခြေကို အကဲခတ်ရင်း လူရှင်းနေတာကြောင့် ဓား ချုံပုတ်တစ်ခုထဲကို ပစ်ထည့်လိုက်ပါတယ်။

ကျားကြီး နဲ့ ဆင်ကြီး ခပ်တည်တည်နဲ့ ဆူညံပျော်ပါးနေ လူအုပ်ထဲကို ဝင်သွားပါတယ်။

"ဟေ့ကောင် .. အခြေအနေ ဘယ်လိုလဲ"

ခြေသံတွေနဲ့အတူ မင်းနိုင် အနားကို ရောက်လာကြတဲ့ ကိုကြီးစိုး တို့နဲ့ ဟသ်ာ တို့ အုပ်စု။

ဟသ်ာ ရဲ့အမေးကြောင့် မင်းနိုင် ထိတ်ထိတ်ပျာပျာနဲ့ ...

"ဓားကို ချုံပုတ်ထဲမှာ ဖွက်ထားတယ်၊ ငါ့အထင်တော့ ခူးခူး ကို ဒီနား မှုားခေါ်လာပြီး အပြတ်ရှင်းမယ်ထင်တယ်"

"ဟာ .. ဒုက္ခပဲ"

"ပြောသေးတယ်၊ ခူးခူး ကို အပြတ်ရှင်းဖို့ သူတို့ဆရာကြီး က မီးစိမ်းပြလိုက်ပြီတဲ့၊ သုံးပိုင်းပိုင်းပြီး ပင်လယ်ထဲ ငါးစာကျွေး မယ်တဲ့"

မင်းနိုင် သူ့အထင်နဲ့ ရမ်းသန်းပြောတော့ အားလုံး စိတ်ပူသွား ကြသည်။

"မထူးဘူးကွာ .. ဝင်လုံးပြီး ဖမ်း"





"သူတို့ဆရာကြီးကိုပါ ဖမ်းကွာ"

ကိုကြီးစိုး စကားကြောင့် ကိုကြီးသန်း က ...

"နေဦး .. ဒါကြောင့်ထင်တယ်၊ အမှုအခင်းဖြစ်ရင် သူ့ကို မသိအောင်လို့ သူတို့ဆရာကြီးက မျက်မှန်အနက်ကြီးတပ်ပြီး ဆံပင်အတု စွပ်ထားတာကိုး"

"ဆံပင်အတုနဲ့ .."

ကိုကြီးသန်း စကားကြောင့် အားလုံး အံ့အားသင့်သွားပါ သည်။

"ဟသ်ာ နဲ့ ကိုထက် က အဲဒီလူကြီးကို လက်ရဖမ်း၊ ငါ တို့က ဟိုနှစ်ကောင်ကို ဖမ်းမယ်၊ ကဲ .. မြန်မြန်လုပ်"

ပွဲတော်က စနေပါပြီ။ ဖန်ခွက်ချင်းထိတဲ့ အသံတွေ၊ စပီကာ က သီချင်းသံတွေ၊ တစ်ယောက်နဲ့တစ်ယောက် စနောက်နေကြတဲ့ အသံတွေနဲ့ ပွဲက စည်ကားလှပါတယ်။

ခေါင်းဖြူကြီးနဲ့ မိန်းကလေးတစ်ယောက်က ဖန်ခွက်ကိုယ်စီ ကိုင်ပြီး ခူးခူး ကို ကြည့်ကာ ဘာတွေပြောနေမှန်း မသိ။ ကိုကြီး သန်း တို့ ကျားနဲ့ဆင်ကိုလည်း တွေ့ရော ဝင်လုံးပြီး ဖမ်းချုပ်လိုက် ကြပါတယ်။

ဟသ်ာ နဲ့ ကိုထက် က ဦးထက်ဝေ ကို ဝင်လုံးပြီး ဖမ်းကြ ပါတယ်။

"ဟေ့ကောင်တွေ .. ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီး နဲ့ ဆင်ကြီး က ကိုကြီးစိုး တို့ လက်ထဲမှာ လူတွေ ရုတ်ရုတ်သဲသဲဖြစ်သွားတော့ ကိုကြီးစိုး က ခံ့ခံ့ညားညားနဲ့ အခုလို ပြောပါတယ်။

"ဘာမှ စိတ်မပူကြပါနဲ့တော့၊ ခူးခူး ကို သတ်ဖို့ ကြံရွယ်ခဲ့တဲ့ လူသတ်သမားတွေကို ကျွန်တော်တို့ လက်ရ ဖမ်းဆီးလိုက်ပါပြီ"

ဂျာကြီးက အပြေးလာရင်း …

"ဟာ .. မောင်စိုး .. မဟုတ်ဘူး"

"ဟာ .. ဂျာကြီး မသိပါဘူး"

ဟာသ်ာ က အတင်းလာဆွဲတဲ့ ဂျာကြီးကို တွန်းလွှတ်ပါတယ်။ အဖြစ်အပျက်က မြန်ဆန်တော့ ဦးထက်ဝေ ဘာပြောရမှန်း မသိ။ သဲသဲ လည်း ဘာတွေဖြစ်ကုန်မှန်း မသိတာကြောင့် ဟိုကြည့်ဒီကြည့်။ ကျားကြီး နဲ့ ဆင်ကြီးက ငိုသံပါကြီးနဲ့ …

"ဆရာကြီး .. ကယ်ပါ"

"ဘာကယ်ပါလဲ၊ အခုမှ လာကြောက်မနေနဲ့"

တင်သော် က ခေါင်းကို တစ်ချက်စီ ထုလိုက်ပါတယ်။ ခူးခူး လည်း ဦးထက်ဝေ အနားကို လျှောက်လာတော့ ဟာသ်ာ က ဂုဏ်ယူဝင့်ကြွားစွာနဲ့ …

"ခူးခူး ဘာမှမပူနဲ့တော့၊ ဒီလူက ရုပ်ဖျက်ထားတာ၊ ဒီမှာကြည့် .."





"ဟော့ .. မလုပ်နဲ့လေ"

ဦးထက်ဝေ တားပေမယ့် နောက်ကျသွားပါသည်။ ဦးထက်ဝေ ရဲ့ခေါင်းက ဆံပင်တုကို ဆွဲချွတ်ပြီး မျက်မှန်ကိုပါ ချွတ်ပြတော့ …

"ဒယ်ဒယ် .."

ခူးခူး ပါးစပ်အဟောင်းသား ..၊ မာမီထန် က အပြေးလျှောက်လာရင်း …

"ဒါပေါ့ .. အချက်မသိတော့ သမက်က ယောက္ခမကို တစ်မျိုးမြင် ဆိုတာလေ၊ ကိုကိုထက် .. ရှင်းပြလိုက်တော့တဲ့ .. လွှတ်လိုက်ကြပါ"

ဟာသ်ာ လည်း ကြောင်တောင်တောင်နဲ့ လွှတ်လိုက်ပါတယ်။

"ဟုတ် .. ဟုတ်ကဲ့"

ဦးထက်ဝေ သက်ပြင်းချရင်း …

"အခုမှတော့ မထူးပါဘူး၊ သမီး .."

"ရှင် .. ဒယ်ဒီ"

ဦးထက်ဝေ သဲသဲ လက်ကို ကိုင်ရင်း …

"ဒယ်ဒယ် စင်ကာပူသွားတာ မဟုတ်ပါဘူး၊ သူက သဲသဲတဲ့၊ သမီးလေးလေး ဦးဝင်းလွင် ရဲ့ ညီမပေါ့"

"လေးလေးညီမ"

ဦးထက်ဝေ ခေါင်းညိတ်ပြသည်။ လေးလေးက သဲတို



www.burmeseclassic.com

www.burmeseclassic.com



အဝင်အထွက် ရှိသူ။

"ပြီးတော့ ဒယ်ဒယ့်ချစ်သူ"

"ဟောတော် .."

အားလုံး ကျိတ်ရယ်မိကြပါသည်။ ခူးခူး လည်း ရယ်ချင်လာပါတယ်။

"ကားပေါ်မှာ သမီးကိုတွေ့တော့ ဒယ်ဒယ်လည်း ဘာလုပ်ရမှန်း မသိတာနဲ့ သဲသဲ နဲ့ မန်မီထာ .. အဲလေ .. မာမီထန်က အခုလို ရုပ်ဖျက်နိုင်းတာ"

အဖြစ်အပျက်တွေကို အခုမှ သဘောပေါက်သွားကြပါတယ်။ ဟသ်ာ က ...

"ဒါဆိုရင် ဘီယာဆိုင်မှာပြောတဲ့ ခူးခူး ကို ပင်လယ်စာ ကျွေးပစ်မယ်ဆိုတာက .."

ဦးထက်ဝေ ပြုံးလိုက်ရင်း ဂျာကြီး ကို မေးဆတ်ပြတော့ ဂျာကြီးက အခုလို ရှင်းပြပါတယ်။

"အန်ကယ်နဲ့ ငါက သိတာကြာပြီ၊ အန်ကယ်လာရင် ဒီမှာ တည်းတာလေ၊ ပြီးတော့ အန်ကယ့်အရှုပ်တွေလည်း ငါသိတယ်၊ အမှန်က မင်းတို့ ဒီည ပါတီပွဲ နှုတ်ဆက်ပွဲဆိုပါတော့၊ ဒီပွဲမှာ ပင်လယ်စာနဲ့ဧည့်ခံတာက အန်ကယ့်အစီအမံကွ"

"အဲဒီလို .."

ကိုကြီးစိုး တို့ ဘယ်လိုတောင်းပန်ရမှန်း မသိတော့။ ဟသ်ာ





သည်း ယောက္ခမလောင်းကို အားနာမိတာကြောင့် ...

"အန်ကယ် .. ကန်တော့နော်"

"ရပါတယ်ကွာ .. မသိလို့ မှားမိတာပဲ၊ သမီး ဒယ်ဒယ့်ကို သဘောတူလားဟင်"

ဦးထက်ဝေ စိုးရိမ်စိတ်နဲ့မေးတော့ ခူးခူး ရယ်ချင်မိသည်။ ဒယ်ဒယ့်အားက ဒယ်ဒယ့်ချစ်သူကလည်း မျက်နှာငယ်လေးနဲ့ သူ့ကို ကြည့်နေတော့ ...

"ဒယ်ဒယ်ရယ် .. သမီးသဘောတူပါတယ်၊ သမီးကို ဒီအရွယ်အထိ တစ်သက်လုံး စောင့်ရှောက်လာတာ၊ အစောကြီး အတည်းက ပြောပြရမှာကို .."

"တကယ် .. ဝမ်းသာလိုက်တာ..နော် သဲသဲ"

"ဟာ .. ဦးထက်ကလဲ .. ကလေးတွေရှေ့မှာ"

ဦးထက် က လှမ်းဖက်တော့ သဲသဲ ရှက်သွားသည်။ အားလုံးက လက်ခုပ်တီး၊ လက်ခေါက်မှုတ်သူတွေနဲ့ ဆူညံသွားပါတယ်။

"ဒယ်ဒယ် .. စေ့စပ်ထားတဲ့သူကို သမီး မယူဘူးနော်"

ခူးခူး က အခွင့်အရေးရတုန်း ပြောတော့ ဦးထက်ဝေ က မတည်တည်နဲ့ ...

"မယူလို့ မရဘူး သမီး၊ ယူကိုယူရမယ်"

ဟသ်ာ မျက်နှာငယ်သွားသလို အားလုံး တိတ်ဆိတ်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ခူးခူး ရဲ့ငိုတော့မယ့်ပုံစံကြောင့် ဦးထက်ဝေ နဲ့ သဲသဲ
က ရယ်သည်။

"သမီး ခူးခူး .. သမီးနဲ့ စေ့စပ်ပေးမယ့်သူက ဟသ်ာ ဖဲ
လေ"

"ရှင်!..."

မော်ဆန်တဲ့ လှည့်စားမှုတွေနဲ့ သူတို့ဇာတ်လမ်းက အံ့ဩ
စရာ။ အားလုံးက ရှုပ်ထွေးလွန်းတဲ့ ခူးခူး တို့ ဇာတ်လမ်းကြော
တဟားဟားနဲ့ ရယ်လို့မဆုံး။ အန်တီစပ်စု က မျက်ရည်ထွက်
အောင် ရယ်ရင်း ....

"အံ့လည်း အံ့ဩပါရဲ့၊ စေ့စပ်ထားတဲ့သူအချင်းချင်း မြင်
လည်း မမြင်ဖူးဘဲနဲ့ မကြိုက်လို့ ဒီကိုလာတယ်၊ ဒီရောက်တော့
ရည်းစားဖြစ်သွားရော"

ဟသ်ာ နဲ့ ခူးခူး တစ်ယောက်ကိုတစ်ယောက် အပြုံးကိုယ်စီ
ကြည့်ရင်း အခုမှ စိတ်အေးသွားကြပါတယ်။ စန္ဒီ က မိနိုး ကို
ခပ်တိုးတိုး မေးသည်။

"အားမကျဘူးလား"

စန္ဒီ့ စကားကြောင့် စန္ဒီ့ ကို ဆွဲဆိတ်ရင်း မိုးဆွေ ကို
ဖျတ်ခနဲ လှမ်းကြည့်တော့ မိုးဆွေ က သူမကို ငေးကြည့်နေသော
ကြောင့် ကမန်းကတန်း မျက်နှာပြန်လွှဲလိုက်ရသည်။

"ကဲ .. ကဲ .. ပျော်ပျော်ရွှင်ရွှင်နဲ့ ဒီပွဲကို နွှဲလိုက်ကြ





အောင်၊ ကဲ .. ဂျာကြီးရေ၊ လိုတာရှိရင် ကြိုက်သလောက် ချ
ပေးလိုက်ပါ"

"ဟေး .. ဒါမှ ဒယ်ဒယ်ကွ"

ဟသ်ာ ရဲ့အော်သံကြောင့် ဦးထက်ဝေ မျက်နှာ ရှုံ့မဲ့သွားပါ
တယ်။ ဂျာကြီးက အောင်မြင်ခဲ့ညားတဲ့အသံနဲ့ ...

"ဒုတိယအစီအစဉ်အနေနဲ့ အထူးကံစမ်းမဲကို နှိုက်ဖို့ ဖြစ်
ပါတယ်"

"လာ .. ငါ အရင်နှိုက်မယ်"

အန်တီစပ်စု က ဂျာကြီးဆီ လာပြီးပြောတော့ ဂျာကြီးက
ရယ်ရင်း ...

"ဖြည်းဖြည်း အန်တီ၊ ဒါပေမယ့် အန်တီတို့ ဒီပွဲကို ဝင်ပါ
ခွင့် မရှိပါဘူး"

"အောင်မာ .. ငါက ဘာလို့မပါရတာလဲ"

ဂျာကြီးက ခပ်ပြုံးပြုံးနဲ့ ...

"တကယ့်ချစ်သူရည်းစားအစစ်မှသာ ဝင်ရောက် ကံစမ်းနိုင်
ပါတယ်၊ ဗလာမပါဘူးနော်"

ဂျာကြီးစကားကြောင့် ကျားကြီးက ...

"ဆင်ကြီး .. မင်း ငါ့ရည်းစားလုပ်မလား"

"အောင်မာ .. ဘာလို့လုပ်ရမှာလဲ"

ဂျာကြီးက အားလုံးကြားအောင် အော်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မေတ္တာရှိရင် အခုချက်ချင်း အပြေးတောင်းပြီး လာစာရင်းသွင်းလို့ ရတယ်နော်၊ အချိန် ဆယ့်ငါးမိနစ်ပဲ ပေးမယ် ယောကျ်ားလေးတွေ စာရင်းလာပေးပါ"

ဂျာကြီးဆီ ဟိုတယ်မှာ လာတည်းကြတဲ့ ဖနီးမောင်နှံတွေ အပြေးအလွှား လာရောက် စာရင်းပေးကြပါတယ်။ မိုးဆွေ မြတ်နိုး ကို ငေးကြည့်နေသည်။

ဝေသူ က ရှုပ်ပုပ်နဲ့ ...

"သေဟာ .. အတွဲမရှိတာ နာလိုက်တာ"

နန္ဒာ ကလည်း အောင့်သက်သက်နဲ့ ...

"အေးဟယ် .. ဒီလိုမှန်းသိရင် ငါ့ရည်းစား အောင်အောင် ကို ခေါ်လာခဲ့ပါတယ်"

ကိုထက် က တင်သော် ကို မြှောက်ပေးသည်။

"ဟော့ကောင် .. မင်း ဝေသူ ကို ကြိုက်လှချည်ရဲ့ဆို၊ ဒီ အချိန် အခွင့်ကောင်းပဲ"

"ဖြစ်ပါ့မလား"

"မသကာ ပါးရိုက်ခံရရုံပေါ့ကွာ"

"အမ် .."

"အလကားစတာပါ.. ခေါင်းကွဲရုံလောက်ပဲ၊ သွားစမ်းပါ"

တင်သော် စပ်ဖြဲဖြဲနဲ့ ဝေသူ အနား လျှောက်လာရင်း ရှေ့လည်းရောက်ရော .. မြုန်းခနဲ ဒူးထောက်လိုက်တော့ ...





"အမလေး .. ကိုရီးယား"

ဝေသူ လန့်ဖျပ်သွားတာကြောင့် တင်သော့် ကို မျက်စောင်းထိုးလိုက်သည်။

"ဝေ .. ကိုယ် မင်းကို ချစ်မိနေပြီ၊ ကိုယ့်ကို ကံစမ်းခွင့်ပြုပါ"

အားလုံး သူတို့အတွဲကို ပွဲကျနေကြသည်။ ဝေသူ ကလည်း ရှက်ကိုးရှက်ကန်းနဲ့ မိန်းကလေးဆိုတော့ ဣန္ဒြေလေးနဲ့ ငြင်းပါတယ်။

"သွားစာရင်းပေးလိုက်လေ"

"ဟောတော့ .."

"ဒါမှ ငါ့ရည်းစားကွ"

တင်သော် ထခုန်ပြီး စာရင်းပေးရန်ထွက်သွားတော့ မင်းနိုင် က နန္ဒာ ကို လှမ်းနောက်သည်။

"နန္ဒာ .. နင်လည်း ကံစမ်းချင်လား"

"အေး .. ဆုတွေကတော့ စားရမယ်၊ တုတ်ရမယ်၊ ဖိနပ် ရမယ် .. ဘာကြိုက်လဲ"

"တော်ပါပြီ၊ နှိုက်ချင်တော့ဘူး"

ဟသာ တို့အုပ်စု မင်းနိုင် ကို ကြည့်ပြီး ရယ်ကြသည်။ ဦးထက်ဝေ က သဒ္ဒါမိုး နဲ့ အန်တီစပ်စု ကို လှမ်းခေါ်ပါတယ်။

"ဒီပွဲကို မင်းသမီး သဒ္ဒါမိုး နဲ့ အန်တီစပ်စု က ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင် လုပ်ပေးပါလား''

''လာထားလေ၊ ကဲ .. သဒ္ဒါ ထ ...''

သဒ္ဒါ နဲ့ အန်တီစပ်စု က ဦးထက်ဝေ တို့အနားကို ပြောင်းထိုင်ကြသည်။ ဂျာကြီးက သဒ္ဒါမိုး ကို နာမည်စာရင်းစာရွက်နဲ့ မိုက်ခရိုဖုန်းကို လှမ်းပေးလိုက်ပါတယ်။ သဒ္ဒါမိုး က မတ်တတ်ရပ်ပြီး စာရင်းစာရွက်ကို ကြည့်ကာ ...

''ကဲ .. စမယ်၊ နံပါတ်တစ်အတွဲက ဦးထုံ နဲ့ ဒေါ်ချယ်ရီဦး ဖြစ်ပါတယ်၊ အားလုံးရဲ့အလယ်ကို ကြွပါ''

အသက်လေးဆယ်အရွယ် ဦးထုံ နဲ့ ဒေါ်ချယ်ရီဦး တို့စုံတွဲက အားလုံးရဲ့အလယ်မှာ လာရပ်သည်။ ဦးထုံ က ဂျာကြီးကိုင်ထားတဲ့ ဖလားထဲက မဲလိပ်ကိုနှိုက်ပြီး သဒ္ဒါမိုး ကို လာပေးသည်။ အန်တီစပ်စု က မဲလိပ်ကို ဖြည်သည်။

''ဟုတ်ကဲ့၊ EVD စက်တဲ့ရှင့်''

အားလုံး လက်ခုပ်တီးကြသည်။ သဒ္ဒါမိုး က အရွှန်းဖောက်သည်။

''ဟုတ်ကဲ့ .. ဒီပွဲကို စပွန်ဆာပေးထားတာက ချောင်းသာက ကိုငါးမန်း နဲ့ ဒေါ်လင်းပိုင် တို့ ဖြစ်ပါတယ်၊ စတာနော်.. ဒီပွဲရဲ့ ကျွေးမွေးစရိတ်ကို အန်ကယ်ထက် က တာဝန်ယူပြီး ကံစမ်းမဲကိုတော့ ရန်ကုန်ရုံးချုပ်ဖြစ်တဲ့ (As Usual) ကုမ္ပဏီရဲ့ Privilege Hotel ပိုင်ရှင်က တာဝန်ယူပါတယ်၊ ဖုန်းနံပါတ်





ကတော့ 500005 နဲ့ 119 တို့ဖြစ်ပါတယ်''

နန္ဒာ က တကယ်ထင်ပြီး ...

''၅၀၀၀၀၅ က ဘယ်သူ့ဖုန်းလဲ''

စန္ဒီ က ရယ်ရင်း ...

''ဆက်ကြည့်လေ .. ဆေးရုံကြီးတော့ ရောက်မှာပေါ့''

''ဖွဟဲ့ .. လွဲပါစေ''

ဝေသူ တို့က ရယ်သည်။ ပွဲက ပြန်စပါပြီ။ သဒ္ဒါမိုး က နံပါတ်စဉ်အလိုက် စုံတွဲတွေကို ခေါ်ပါတယ်။ ကောင်းကြိုက် နဲ့ နီလာအတွဲ၊ မောင်မောင်ထွန်း နဲ့ ဒေစီကျော်လင်း၊ ထူးထူးဆန်းဆန်း အင်္ဂလိပ်စုံတွဲတစ်တွဲ ပါလာပါတယ်။ i MAX နဲ့ CNC တဲ့။ ပြီးတော့ ဟာသီ တို့ အတွဲ၊ ကိုထက် တို့အတွဲ စသဖြင့်ပေါ့။

''ကဲ .. နောက်ဆုံးအတွဲကို ကြေညာပါမယ်၊ ဟင်!...''

သဒ္ဒါမိုး ရဲ့ အံ့သြသံကြောင့် အားလုံး စိတ်ဝင်စားသွားပါတယ်။

''အားလုံး အံ့သြသွားမယ် ထင်တယ်၊ မိုးဆွေ နဲ့ မိနိုး တို့ အတွဲပါတဲ့ရှင်''

လက်ခုပ်သံတွေ မကြားရ၊ မသိတဲ့လူအချို့ကတော့ လက်ခုပ်တီးကြသည်။ မြတ်နိုး မထင်မှတ်တဲ့ဖြစ်ရပ်ကြောင့် ကျောင်ရှုပ်တစ်ရပ်လို ..။

''မိုးဆွေ နဲ့ မိနိုး .. ဘယ်သူစာရင်းပေးတာလဲ''



www.burmeseclassic.com

"မသိဘူးလေ .."

ရက်စိတ်က လူကို ထူပူစေပါတယ်။ တစ်ယောက်တစ်ပေါက် ပြောဆို ငြင်းခုန်သံတွေကြားမှာ သူမ ..။

"ဟယ် .. မိနိုး ထသွားပြီ"

လက်ခုပ်သံတွေ ကြားရပါတယ်။

မိုးဆွေ က ပါးစပ်အဟောင်းသားနဲ့ တွေတွေကြီး သူမကို ကြည့်နေပါတယ်။ သူမ အလှဆုံး ပြုံးလိုက်သည်။ မိုးဆွေ ယောင်ပြီး ပြန်ပြုံးအပြ ...

"ဖြန်း .."

"ကဲ .. မှတ်ပြီလား"

သူမရဲ့ရိုက်ချက်ကြောင့် မိုးဆွေ ရဲ့ပါးတစ်ဖက် ရဲတက်သွားပါတယ်။

"နင့်ကို ငါက ချစ်သူအဖြစ် လက်ခံမှာတဲ့လား၊ ဒီကမ္ဘာမှာ နင့်လောက်မုန်းတဲ့သူ ငါ့ဘဝမှာ မရှိဘူး မိုးဆွေ"

သူမ ဘာကြောင့် မျက်ရည်တွေကျလာတာလဲ .. သူမ မသိ။ အားလုံး တိတ်ဆိတ်သွားသည်။ အုန်းလက်ကို လေတိုးသံတွေ၊ ကမ်းခြေမှ လှိုင်းရိုက်သံတွေက ပျံ့လွင့်နေသည်။

မိုးဆွေ ရဲ့ အံ့အားသင့်တဲ့မျက်နှာက တဖြည်းဖြည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြုံးလာပြီးနောက် ရယ်ချလိုက်တဲ့အသံ။ ပြီးတော့ မျက်ဝန်းထဲမှာ မျက်ရည်စတွေ ..။





"အေး .. ငါကတော့ မင်းကို ပြောမပြတတ်အောင် ချစ်တယ် မိနိုး၊ ပြောပါဦး .. ငါချစ်တဲ့အချစ်က မင်းကို ထိခိုက်နာကျင်စေတဲ့ မားလုံတွေပါလို့လား၊ ငါလည်း လူပါဟာ၊ ချစ်ခွင့်ရှိပါတယ်"

"မပြောနဲ့ .."

သူမ ကျုံးအော်လိုက်သည်။

"ပြောရမယ် မိနိုး၊ ဒီစကားတွေနဲ့ ဒီနေ့ဟာ နင်နဲ့ငါအတွက် နောက်ဆုံးပါ၊ လွန်ခဲ့တဲ့နှစ်တွေကတည်းက နင့်ကိုငါ စက္ကန့်မပြတ်ချစ်နေခဲ့တာပါ"

သူမ ရှိုက်ငိုရင်း မိုးဆွေ ကို ငေးကြည့်နေမိသည်။

"အေး .. ငါ နင့်ကိုမချစ်ဖို့ တားချင်တယ်ဆိုရင် .."

မိုးဆွေ ပင်လယ်ရှိရာကို လက်ညှိုးထိုးပြလိုက်ပြီး ...

"ဒီပင်လယ်ရေတွေနဲ့ ဒီသောင်ပြင်က သဲတွေကုန်မှ တားလို့ရလိမ့်မယ်"

မိုးဆွေ လှည့်ထွက်သွားတော့ ဟံသာ တို့က လှမ်းခေါ်သည်။

"မိုးဆွေ .. ဟေ့ကောင် .."

တင်သော် နဲ့ မင်းနိုင် က မိုးဆွေ နောက်ကို ပြေးလိုက်သွားပါတယ်။ ပျော်ရွှင်မှုမရှိတော့တဲ့ ပါတီပွဲက ခြောက်သွေ့သွားပါတယ်။ ဟံသာ မိနိုး ကို နာနာကျင်ကျင် ကြည့်မိရင်း ..

"ကျွန်တော့်သူငယ်ချင်းက မိန်းမတစ်ယောက်ကို မချစ်ရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ဥပဒေထုတ်ခံထားရတဲ့လူလား .. ပြောပါဦး မိနိုး"

"လာပါကွာ .."

ကိုထက် က အတင်းဆွဲခေါ်သွားသည်။

အားလုံးတိတ်ဆိတ်နေချိန်မှာ စုံတွဲတစ်တွဲ အပြေးအလွှာ ရောက်လာသည်။ ကောင်လေးက ပြောသည်။

"ကျွန်တော်တို့ ကံစမ်းမဲ မနှိုက်ရသေးဘူး၊ ပြီးသွားပြီလား"

ဂျာကြီးက ပွဲမပျက်အောင် ထိန်းထားချင်တာကြောင့် ...

"ညီလေးတို့စုံတွဲနာမည်က ..."

ကောင်လေးက ရယ်ရင်း ...

"မိုးဆွေ နဲ့ မိနိုး .."

"ဟာ!..."

"ဟင်!..."

အံ့သြသံတွေ အစီအရီ ထွက်လာပါတယ်။ ပြီးတော့ မိနိုး ကို ဝိုင်းကြည့်ကြတဲ့မျက်လုံးတွေ ..။ ဒီတစ်ကြိမ် မြတ်နိုး ရှုံး ခဲ့ပါပြီ။ မျက်ရည်တွေ စိမ့်ထွက်ယိုကျရင်း ကောင်လေးကို အဓော တကော မေးမိပါတယ်။

"မောင်လေးတို့နာမည်က ..."

ကောင်မလေးက နှုတ်သွက်သွက်နဲ့ ဝင်ဖြေပါတယ်။

"အမှန်က သူ့နာမည်က မိုးဆွေအောင်၊ ညီမလေးနာမည်က ချစ်စနိုး၊ ဒါပေမယ့် အားလုံးက မိုးဆွေ နဲ့ မိနိုး ပဲ ခေါ်ကြတာ"





ဂျာကြီးက ခေါင်းညိတ်ရင်း ...

"ဟုတ်တယ်ဟ .. ငါ အခုမှ မှတ်မိတာ၊ အဲဒါကြောင့် မိုးဆွေ ငါ့ကို စာရင်းလာမပေးပါဘူးလို့"

သဒ္ဒါမိုး က သက်ပြင်းချရင်း ...

"မိုးလေး တော့ အတော်ရှက်သွားမှာပဲ"

အန်တီစပ်စု ကလည်း ...

"ရှက်မှာပေါ့ မင်းသမီးရယ်၊ ဒီလောက်လူအုပ်ကြားထဲမှာ"

မိနိုး အဲဒီနေရာမှာပဲ ဒူးထောက်ထိုင်ချပြီး တသိမ့်သိမ့် ရှိုက်ငို တော့ ခူးခူး တို့ ပြေးလာကာ ...

"မငိုပါနဲ့တော့ဟယ်၊ ပြီးတာလည်း ပြီးပြီ"

"ဟင့်အင်း .. ငါ အရှုံးလွန်သွားပြီ"

"ဘာဖြစ်လဲဟယ် .. နင်က သူ့ကို မုန်းနေတာပဲ၊ ထား လိုက်တော့"

"ဟင့်အင်း .."

မျက်ရည်တွေနဲ့ မိနိုး ခေါင်းခါငြင်းလိုက်တော့ ခူးခူး တို့ ...လည်။ အဲဒီအချိန်မှာ တင်သော် နဲ့ မင်းနိုင် ပြေးလာပြီး ...ကြီးဟစ်ကျယ်နဲ့ ...

"ဟသ်ာ .. ဟာ!... လုပ်ပါဦး ကိုကြီးစိုး၊ ဟိုကောင် ...ဆွေ ဘုရားလေးဘေးက ကျောက်ဆောင်နဲ့ဝင်တိုက်မယ်ဆိုပြီး ...ဘီးတစ်စီးနဲ့ ထွက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!… ဒုက္ခပဲ"

သူမ ကမန်းကတန်း ထလိုက်ပါတယ်။

"အဲဒါမှ မိနိုး အမုန်းတွေ ပြေမှာတဲ့"

"ဟင့်အင်း .."

သူမ လှစ်ခနဲ ပြေးထွက်သွားတော့ …

"ဟဲ့ .. မိနိုး .. နေဦးလေ"

သူမ ဘယ်သူ့စကားမှ မကြားတော့။ အားလုံးရဲ့ရယ်သံတွေ ကိုလည်း ကြားနိုင်မယ်မထင်။

သူမ သိတာက မိုးဆွေ ဆီ အမြန်ဆုံးရောက်ဖို့။

"ဒါရိုက်တာ မာမီထန် ကိုတော့ လေးစားသွားပြီဗျာ"

ဟာသံ့က အူလှိုက်သည်းလှိုက်ရယ်ရင်း မာမီထန်ကို လ ဆွဲ နှုတ်ဆက်တော့ …

"လေးမစားပါနဲ့ဟယ် .. ငါ့စားပါလား .. အဲ .. အဲ ငါးစားပါလား..လို့"

သဒ္ဒါမိုး က ပခုံးတွန့်ရင်း …

"ဒါ အားလုံးတော်လို့ပါနော်"

သဒ္ဒါမိုး စကားကြောင့် မိုးဆွေအောင် နဲ့ ချစ်စနိုး တစ်ဖြ ဇော်မင်းထိုက် နဲ့ ချစ်ယု တို့ စုံတွဲက …

"မသဒ္ဒါ .. တကယ်လို့ ကျွန်တော်တို့နာမည်က မိုး နဲ့ မိနိုး မဟုတ်တာ မမြတ်နိုး သိသွားရင်ရော .."





ကောင်လေးတို့စုံတွဲ အမေးကြောင့် ရှုးရှုး က …

"အဲဒီအချိန်လောက်ဆို နင့်ကို မိနိုး က ကျေးဇူးတင်နေ လောက်ပြီ"

"ကဲ .. ကဲ .. သူတို့အတွဲကို လွှတ်ထားလိုက်၊ ပွဲ ပြန် စ.ရအောင်"

ကိုထက် က ဘေးဘီကိုကြည့်ရင်း …

"တင်သော် နဲ့ မင်းနိုင် ဘယ်ရောက်သွားလဲ ဟာသံ့"

"အတွဲသွားချောင်းပြီလေ"

ဟာသံ့ စကားကြောင့် အားလုံး ဝိုင်းရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ .. အခုတော့ ရယ်လို့ မောလို့ ကြည်နူးလို့ ဖြစ်စကတော့ သူပဲ မုန်းလှချည်ရဲ့ဆိုပြီး ..."

တစ်အုပ်ကြီး မိုးဆွေ နဲ့ မြတ်နိုး ဘေးမှာ ဝင်ထိုင်ရ စနောက်ကြတော့ မိနိုး ရှက်ရှက်နဲ့ မိုးဆွေ ရင်ခွင်ထဲမှာ မျက် ကို ဖွက်ထားမိသည်။

BURMESE CLASSIC .com

တင်သော် က စပ်ဖြီးဖြီးနဲ့ ...

"ဟိ ဟိ .. ညက ရယ်ရတယ်၊ ဟိုကောင်က ဘီယာ ခွက်ကို ရေမရောဘဲ သောက်တယ်၊ ပြီးတော့ သူကိုယ်သူ သွားပြီဆိုပြီး ကျောက်ဆောင်ဘေးမှာ ပက်လက်ကြီးလှဲနေ အဲဒါကို မိနိုး က မိုးဆွေ သေပါပြီဆိုပြီး ဖက်ဖက်ပြီးတော့..."

"ကောင်စုတ်တွေ .."

မိနိုး ရှက်ရှက်နဲ့ တင်သော် တို့ကို သဲနဲ့ လှမ်းပက်စဉ်မှာ

"ဒီမှာ အန်ကယ်နဲ့ အန်တီ၊ ဒီကောင်ပဲ .. တွေ့လား





ဇေတိုးအောင် ရဲ့အသံကြောင့် ကမန်းကတန်း နောက်ကို ကြည့်ကြည့်ကြတော့ ...

"ဟင် .. ဖေဖေနဲ့ မေမေ"

"သမီး လာစမ်း"

မိနိုး ရဲ့မေမေ အန်တီကြီးက မိနိုး ကို အတင်းဆွဲခေါ်သည်။ ဇေတိုးအောင် ရဲ့ အဖေနဲ့အမေက မိနိုး ရဲ့ဖေဖေ အန်ကယ်ကြီး ကို..

"ကိုမြတ်ထွန်း .. ကျုပ် ပြောပြီးသားနော်၊ ကျုပ်သားကို သမီးနဲ့ မပေးစားဘူးဆိုရင် ခင်ဗျားနဲ့ကျုပ် အကျိုးတူ ပေါင်းထားတဲ့အလုပ်တွေကို ခင်ဗျား စွန့်လွှတ်ရလိမ့်မယ်"

ကျွတ်ထိုးကောင်က အူမြူးနေစဉ်မှာ ...

"မိနိုး ကို ကျွတ်ထိုးကောင်နဲ့ မပေးစားနိုင်ဘူး၊ ငါ မောင်မိုး သဘောတူတယ်"

အသံရှင်ကို အားလုံးလှမ်းကြည့်တော့ တစ္ဆေသရဲကိုမြင်သလို ပ်သွားသူတွေက ဇေတိုးအောင် ရဲ့ အဖေနဲ့အမေ။ ဇေတိုး င် က တင်းသွားပုံနဲ့ ...

"ဟာ!... ဒီအဘွားကြီး လာရှုပ်နေတယ်"

"သား .. မပြောနဲ့"

"မမ .. ဘယ်လိုကဘယ်လို .."

ဇေတိုးအောင် အဖေနဲ့အမေကလွဲရင် အားလုံးက နားလည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ မျက်လုံးတွေနဲ့။

"ငါ ပြောနေတယ်နော် .. ကလေးတွေကိစ္စ ဝင်မရှုပ်နဲ့ သွား .. အခုချက်ချင်း ပြန်"

"ဟုတ် .. ဟုတ်ကဲ့"

ဇေတိုးအောင် ရဲ့မိဘတွေက ဇေတိုးအောင် ကို အတင်းခေါ်တော့ ဇေတိုးအောင် ရှန်းရင်း ...

"သား ယူမယ်လေ၊ ဒက်ဒီ .. ယူမယ်လေ"

အားလုံးက ပြုံးစိပြုံးစိ။ သဒ္ဒါမိုး က ပြုံးရင်း ...

"ကဲ .. အန်တီဂရေ့စ်၊ အားလုံးသိအောင် ပြောပြလိုက်လေ"

BURMESE CLASSIC .com

အန်တီက အပြုံးနဲ့ ခေါင်းညိတ်ပြပါတယ်။

"ဒီက မိနိုး ရဲ့မိဘတွေလည်း စီးပွားရေးကိစ္စတွေ စိတ်မ[illegible] တော့ .."

"ဟုတ်ကဲ့ ခင်ဗျ"

"ဒီလိုကွယ့် .. အန်တီက ရန်ကုန်က As Usual နဲ့ [illegible] ဟိုတယ်ပိုင်ရှင်ပါ၊ ဒါကိုလည်း ဘယ်သူမှ မသိကြပါဘူး၊ ဂျာ[illegible] တောင် မသိဘူး၊ သိနေရင် နေရတာ မလွတ်လပ်လို့၊ ဒီ[illegible] အနားယူရင်း ဒီက သဒ္ဒါမိုး နဲ့ စီးပွားရေးကြော်ငြာ သာရိုက်[illegible] လေ၊ ကြော်ငြာရိုက်ကွင်းတောင် အန်တီ မသွားဘူး၊ ဝင်ငွက်[illegible] တယ်. ထင်မှာစိုးလို့ ..၊ ခုနက ဇေတိုးအောင် ရဲ့ အဖေနဲ့အ[illegible]





အခုလို စီးပွားရေးကောင်းလာတာ အန်တီ့ကြောင့်ပဲ၊ အခု ဆည်ပတ်နေတဲ့ ငွေရေးကြေးရေးက အန်တီ စိုက်ထုတ်ပေးထား တာ ဆိုပါတော့"

"အန်တီ့ကို ဇေတိုးအောင် က မသိဘူးလား"

အန်တီက ခေါင်းခါပြရင်း ...

"ကဲ .. တစ်လက်စတည်း တောင်းဆိုပါရစေ၊ ဒီကလေး နှစ်ယောက်ကို သဘောတူပေးပါလို့"

မိနိုး မေမေက မိနိုး ဖေဖေကို ပြုံးကြည့်ရင်း မေးဆတ် သည်။ မိနိုး ဖေဖေက ...

"ကောင်လေးက ဘာလုပ်တယ်၊ ကျွန်တော်က အခုမှ သိတော့ .."

အန်တီစပ်စု က လက်ကာပြရင်း ...

"မောင်မိုး မေမေက ကျောင်းဆရာမတစ်ယောက်ပါ၊ အဖေ က ဆုံးသွားပါပြီ၊ လတ်တလောတော့ ဟိုတယ်က စားပွဲထိုးပေါ့၊ [illegible]မယ့် ရန်ကုန်ပြန်ရောက်ရင် As Usual ကုမ္ပဏီက ကျွန်မရဲ့ [illegible]ရေးကိုယ်တာ အတွင်းရေးမှူးပေါ့"

"ဗျာ!..."

မိုး[illegible] ကိုယ်တိုင်တောင် အံ့ဩသွားပြီး ပါးစပ်အဟောင်း [illegible] ..။

"ဟော .."



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လက်ခုပ်တီးကြပါသည်။

မိနီး ဖေဖေနဲ့မေမေလည်း အလိုက်တသိ ရှောင်ပေးကြတော့ အားလုံး မိုးဆွေ နဲ့ မြတ်နိုး ကို ဝိုင်းဖက်ကြသည်။

အခုတော့ ပင်လယ်ဟာ ကျိန်စာဆိုးတွေကို သကြ်န်ဆိုတဲ့ ဂါထာတစ်ပုဒ်နဲ့ မောင်းထုတ်နိုင်ခဲ့ပါပြီ။

အဝါရောင်အိပ်မက်တွေကို ပိုင်ဆိုင်ခွင့်ရတဲ့ကောင်လေးတစ်ယောက် ဒီသကြ်န်ကို ဘယ်တော့မှ မေ့နိုင်မယ်မထင် ..။

ဒီနိုင်းခ

BURMESE CLASSIC .com



www.burmeseclassic.com